စိတ်ကူးချိုချိုအနုပညာ

# ခင်နှင်းယု

# နွေနှောင်းရွက်ကျန်

မဂ္ဂဇင်းဝတ္ထုရှည်များ



နွေနှောင်းရွက်ကျန်၊
ကျွန်းဧကရီ၊ မိန်းမရိုင်း၊
ချစ်လှချည်ရဲ့ မစန္ဒာ၊ သရဖူ

mgyoe.com

# ခင်နှင်းယု မဂ္ဂဇင်းဝတ္ထုရှည်များ

နွေနှောင်းရွက်ကျန်၊ ကျွန်းဧကရီ၊ မိန်းမရိုင်း၊
ချစ်လှချည်ရဲ့ မစန္ဒာ၊ သရဖူ

KHY0003
3,500.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို၊
၂၀၁၃၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၅၀၀ ကျပ်

၀၉၅.၀၃

နွေနှောင်းရွက်ကျန်မဂ္ဂဇင်းဝတ္ထုရှည်များ
ခင်နှင်းယု၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၃၁၆ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) နွေနှောင်းရွက်ကျန်မဂ္ဂဇင်းဝတ္ထုရှည်များ

mgyoe.com

mgyoe.com

# နွေနှောင်းရွက်ကျန်
မဂ္ဂဇင်းဝတ္ထုရှည်များ


| | |
|---|---|
| နွေနှောင်းရွက်ကျန် | ၁ |
| ကျွန်းကေရီ | ၇၁ |
| မိန်းမရိုင်း | ၁၂၃ |
| ချစ်လှစွာချည်ရဲ့ | ၁၆၅ |
| မစန္ဒာ | ၂၁၅ |
| သရဖူ | ၂၆၅ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရွှေနှောင်းရှက်ကျန်

## (၁)

ချင်းတောင်၏ ဆောင်းညသည် ရက်စက်စွာ အေးလှသည်၊

တောင်တန်းများပေါ်မှ ကျော်ဖြတ်လာသော လေကလည်း အရိုးခိုက်မျှ အေးလွန်းလှသည်၊

ဖလန်ဆေးရုံ မှန်ပြတင်းပေါက်မှ ကြည့်ပါက ချင်းတောင်ဆောင်းညကို ရှိုးရိပ်မျှ မြင်နေရသည်၊ ကပ္ပတိန်ကျော်မင်းသည် ခြောက်ကပ်အေးစက်လှသော ထိုဆောင်းညကို ငြီးငွေ့လှသည်၊ သို့သော် နက်ဖြန်ဆိုလျှင် သူ ဆေးရုံမှ ဆင်းခွင့်ရတော့မည်၊ ထင်းရှူးပင် ရွက်မွှားလေးများသည် လရောင်တွင် ဖြာ၍နွဲ့နေကြသည်၊ သူသည် ချင်းကပ္ပတိန်တစ်ယောက်နှင့် ခွင့်ရတုန်း လာလည်စဉ် ဖျားနေ၍ ဖလန် ဆေးရုံတွင် တက်နေရလေသည်၊

အေးစက်လှသော ထိုဆောင်းညကို ကုန်လွန်စေချင်လှပြီ၊ သူက မှေး၍ ခပ်မှိန်မှိန်ကျလာသော လရောင်ကို မက်မောစွာ ကြည့်နေမိသည်၊ တဖြည်းဖြည်းပင် တိတ်ဆိတ်ခြင်းသည် ရင့်ရော်လာ သလောက် လရောင်သည် သစ်လွင်စွာ တောက်ပလာသည်၊ သူသည် မှိန်းရာမှ လန်း၍လာ၏၊ ချစ် ဖွယ်ကောင်းသော ဂီတသည် သူ့ပတ်ဝန်းကျင်တွင် လွင့်၍နေပါပကော၊ ဂီတသည် သိမ်မွေ့၍ သီချင်းသံက လှိုက်လှဲလှသည်၊

"တိမ်ခြေငွေနှင်းပေါင်း.... ငွေနှင်းပေါင်း... ဝေစီစီ လေပြည်လေညင်း.... လုံနိုင်အောင်သာ... လောင်းပြန်တော့သာလေး... တဲ့မှ..... ပြောင်းရိုက်ကယ် ဆော်ခါသာ...."

သီချင်းသည် သူ့ကို ခေါ်နေ၏၊ သူသည် ခုတင်မှထ၍ ပြတင်းကို စမ်းသွားသည်၊ မှန်တံခါးကို ကိုင်၍ အပြင်မှ ဂီတရှင်ကို သူ ရှာမိသည်၊ သီချင်းပိုဒ်များသည် လွန့်၍လွန့်၍ လွင့်သွားကြသည်၊

"မိန်... ရာသီခါမို လသာခေါင်.. မြလွှာမှောင် တောင်ခိုးမြူ... ရွှေဖီဖူး ပေါ်ရော့မယ် လေလေ့... မေ့ရက်ကယ် နေနိုင်တယ်....."

mgyoe.com

mgyoe.com


ထင်းရှူးပင်အောက်မှ လက်ကိုမြှောက်ကာ ချစ်ဖွယ်ကောင်းသော နွေဦးည၏တေးကို တယောဖြင့် ဖက်၍ သီဆိုနေသော ဆရာမလေးကို သနားသွားမိသည်။ ဆရာမလေးမှာ မမြနိုင်ဖြစ်သည်။ ဖလန်ဆေးရုံတွင် ဗမာမဆို၍ သူတစ်ယောက်တည်းပင် ရှိသည်။ မမြနိုင်၏ မျက်လုံးသည် လရောင်တွင် တောက်ပနေသည်။ မျက်နှာက ဝင်းလဲ့လဲ့ဖြစ်နေသည်။ အသံက ကြေကွဲစရာကောင်းလှသည်။ မမြနိုင်အကြောင်းကို သူ လုံးဝမသိပေမင့် ယခု မမြနိုင်၏ ဂီတသည် သူ၏ဘဝကို တီးတိုးဖော်ပြောနေသလို ထင်လာရသည်။

သီချင်းနှင့် တယောသည် တိတ်၍သွားချေပြီ။ မမြနိုင်သည် တယောကိုပိုက်၍ ထင်းရှူးပင်ရိပ်တွင် ပျောက်၍သွားလေသည်။ ဆောင်းညသည် ပြန်၍တိတ်ဆိတ်နေပြန်သည်။ သူသည် ခုတင်ရှိရာသို့ လာ၍ ပျင်းပျင်းရိရိပင် ပြန်အိပ်လိုက်တော့သည်။

"ဗိုလ်ကျော်မင်း ထတော့လေ"

"ဟင်"

သူသည် လက်နှင့် လာပုတ်သူကို ဖယ်လိုက်ရင်း မျက်စိဖွင့်လိုက်သည်။ နေရောင်များသည် နှင်းမှုန်များကိုဖြတ်၍ ပြတင်းမှ လျှောကျနေသည်။

"ဘယ့်နယ် ကပ္ပတိန် လျင်းထန်၊ ကျုပ် နေမြင့်သွားတယ်ထင်တယ်"

ကပ္ပတိန်လျင်းထန်က ပြုံးရင်း "ဟုတ်တယ်၊ ခင်ဗျား သိပ်အိပ်ကောင်းတယ်ထင်တယ်၊ ဆရာဝန်ကြီးကရော မမြနိုင်ကရော ပြောတယ်၊ ခင်ဗျား အခြေအနေသိပ်ကောင်းလာပြီတဲ့ဗျ၊ ဒီနေ့ ကလေးထိအောင် ဆင်းနိုင်မယ်တဲ့၊ ဒါပေမင့် ကျုပ်ကတော့ လုံဘမ်းမှာ နားချင်သေးတယ်၊ ပြီးတော့ ဆရာမ မမြနိုင်လဲ ခွင့်ရလို့ ကလေးထိ လိုက်မယ်တဲ့"

"အို.. မမြနိုင်လား"

ကျော်မင်းသည် စိတ်ဝင်စားစွာမေးရင်း ထလိုက်သည်။

"ကောင်းတယ်ဗျာ၊ ညက မမြနိုင်ရယ် ကျုပ်တွေ့လိုက်တယ်"

"ဗျာ.. ဘယ်မှာလဲ၊ ညကြီးမှာ ခင်ဗျားနဲ့ တွေ့လား"

"မဟုတ်ဘူးလေ၊ ဒီလို ညက ထင်းရှူးပင်အောက်မှာ မမြနိုင် တယောထိုးနေတာကို ကျုပ်တွေ့တာ ပြောတာ၊ ခင်ဗျားကတော့ ချင်းဆိုတော့ ဗမာ့ဂီတကို အရသာခံတတ်မှာမဟုတ်ဘူး၊ ကျုပ်တော့ ညကဖြင့် မမြနိုင်ဂီတနဲ့ မမြနိုင်ရုပ်ကို (စာမသဲကွဲ) တော့ဘူး"

"ကဲ ကဲ.. ဒီနေ့တစ်နေ့လုံး ခရီးအတူသွားရမှာ၊ သူ အဆင်သင့်ပြင်ပြီး စောင့်နေတယ်ဗျာ၊ လာ.. ခင်ဗျားပစ္စည်းတွေလဲ အဆင်သင့်ပဲ"

ကျော်မင်းသည် အိပ်ရာမှထ၍ အဝတ်အစားများကို ပြင်ဆင်ဝတ်ကာ ကပ္ပတိန် လျင်းထန်နှင့် အတူ ဆေးရုံမှ ထွက်လာခဲ့လေသည်။ သူတို့သည် ဆေးရုံဝင်းအတွင်းရှိ မမြနိုင်အိမ်သို့ ရောက်လာကြသည်။ မြင်းများမှာ ပစ္စည်းအပြည့်အစုံ တင်ပြီးဖြစ်နေလေသည်။ ချယ်ရီပင်အောက်မှာ မမြနိုင်ကို

mgyoe.com

mgyoe.com

သူတို့ တွေ့ရသည်။ သက္ကလပ်နက်ပြာ ဂါဝန်တိုနှင့် ဆွယ်တာအပြာရောင် လက်ရှည်ကို ဝတ်ထားသည်။ ပိုးပဝါအပြာနုကို ခေါင်းတွင် စည်း၍ထားသည်။

"ကဲ.. ကော်ဖီဝင်သောက်ပြီး သွားစို့လား"

မမြခိုင်က သူတို့အားခေါ်၍ အိမ်ထဲဝင်သွားသည်။ မမြခိုင်က အတော်ကိုဗိုလ်ဆန်နေပါသည်။ ကပ္ပတိန်ကျော်မင်းသည် ညက ဇမာဆန်သော ဂီတနှင့် မမြခိုင်ကို ယခုမနက် ဗိုလ် ဆန်သော မမြခိုင်နှင့်ယှဉ်ရင်း အံ့အားသင့်နေသည်။ သူသည် ညလယ်မှတေးကိုပဲ တွေးနေမိ သည်။ ဒါပေမဲ့ မမြခိုင်၏ တည်ကြည်တောက်ပသော မျက်နှာထားမှာ ကလေးကလား ပျံ့နှံ့ သော အမူအရာ လုံးဝမရှိပေ။ ကော်ဖီသောက်ပြီး မြင်းများရှိရာသို့ ထွက်လာကြသည်။ မမြခိုင်က သွက်လက်စွာ သူ့မြင်းပေါ်သို့ တက်ရင်း ရှေ့မှ စထွက်သည်။

"အို.. မမြခိုင် မြင်းစီးကျွမ်းကျင်သားပဲ"

ကျော်မင်းက တအံ့တသြ နောက်မှ လှမ်းပြောလိုက်သည်။

"ကျွန်မ စီးနေကျပဲ ဗိုလ်ကျော်မင်း၊ အားလပ်ချိန်ဆို ဒီရွက်ကြွေတောတွေထဲမှာ ကျွန်မအဖို့ မြင်းပဲ အဖော်ရှိတယ်"

သူတို့၏မြင်းသုံးစီးသည် ယှဉ်၍ထွက်လာသည်။

"တောပစ်သလား"

"ဘုရားရေ.. ဗိုလ်ကျော်မင်းရယ် ဒီလိုမဟုတ်ပါဘူး၊ သံသရာမှာ ကြောက်စရာကြီး၊ မလုပ်ရက်ပါဘူး"

ကျော်မင်းသည် မမြခိုင်၏ဒီလိုပုံမှ ထွက်လာသောစကားကို အံ့အားသင့်သွားပြန်သည်။

သူတို့သည် ချယ်ရီပန်းများနှင့် လှပသော ဖလန်မြို့တော်မှ ထွက်ခဲ့ကြသည်။ ဖလန်မြို့ပြင် ရောက်လေလေ လမ်းများမှာ ကျဉ်း၍ မြင်းသုံးကောင် တန်းလျက်မသွားသာတော့ပေ။ မမြခိုင်သည် ရှေ့ဆုံးမှ မှန်မှန်ပင် စီးသွားလျက်ရှိသည်။ သူတို့နှစ်ယောက်သည် စကားပြောရင်း နောက်မှ လိုက်လာကြသည်။ ခွင့်ရက်စေ့လှ၍သာ ပြန်ခဲ့ရသည်။ ကျော်မင်းသည် ဖလန်မှ မခွာချင်ပေ။ လျှင်းထန်အဖို့လည်း ဇာတိဌာနေမှ ထွက်လာခဲ့ရသည်ကို စိတ်မပါလှတော့ပေ။

ဖလန်သည် တောင်ကုန်းများပေါ်မှ ပတ္တမြားပွင့်လေး ဖြစ်သည်။ နီထွေးသောလမ်းများ ရစ်၍ ပတ်နေသော တောင်ပေါ်မြို့လေးဖြစ်လေသည်။ နေအတော်မြင့်လာပေမင့် အအေးဓာတ်မှာ မလျော့ သေးပါ။ လမ်းမသည် ပို၍ကြမ်းလာသည်။ မမြခိုင်သည် သူတို့ကို လှည့်၍ စကားမပြော။ သူ့မြင်းကိုသာ ခပ်သွက်သွက် မှန်မှန်ကြီးနှင်လျက်ရှိလေသည်။ နောက်ဆုံးမှ ပစ္စည်းများတင်လာသော မြင်းများကို ဆွဲလာသည့် ချင်းတောင်ပေါ်သားတစ်စုသာ သူတို့၏ တောင်ပေါ်တေးကို ညည်းလျက် လျှောက် လာကြသည်။

တစ်ခါတစ်ရံ မမြခိုင်သည် မြင့်မားသော တောင်တန်းကြီးများကို ငေးမျှော်ကြည့်နေတတ်လေသည်။ ကပ္ပတိန်လျှင်းထန်ကမူ မမြခိုင်ကို ဖလန်မြို့သားတစ်စုနှင့်တကွ လုံဘမ်း၊တီဒင်တို့မှ ချင်းအမျိုး

mgyoe.com

mgyoe.com

သားတို့ ချစ်ခင်ကြကြောင်းကို ဝမ်းသာအားရပြောလာသည်။ ကျော်မင်းကမူ ရှေ့ဆုံးမှ မမြခိုင်၏ လှုပ်ရှား သမျှအားလုံး သူ စိတ်ဝင်စားစရာချည်း ဖြစ်နေလေသည်။ တစ်ခါတစ်ရံ မမြခိုင်သည် တောင်ကြား လမ်းကွေ့လေးများတွင် ပျောက်၍ ပျောက်၍ သွားသည်။

"ဒီမှာ ကပ္ပတိန်လျှင်းထန်၊ မမြခိုင်ဟာ တောအတော်ကျွမ်းပုံရတယ်"

"အို.. သူ ဒီကိုရောက်နေတာ ငါးနှစ်လောက်ရှိနေပြီ။ ကိုကျော်မင်း... အရင်ကတည်းကလဲ ရှမ်းပြည်နယ်ဇာတိဆိုတော့ တောတောင်တွေမှာ သူ ကျင်လည်ပြီးသားပဲ၊ မမြခိုင်က ရှမ်းစပ်လို့ ပြောသံကြားတယ်၊ တစ်နှစ်မှာ တစ်ခါတော့ သူ ကောင်းကောင်းခွင့်ယူတယ်ဗျ၊ ဆရာဝန်ကြီးတွေကလဲ လိုက်လျောပါတယ်၊ လိုက်လျောဆို သူက နွေချိန်ရောက်ရင် တစ်ခါတည်း စာအုပ်တွေ ဆေးတွေနဲ့ ဖလန်က ဆင်းပြီး တာဝွမ်း၊ လုံဘမ်းတို့၊ ဖို့ပွိုက်တို့ ဖြတ်ပြီး တီဒင်အထိ ခရီးသွားရင်း ဆေးကုသွားတာပဲ၊ Camp (စခန်း) တွေမှာ နားတုန်းဆိုရင်တော့ သူ့ကို စာတစ်အုပ်နဲ့ သစ်ပင်အောက်မှာ တွေ့ရတာပဲ"

ကျော်မင်းသည် မမြခိုင်ကို ပိုစိတ်ဝင်စားသွားပြန်သည်။ အမှန်တော့ ပီးဇာပြင်နောက်မှ ရိုးရိုပ်မျှမြင်ရသော ရုပ်ပုံလွှာကို မချင့်မရဲသိချင်သလို မမြခိုင်၏ အတိတ်ကိုလည်း သူက ပို၍ စူးစမ်းချင်လာသည်၊ သူ့စိတ်ထဲမှာထင်သည်၊ မမြခိုင်ကလည်း သူမ၏အတိတ်ကို လုံးလုံးချည်း မစွန့်ပစ်၊ မသိမသာ ဝိုးဝိုးဝါးဝါးဖော်ရင်း လှုပ်ရှားနေပုံရသည်။ အတိတ်ကို စွန့်လိုက်သော ပုံမှာ၊ မေ့ပစ်လိုက်သောပုံမှာ မမြခိုင်လိုပုံ မဟုတ်ပေ။

"ခင်ဗျား မမြခိုင်ကိုသိတာ ကြာပြီလား လျှင်းထန်"

"သုံးနှစ်ရှိပြီဗျ၊ စစ်ပြီးတဲ့နောက်နှစ်က ကျုပ် ချင်းတောင်ပြန်လာတော့ ကျုပ်အမေ ဖလန်ဆေးရုံတက်ပြီး မမာနေလို့ အလာမှာ ကျုပ်နဲ့ တွေ့ရတာပဲ၊ တော်တော်လဲ ကြင်နာပါတယ်၊ ဒီတောင်တန်းက ချင်းစစ်ဗိုလ်တွေ ခရစ်ယာန်တွေကတော့ သူ့ကို Mother (မေမေ) လို့ပဲ ခေါ်ကြတယ်၊ ဘာပဲ ပြောပြောဗျာ အမေရိကန် သာသနာပြုတွေနဲ့ အင်္ဂလိပ်တွေ ချင်းတောင်က ခြေခွာသွားတဲ့နောက် ဗမာတွေ ရောက်လာတဲ့အထဲမှာ မမြခိုင်ဟာတော့ သာသနာပြုတွေခြေရာ နင်းနိုင်တယ်၊ တကယ်လဲ စေတနာရှိတယ်ဆိုတာ ပြနေတာပဲ"

ကျော်မင်းသည် လျှင်းထန်လှည့်ပြောသည်ကို မော်ကြည့်ရာမှ

"တခြားလူတွေကောဗျာ"

"တခြားလူတွေလဲ လာကြတယ်၊ ဒါပေမင့် ကျုပ် ရိုးရိုးသားသားပြောရရင် တချို့က စိတ်မသန့်ကြဘူး၊ ချင်းတောင်ကို Union (ပြည်ထောင်စု) ရဲ့ တစ်စိတ်တစ်ဒေသအနေနဲ့ စိတ်မထားသလိုဘဲ၊ တချို့ကောင်တွေဆို ရှုပ်တောင် သွားလိုက်သေးတယ်၊ တစ်ခါတလေတော့လဲ ဒီကောင်တွေ ပွေတာ ဘယ်လူကြီးတွေက သိမလဲ၊ မမြခိုင်တို့ ခင်ဗျားတို့လူစု တွေ့ရတော့လဲ ကျုပ်တို့ တောင်ပေါ်သားတွေက (ပြည်ထောင်စု) ကို ပိုလေးစားပြီး ပိုချစ်ပါတယ်ဗျာ"

ကျော်မင်းသည် လျှင်းထန်ကိုကြည့်ကာ ရယ်လိုက်သည်။ လျှင်းထန်သည် ချင်းတောင်မှာ မွေးသော်လည်း ဗမာပြည်မတွင် ကြီးသူဖြစ်၍ ဗမာလိုရည်မွန်လှလေသည်။

mgyoe.com

mgyoe.com

"ကပ္ပတိန်လျှင်းထန်၊ ကျုပ်က စစ်သားဆိုတော့ နိုင်ငံရေးစကားတော့ မပြောတတ်ဘူး၊ ဒါပေမင့် ကျုပ်တို့တိုင်းရင်းသားချင်း နီးစပ်ဖို့ကို သာသနာပြုသဘောမျိုးပေါ့ဗျာ၊ ကိုယ့်ဟာကို တောင်တန်းတွေ ဘက်ဆီ ဆင်းပြီး စုပေါင်းလုပ်ကြဖို့ ခုထိ စကားမစသေးဘဲ မြို့ထဲမှာ ကုန်းအော်နေတဲ့ ကျုပ်တို့လူငယ် တွေ ချို့ယွင်းချက်ကတော့ အတော်ကြီးတာပဲ၊ ဒါပေမင့်ဗျာ အခုမှ စ,ရတာကတော့ ဟိုတုန်းက အင်္ဂလိပ်တွေ ကြီးစိုးစဉ်ကဆို ခင်ပျားတို့ချင်းတောင်ကို ကျုပ်တို့ ခြေမချရဘူး၊ ဘုန်းကြီးတွေလဲ ဝင်ခွင့် မပြုဘူး၊ ခုမှ ရင်းရင်းနှီးနှီးဆက်ဆံရတော့ ကျုပ်တို့ နောက်ကျမှုကို ခွင့်လွှတ်ပေါ့ဗျာ"

လျှင်းထန်က ရယ်နေသည်။

တဖြည်းဖြည်း စကားပြောရင်း မဏိပူရမြစ်ကမ်းကို သူတို့ ရောက်လာကြသည်။ မမြနိုင်သည် ကြိုးတံတားထိပ်မှ သူ့မြင်းကို ဆွဲကာရပ်ရင်း သူတို့ကို စောင့်နေသည်။ မဏိပူရကမ်းပါးမှာ နေပူရှိန်ကို ကောင်းမွန်စွာ ရ၍ ပူအိုက်လှသည်။ စိမ်းညို့သော ရေပြင်ကြီးသည် ကျောက်တုံးကြီးများကို ထစ်ကာ ထစ်ကာ တစ်ဆင့်ဆင့် စီးနေသည်။

"သိပ်လှတာပဲနော် မမြနိုင်"

ကျော်မင်းသည် မြင်းပေါ်မှဆင်းရင်း မမြနိုင်ကို လှမ်းနှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် ဗိုလ်ကျော်မင်း၊ ဒီကအလှတွေကတော့ ချမ်းငြိမ်ပြီး ရိုးရိုးလေးပဲ"

သုံးယောက်စလုံး မြင်းများကို လွှတ်၍ ကြိုးတံတားကို ဖြတ်ကျော်လာကြသည်။ မြင်းများသည် နောက်မှ ချင်းများနှင့်အတူ လိုက်လာကြလေသည်။ မြစ်ကမ်းပါးမှ ကမ်းပါးချောက်ကြီးများမှာ မွဲ ခြောက်၍ မတ်စောက်လှသည်။ သူတို့သည် တစ်ဖက်ကမ်းမှ ခရီးဆက်ထွက်ရန် ပြင်နေကြပြန်သည်။ အားလုံး တစ်ဖက်ကမ်းထိပ်သို့အရောက်တွင် သူတို့အားလုံး ခရီးဆက်ကြပြန်သည်။ လမ်း တစ် လျှောက်လုံး ချင်းရွာကွက်ကျားများတွင် အင်္ဂလိပ် အမေရိကန်တို့၏လက်ရာဖြစ်သော Church ဘုရားရှိခိုးကျောင်းများကို တွေ့ရသည်။ ချင်းလူရွယ်များ အဘိုးအိုပါမကျန် မမြနိုင်ကိုမြင်လျှင် "Good morning mother" ဟူ၍ နှုတ်ဆက်ကြသည်။

ဘယ်လောက် အင်္ဂလိပ် အမေရိကန်တို့၏လက်ရာမှာ စွမ်းနေပါသလဲ၊ မမြနိုင်ကမူ လက်ကို ကမ်းပေးကာ ပြုံး၍ပြန်နှုတ်ဆက်တတ်လေသည်။

"မမြနိုင်ဟာ ခရစ်ယာန်လားဗျာ"

"မဟုတ်ဘူး ဗိုလ်ကျော်မင်း ဗုဒ္ဓဘာသာပဲ၊ ဒါပေမင့် သူက ဆရာဝန်ဗျ၊ ဘယ်ဘာသာတွေ ဘာ တွေ ရွေးနေမလဲ ဆက်ဆံတာပေါ့၊ ဘုရားရှိခိုးကျောင်းတက်တဲ့လူတွေပေမင့် သူက သွားပြီး ကျွေးမွေး နေတာပဲ၊ သူ့ ဘုန်းကြီးဆွမ်းကျွေးရင်လဲ ခရစ်ယာန်သော ဘာသော လာကြစားကြတာပဲ"

သူတို့အားလုံးသည် လုံဘမ်းသို့ ရောက်လာကြသည်။ လုံဘမ်းဗိုလ်တဲတွင် ထိုညအဖို့ အိပ်ရန် စီစဉ်ကြလေသည်။ မမြနိုင်ကမူ နေ့လယ်စာအတွက် စီမံ၍နေလေသည်။

လုံဘမ်းရွာလေးနှင့် ဗိုလ်တဲမှာ အနည်းငယ်လှမ်းလေသည်။ မကြာခင်ပင် မမြနိုင်စီစဉ်ပေး သော နေ့လယ်စာကို စားပြီး အပန်းဖြေနေကြလေသည်။ မမြနိုင်သည် နေ့လယ်စာစားအပြီးတွင်

mgyoe.com

mgyoe.com

လုံဘမ်းရွာဘက်ဆီသို့ ထွက်သွားတော့သည်။ ကျော်မင်းမြင်ရသလောက် မမြနိုင်သည် လူနာများ အပေါ် သွက်လက်ရင်းနှီးစွာ ဆက်ဆံသလောက် သူတို့နှင့် ဆက်ဆံပုံမှာ အေးစက်စက် ဘာသိ ဘာသာ နိုင်လွန်းလှလေသည်။

သူသည် နာလန်ထခါစ ဖြစ်သည့်အတိုင်း အိပ်ရာပေါ်တွင် လှဲနေသည်။ လျှင်းထန်ကတော့ သူ့အနားမှာ ထိုင်ကာ ချင်းပလွေတစ်ခုကို မှုတ်ပြနေလေသည်။ လုံဘမ်းရွာသည် ဖလန်ထက် အေး လေသည်။ ညနေစောင်းလျှင် မီးဖို၍ အနွေးထည်များကို ဝတ်ကြရသည်။ ညစာအတွက် မမြနိုင်က ကြက်သားဂေါ်ဖီကြော်နှင့် ကြက်ဥကြော် ပေါင်မုန့်များကို စီစဉ်ထားသည်။ ညစာစားပြီးချိန်တွင် ပတ် ဝန်းကျင်တစ်ခုလုံးသည် တိတ်နေသည်။ ဖွေးနသော နှင်းမှုန်များသာ မှိုင်း၍နေလေသည်။ ရွာနောက် ဘက် တောင်တန်းထိပ်မှ လသည် နှင်းမှုန်များကြားတွင် ခပ်မှိန်မှိန်ပဲ သာနေလေသည်။ ဖွင့်ထားသော ပြတင်းမှ ဝါဖျော့သော လရောင်မှာ ပြေပြေလျော့၍ ဝင်လာလေသည်။ သူတို့သုံးယောက်လုံး မီးဖိုနား မှာ ဝိုင်းထိုင်နေကြသည်။ မမြနိုင်သည် ပြတင်းကို မျက်နှာဆိုင်၍ လက်ပိုပဲ ငေးနေလေသည်။ မီးဖိုမှ မီးရောင်ဖြင့် မမြနိုင်မျက်လုံးများမှာ ဝင်းလက်စွာ တောက်ပနေလေသည်။

"မမြနိုင် တယောထိုးပါလား"

ကျော်မင်းက  စကားစ လေသည်။ မမြနိုင်သည် မဲ့ပြုံးပြုံးရာက "နေပါဦး ဗိုလ်ကျော်မင်းရယ်၊ ညဥ့်နက်မှပဲ ကျွန်မ တယောထိုးချင်တယ်"

"ကျွန်တော်တော့ ဒီည မအိပ်ချင်ဘူး၊ ပျင်းသလိုပဲ၊ နောင်လဲ ကျွန်တော်တို့ ဒီလိုဆုံဖို့ ခဲယဉ်း တယ် ဆရာမ၊ ကျွန်တော်လက်ထပ်ရင်တောင် ရန်ကုန်မှာပဲ လက်ထပ်မယ်၊ ချင်းတောင်ကို ပြန်ချိန်ရ မှာ မဟုတ်ဘူး" ဟု လျှင်းထန်က ပြောလိုက်သည်။

"ဒါဖြင့် အခု လာပြီး စေ့စပ်တာပေါ့"

"ဟုတ်တယ်၊ ရှေ့လဆို သူ့မိဘတွေနဲ့ ဖလန်က သူလာရင် ရန်ကုန်မှာ လက်ထပ်ကြမယ်"

မမြနိုင်သည် ငိုင်သွားသည်။ လွန်ခဲ့သော အတိတ်တစ်နေရာဆီသို့ သူ့စိတ်ကူးများမှာ ရောက် သွားတော့သည်။

"မမြနိုင် ရန်ကုန်ကို ဘယ်တော့လောက် လာမလဲ"

ကျော်မင်းက မေးလိုက်သည်။

မမြနိုင်သည် ဆတ်ခနဲ မော့လိုက်ရင်း "ကျွန်မလား ဘယ်တော့ ဘယ်တော့မှ မပြန်လာဘူး၊ အို.. တစ်သက် ရန်ကုန်ပတ်ဝန်းကျင်ကို ဘယ်တော့မှ မတိုးတော့ဘူး"

စကားသံမှာ ပြတ်ပြတ်သားသားနှင့် မာမာပင် ဖြစ်သည်။ ခဏချင်းပင် တစ်စုံတစ်ခု ထိခိုက် နာကြည်းလှသောအသွင်သို့ သူမမျက်နှာထားမှာ ပြောင်းလဲသွားရင်း ခေါင်းငိုက်စိုက် ချလိုက်တော့ သည်။

ကျော်မင်းကော လျှင်းထန်ပါ စိတ်ထိခိုက်သွားကြသည်။

"ခွင့်လွှတ်ပါ မမြနိုင်၊ စိတ်သိပ်ညစ်သွားသလား"

mgyoe.com

mgyoe.com

မမြနိုင်က ဘာမှမဖြေ။

"ရန်ကုန်ကို မတိုးလိုတော့တဲ့အကြောင်း ကျွန်တော်တို့ သိခွင့်မရဘူးလား မမြနိုင်၊ စပ်စုတယ်လို့လဲ မထင်ပါနဲ့၊ မမြနိုင်ကို ကြည့်ရတာ သီချင်စရာတွေ ပြည့်နေတဲ့ စာအုပ်ကို ကိုင်ထားရသလိုပဲ၊ ဖွင့်ဖတ်လို့လဲ မရဘူး၊ ဒီည နှုတ်ဆက်ပွဲအနေနဲ့ပဲဖြစ်ဖြစ် မမြနိုင်အကြောင်းတွေ မသိရဘူးလား၊ ပြီးတော့ ရန်ကုန်ကို မပြန်တော့ရင် မမြနိုင်အိမ်ထောင်ရေးကို မစဉ်းစားတော့ဘူးလား" ကျော်မင်းသည် နမြောသလို ရိုးသားစွာပင် မေးခွန်းထုတ်လိုက်သည်။

"ကျွန်မ.. အဒီပဲ ကပ္ပတိန် ကျော်မင်း"

သူတို့နှစ်ယောက်လုံးသည် မမြနိုင်အဖြေကြောင့် ငေးသွားကြသည်။ မမြနိုင်သည် ခပ်ဖျော့ဖျော့ဖြစ်သွားရင်း ကုလားထိုင်နောက်တန်းကို မှီလိုက်ကာ သူတို့နှစ်ယောက်အား အတိတ်သို့ ခေါ်သွားပါတော့သည်။

## (၂)

ကေရာဇ်၏ နန်းတော်များသည် ကြေမွပျက်စီး၍ ပဒေသရာဇ်ပလ္လင်များသည် လှုပ်ရှား ယိမ်းယိုင်စ ပြုလာလေသည်။

တစ်နေ့ကျလျှင် ပဒေသရာဇ်စနစ်ကို အပြုတ်တိုက်ရမည်ဟူသော မျိုးစေ့များ ရှမ်းအမျိုးသားတချို့၏ နလုံးသွေးဝယ် ပြန့်ပွားစပြုသော စစ်မဖြစ်ခင် သုံးနှစ်ခန့်အချိန်ပင် ဖြစ်လေသည်။

ရှမ်းစော်ဘွားဟောင်းအဘိုးသည် သူ့မြေးကိုကြည့်ရင်း လမ်းလျှောက်နေလေသည်။ ပြတင်းခန်းဆီးများလည်း လေတိုး၍ တဖျပ်ဖျပ်လှုပ်နေလေသည်။

"ဘဘပြောတာကို သမီးပဲ စဉ်းစား၊ သမီးမေမေကလဲ မြန်မာမဆိုတော့ ဟော်ထဲမှာ သိပ်မထွန်းကားနိုင်ဘူး၊ ဘယ်လိုပဲ မြတ်နိုးပေမင့် ရှမ်းမျိုးစစ်မှ မဟာဒေဝီဖြစ်နိုင်တယ်၊ ခုလဲ မိန်းကလေးက ဆုံးသွားရှာပြီ၊ မင်းရဲ့ဖခင် ရှိရင်လဲ မင်းအပေါ်မှာ အထူးဂရုစိုက်မှာပဲ၊ ထုံးတမ်းစဉ်လာအရ မဟာဒေဝီ မမြှောက်ရလို့သာကို၊ တကယ်တော့ မင့်မေမေကို အလွန်ပဲ ချစ်ရှာတာပဲ၊ အခု သမီးမှာ ဖေဖေလဲ မရှိ အမေလဲ မရှိတော့ မျက်နှာငယ်မှာ ဘဘစိုးတယ်၊ ဘဘကလဲ သက်တမ်းစေ့နေရမယ် ဆိုတောင် သိပ်ကြာလှမယ်မဟုတ်ဘူးကွဲ့၊ အိုလှပြီ သမီးကို ဘဘ စိတ်မချဘူး၊ ဒီစော်ဘွားလေးနဲ့ လက်ဆက်ရင်တော့ နောင်အစဉ်အဆက် ဟော်ထဲမှာ သမီးလဲ ထွန်းကားနိုင်တယ်"

မမြနိုင်သည် ဘာမှမဖြေဘဲ ငုံ့၍နေ၏။ သူ့မှာဆိုရင်လည်း ဒါပဲ အဖေ၊ ဒါပဲအမေ အဘိုး တစ်ယောက်ပဲ ရှိတော့သည်။ သူ စော်ဘွားသမီးပေမင့် ဟော်ထဲမှာ သိပ်မနေရလှ၊ ရန်ကုန် မှာ စာသင်ရင်းနေရ၍ ကျောင်းပိတ်ချိန်လောက်သာ ပြန်လာခဲ့လေသည်။ ငယ်ငယ်ကတည်းက မိခင်ဆုံး၍ ယခု M.B.,B.S ဒုတိယနှစ်တွင် သူ့ဖခင် စော်ဘွားကြီးမှာ နတ်ရွာစံခဲ့လေသည်။

ဟော်နှင့် ဝေးဝေးပင် နေခဲ့သော မမြနိုင်မှာ ထီးဟန်နန်းဟန် မပါလှပေ၊ ပဒေသရာဇ်လည်း မဆန်တော့ပေ၊ ဒါပေမင့် သူ့ဖခင်၏အဖေ အိုမင်းလှပြီဖြစ်သော ရှမ်းစော်ဘွားကြီးကိုသာ သူ့မှာ မှီခို
mgyoe.com

mgyoe.com

စရာ ရှိတော့သည်၊ သိန္နီစော်ဘွားအဖြစ်ကိုလည်း မဟာဒေဝီ၏သားတော်က ဆက်ခံရလေသည်။

"ဘဘကလဲ ဟော်နန်းကို မင့်ဖေဖေကို လွှဲပြီးကတည်းက မင့်ကိုပဲ ဘဘ ဂရုစိုက်ခဲ့တာပဲ၊ ခုလဲ မိဘမဲ့လို့ သမီးအပေါ်မှာ ပိုပြီးခင်တွယ်တယ်၊ သမီး ဒီမြို့စားလေး စောဆိုင်အုံနဲ့ လက်ဆက်ပြီးရင် ဘဘလဲ တရားအားထုတ်တော့မယ်"

ဘဘသည် လေးလေးနက်နက် တစ်လုံးချင်း ပြောပြရှာသည်၊

မမြနိုင်နားထဲကိုတော့ ဘာမျှမဝင်ပါ။ မမြနိုင်သည် ပင့်သက်ရှူလိုက်ရင်း "ဘဘဘုရား စကားကို နိုင် အမြဲပဲ နားထောင်ပါတယ်၊ ဒါပေမင့် နိုင် ဒီဟော်နန်းတွေထဲမှာလဲ မပျော်ချင်ဘူး၊ ဒီမြို့စားလေးက စော်ဘွားဖြစ်ဖို့ အလားအလာရှိပေမင့် နိုင့်အမေက ဗမာဖြစ်နေတော့ နိုင့်အဖို့ အကြောင်းမထူးလှပါဘူး၊ ပြီးတော့ ပြီးတော့ နိုင်..." မမြနိုင်သည် မျက်ရည်များ တွဲကာ ထစ်နေလေသည်၊ ပြောရမည့်စကားကို မထွက်နိုင်ပေ၊ သူ့ဘဘဘုရားကို အစဉ်ကြောက်ချစ်ရိုသေခဲ့ရသူ ဖြစ်သည်၊

ပြီးတော့လည်း ဘဘဘုရားက ပေးစားမည့် စော်ဘွားလောင်း စောဆိုင်အုံမှာလည်း ခေသူ မဟုတ်၊ မမြနိုင်ကိုလည်း အစဉ်ချစ်ခဲ့သူ ဖြစ်သည်၊ လူငယ်ချင်းလည်း မမြနိုင်အချစ်ကို တောင်းခံခဲ့သည်၊ စောဆိုင်အုံကို လက်ထပ်ခဲ့လျှင် မမြနိုင်ဘဝတာအတွက် အေးချမ်းစွာ နေရမည်မှာ သေချာသည်၊ ဒါပေမင့် မမြနိုင်သည် စောဆိုင်အုံ စော်ဘွားကြီးပင် ဖြစ်နေဦးတော့ သူမယူနိုင်၊

မမြနိုင်မှာ ကောလိပ်တွင်နေစဉ် ချစ်သူရှိခဲ့ပြီးဖြစ်လေသည်၊ သူ့ချစ်သူမှာလည်း ခေသူမဟုတ်၊ ဥပဒေတန်း တက်နေသူတစ်ယောက် ဖြစ်သည်၊ အကယ်၍သာ မမြနိုင်ချစ်သူမှာ စော်ဘွားအနွယ်ထဲကသာ ဖြစ်နေပါက ပဒေသရာဇ်ထုံးတမ်းစဉ်လာအတိုင်း ဘဘဘုရားက သူ့ချစ်သူနှင့် သူမအား လက်ထပ်ပေးမည် ဖြစ်သည်၊ ဒါပေမင့် မမြနိုင်ချစ်သူမှာ စော်ဘွားအနွယ် မဟုတ်ရုံတွင်မက ပဒေသရာဇ်စနစ်ကို တိုက်ဖျက်နေသော ရှမ်းလူငယ်တို့၏ ခေါင်းဆောင် ကိုတင်အောင်ပင် ဖြစ်နေလေသည်၊

'ကိုတင်အောင်' ကို စော်ဘွားတိုင်းက သိသည်၊ စော်ဘွားတိုင်းကလည်း ရွံမုန်းလှသည်၊ ဒီကိုတင်အောင်ကိုမှ မမြနိုင်ကလည်း ချစ်မိခဲ့သည်၊

ဘဝချင်းမှာ ဝေးကွာလှသည်၊ ဝေးကွာသည်ထက် မဆက်စပ်လှပေ၊ ဒါပေမင့်ကာ အချစ်သည် အချစ်ပဲဖြစ်သည်၊ စော်ဘွားသမီးက စော်ဘွားစနစ်ကို တိုက်ဖျက်နေသူ ရန်သူ တစ်ယောက်ကိုပေမင့် ချစ်ချင်လည်း ချစ်ပေမည်၊

သူသည် ကိုတင်အောင်အကြောင်းကို အစမှအဆုံး သိခဲ့သူဖြစ်သည်၊ တင်အောင်ကို ယူလိုက်လျှင် သူ့ဘဝက ပုံပြောင်းသွားမည်မှာ မလွဲ သေချာသည်၊ စော်ဘွားကတော်တစ်ယောက်လိုတော့ ငြိမ်းချမ်းသာယာစွာ နေရမည်မဟုတ်၊ ထိုအကြောင်းထက် သူသည် ပဒေသရာဇ်တို့ပတ်ဝန်းကျင်မှ ခွဲခွာသွားရမည်မှာ သေချာသည်၊ သူမကိုကော ဘယ်ပဒေသရာဇ် အရှင်သခင် စော်ဘွားတို့သည် လိုလားကြပါအံ့နည်း။

mgyoe.com

mgyoe.com

မမြနိုင်သည် သူချစ်သူအကြောင်းကို ဘယ်လို ဖွင့်လှစ်ရပါမည်နည်း။ သူသည်ကြောက်ရွံ့စွာ ငိုင်နေရာမှ အားယူ၍..

"ဘဘဘုရား၊ နိုင် တစ်ခု ပြောပါရစေ"

သူ့ဘဘက ငြိမ်နေမှ..

"ပြောလေ၊ သမီးကလဲ ပြောစရာရှိတာ ပြောပေါ့"

စော်ဘွားကြီးက အံ့သြနေသည်။ ယခင် မမြနိုင်သည် သူ့ကို ရဲရဲဝံ့ဝံ့ဆက်ဆံတတ်သည်။ ယခုလို ကြောက်ကြောက်ရွံ့ရွံ့မရှိပေ။ သူထိုင်နေသော ဆိုဖာအဖုံး၏ ဖဲပြာပွင့်ကို ပွတ်သပ်ရင်း နားထောင်နေသည်။ မမြနိုင်က ခပ်တိုးတိုးပင် ပြောလိုက်သည်။

"နိုင့်မှာ ချစ်သူရှိနေပြီ ဘဘ"

ဘဘသည် ငိုင်နေရာမှ ပြတင်းရှိရာသို့ ထသွားသည်။ အပြင်သည် အုံ့မှိုင်းမှိုင်းဖြစ်နေသည်။ လေအေးက ဖြည်းညင်းစွာ တိုက်နေသည်။ ပြတင်းခန်းဆီးကို အသာမ၍ ဘဘက ငေးမြင်ငေးနေသည်။

"ဘယ်သူနဲ့လဲ သမီး"

မမြနိုင်ကို လှည့်မကြည့်ဘဲ မေးလိုက်သည်။

"တောင်ကြီးက ကိုတင်အောင်"

နိုင်သည် တိုးတိုးလေးပင် ဖြေလိုက်သည်။ ဘဘကတော့ ဘာမျှ လှုပ်ရှားသွားပုံမရ။ ပြတင်းမှ အသာ မမြနိုင်ဘက်သို့ လှည့်လိုက်ရင်း သူ့မြေးကို ကြည့်နေသည်။

"ဘယ်လိုကံပါလိမ့် သမီးရယ်၊ မောင်တင်အောင်က ပဒေသရာဇ်စနစ်ကို တိုက်နေတဲ့သူ၊ သမီးက ပဒေသရာဇ်အနွယ်၊ နောက်ဆုံးတော့လဲ သမီးကံကြမ္မာကို သမီး ဖန်တီးရမှာပဲ"

"ဒါပေမင့် ဘဘဘုရားက သမီးကို ချစ်နေမှာပဲမို့လား"

နိုင်သည် လှမ်း၍မေးလိုက်သည်။

"အို.. သမီးရယ်"

ဘဘသည် သူ့နားမှာ လာထိုင်၍ ခေါင်းကို ဖြည်းညင်းစွာ သပ်လိုက်ရင်း

"သမီး.. မေတ္တာတရားဟာ ပိုင်းဖြတ်လို့မရပါဘူးကွယ်၊ စနစ်တို့ ဝါဒတို့ဆိုတာတွေဟာ တို့များရဲ့ ချစ်မေတ္တာတွေကို တိုးဝင်ဖြတ်တောက်ကြမှာလားသမီးရယ် မဟုတ်နိုင်ပါဘူး၊ ဘဘသမီးလေး မောင်တင်အောင်ကို ယူသွားပေမင့် ဘဘသမီးဟာ သမီးပဲပေါ့၊ သမီးပေါ်မှာ ထားတဲ့ ဘဘမေတ္တာကို ဘယ်တော့မှ မရုပ်သိမ်းဘူး"

"ဘဘ.."

မမြနိုင်သည် အသံကိုပင် ထိန်း၍မရ၊ ဘဘလက်ကို တင်းကျပ်စွာ ဆုပ်ထားရင်း သူ့ မျက်လုံးများမှာ မျက်ရည်နှင့် ပြည့်သိပ်လာသည်။

mgyoe.com

mgyoe.com

"ဘဘ.. နိုင့်ကို ချစ်နေဦးမှာပဲနော်"

"ဒါပေါ့ သမီးရယ်၊ ဒါပေမင့် ထုံးတမ်းစဉ်လာအရ ရသင့်တဲ့အခွင့်အရေး အမွေအနှစ်ကတော့ သူတို့ ဘယ်ပေးတော့မလဲ၊ သူတို့လက်ထဲမှာကိုး၊ ဘဘကိုယ်ပိုင်ထဲကပဲ သမီးအတွက် စိန် တစ်ဆင်စာ ပေးမယ်နော်"

ဘဘကလည်း တကယ်ဆိုတော့ စိတ်မကောင်းလှပေ။ သူ့မြေးကို မျက်စိအောက်မှာပဲ မြင်နေချင်သည်။ ဒီပဒေသရာဇ်ဝန်းကျင်မှာပဲ တင့်တောင့်တင့်တယ် နေစေချင်သည်။ ဒါပေမင့် ဘဘသည် သူက အုပ်ထိန်းသူဆိုသည့်အနေနှင့် နိုင်လိုမင်းထက် မလုပ်လိုပေ။ ပင်ကိုစိတ်ကလည်း နူးညံ့သူ အဘိုးကြီးဖြစ်ပေသည်။

"မောင်တင်အောင် ပဒေသရာဇ်စနစ်ကို တိုက်နေတာကိုတော့ အပြစ်မဆိုလိုပါဘူး၊ တစ်နေ့တော့လဲ ဘဘတို့ စိုးမိုးအုပ်ချုပ်မှုတွေဟာ ပြိုလဲပျက်စီးကြရတော့မှာပါပဲ၊ ဟောင်းနွမ်းတဲ့ ဒီစနစ်ကြီးကိုလဲ စွန့်လွှတ်ရမှာပဲ၊ လူထုကလဲ ဒီအနှောင်အဖွဲ့တွေထဲမှာ ကြာရှည်မနေပါဘူး၊ ဒါပေမင့် သမီးလေးရယ် မင်းတို့နှစ်ယောက် အိမ်ထောင်ရေးဟာ ပြေပြစ်ပါ့မလား"

"အိုလေ.. ဘုရားသခင်ဟာ သမီးလေးကို စောင့်ရှောက်မှာပါပဲ၊ စေတနာသာ ကောင်းကောင်းထားပေါ့"

"ဘဘ သမီးလေးကို ချစ်နေမှာပါပဲကွယ်၊ မငိုနဲ့ သမီးလေးရယ်"

မမြနိုင်ရှိုက်သံသည် တိုး၍တိုး၍ ကျယ်လောင်လာသည်။

❋

တောင်ကြီးမှ ရဲဘော်တင်အောင်နှင့် မမြနိုင်ကား လက်ထပ်ပြီးခဲ့လေပြီ။ မမြနိုင်လည်း ဟော်ကို စွန့်ခဲ့ပြီ။ ကိုတင်အောင်ကား ရှမ်းပုဒ်မ ၁၀ ကြားကပင် ရှမ်းလူထုထဲသို့ တိုးဝင်၍ ပဒေသရာဇ်တိုက်ပွဲမျိုးစေ့ကို ချပေးခဲ့သူ ဖြစ်လေသည်။ သူကား ရှမ်းအမျိုးသားတစ်ယောက်ပင် ဖြစ်လေသည်။ BL တက်စဉ် မမြနိုင်နှင့် တွေ့ရာမှ ပဒေသရာဇ်နွယ်လေးသည် သူ့နောက်သို့ လိုက်ခဲ့ပါသည်။

ဥပဒေတန်း ဆက်တက်ရေးကို ကိုတင်အောင်က စွန့်လွှတ်လိုက်ပါသည်။ ဗမာပြည် လွတ်မြောက်ရေးနှင့်တကွ ရှမ်းပြည်နယ်၏ ပဒေသရာဇ်တိုက်ပွဲကို ကိုတင်အောင်သည် အပြင်းအထန် လုံးပန်းလျက်ရှိလေသည်။

မမြနိုင်ကလည်း သူ ပဒေသရာဇ်သွေးဖြစ်သည်ကိုပင် မေ့စပြုနေလေသည်။ ဟော်နန်း၏ ပတ်ဝန်းကျင်ဝယ် အခွန်အတုပ်နှင့် တင်းကျပ်လှသော ဥပဒေများ အဆင့်ဆင့်ပိ၍ တလွန့်လွန့် လူးနေရှာသော ရှမ်းလယ်သမားလုပ်သားလူထု၏ လွတ်မြောက်ရေးကို မမြနိုင်ကလည်း လိုလားလှပါသည်။

မမြနိုင်၏ငွေထဲမှ ကုက္ကိုင်းတွင် အိမ်လေးတစ်လုံးဝယ်၍ သူတို့နှစ်ယောက် နေကြလေသည်။ မမြနိုင်ကမူ တက်လက်စ M.B., B.S ကို ဆက်၍သင်နေဆဲပင် ဖြစ်လေသည်။

တစ်ခါတစ်ရံတော့ သူ့ဘဘဘုရားကို လွမ်းဆွတ်လှသည်။ ဘဘကလည်း ဟော်နန်းရိပ်တွင် သူ့ကို လွမ်းနေရှာလိမ့်မည်ကို မမြနိုင်ကလည်း ယုံကြည်ပါသည်။ လစဉ်ဆိုသလိုတော့ ဘဘထံ

mgyoe.com

mgyoe.com

သတိရကြောင်းများကို စာရေး၍ ထည့်တတ်လေသည်။

လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုကား ပြင်းထန်လာလေသည်။

ဒုတိယကမ္ဘာစစ်ကလည်း နီး၍လာလေသည်။

မမြနိုင်က ကိုတင်အောင်လုပ်သမျှကို ဘာမျှအနှောင့်အယှက်မပေး၊ အိမ်တာဝန်ကိုလည်း ဘာမျှ ကိုတင်အောင်ကို အပူမကပ်၊ ကိုတင်အောင်လုပ်ငန်းများကို လူပျိုဘဝထက်ပင် အောင်မြင်အောင် မမြနိုင်က နောက်ပိုင်းမှ မီးငြိမ်းတာဝန်ယူခဲ့ပေသည်။

ကိုတင်အောင်သည် သူ့အနားတွင် မရှိသည်က များနေပါသည်။ ချစ်စခင်စ ကြင်နာစ ဆိုတာတွေကိုလည်း ကိုတင်အောင်က သူနားလည်ချင်မှ လည်ပေလိမ့်မည်။ ဘာပဲဖြစ်ဖြစ် မမြနိုင်က ဒါတွေအားလုံးကို ခွင့်လွှတ်လိုက်သည်။ သူ့မမှာ စိတ်ဝင်စားစရာ ဆေးစာအုပ်ကြီးများနှင့် ချစ်ဖွယ်ကောင်းသော တယောလေး ရှိသည်မဟုတ်ပါလော။

စာဖတ်မည်၊ ပျင်းလျှင် တယောထိုးမည်၊ ဒီလိုနှင့်ပဲ မမြနိုင် သည်နှစ်ပိုင်းကို ကုန်လွန်ခဲ့ပါသည်။

⁂

နွေဦးသည် လွမ်းဖွယ်ကောင်း၍ ငှက်သံများက သာလှသည်။ ရော်နေသော သစ်ရွက်ဟောင်းများလည်း တဖြုတ်ဖြုတ်ကြွေကာ ဘဝကို ရပ်နားလျက်ရှိကြလေသည်။ ငှက်သံများကလည်း သာနေရာမှ တဖြည်းဖြည်း လေးတွဲ၍ နွေဦးရိပ်ဝယ် မိန်းမောစ ပြုလာလေသည်။

နိုင်က ထိုနွေဦးကို ငေး၍ သူလည်းပဲငြီးငွေ့စ ပြုလာသည်။ သူ့တယောလေးကို ကောက်၍ကိုင်ရင်း နွေဘွဲ့တစ်ပုဒ်ဖြစ်သည့် သာဆန်းရဂုံဗွေကို စ ရန် ကြိုးညှိနေပါသည်။

"နိုင်ရေ.. ဟေ့ နိုင်"

အပြင်မှ ကိုတင်အောင်သည် မမြနိုင်ကို ကုန်း၍ အော်ခေါ်နေသည်။

"ဟော.. မောင်မောင် ပြန်လာပြီ"

နိုင်သည် တယောလေးကို လွှတ်၍ ဝင်ပေါက်ဆီသို့ အပြေးထွက်သွားသည်။

ကိုတင်အောင်သည် မမြနိုင်ကို ဆီးဖက်ရင်း သူတို့နှစ်ယောက် အိမ်ထဲသို့ ဝင်လာကြသည်။

"မောင်မောင်ရာ.. ဒီတစ်ပတ် သိပ်ကြာတာပဲ၊ ပိန်လဲ သွားတယ်နော်"

မမြနိုင်သည် သူ့ချစ်လင့်ပါးကို ပွတ်ရင်း ယုယစွာ ပြောနေလေသည်။ ကိုတင်အောင်သည် မမြနိုင်လက်ပေါ်တွင် မှီထိုင်ရာမှ "မောင်မောင် တောင်ကြီးမှာ နည်းနည်းဖျားသွားတယ်၊ ကိစ္စတွေကလဲ ဆက်တိုက်ပဲကို နိုင်ရယ်၊ ဟိုကလူတွေ စာဖတ်အောင်က မနည်းလုပ်ရမှာ၊ စာများများမဖတ်ဘဲ သူတို့လွတ်မြောက်ရေးဟာ မမြန်နိုင်ဘူး၊ မလွယ်ကူနိုင်ဘူး၊ ဒီဘက်က စာပေတွေကို ဘာသာပြန်ပြီး ရှမ်းပြည်နယ်ထဲ သွင်းရတာ မလွယ်ဘူး၊ နိုင်လဲ ပျင်းနေမှာပဲနော်"

နိုင်က ခေါင်းခါရင်း "ပျင်းတယ်လဲ ဘယ်ဟုတ်မလဲ၊ ဆေးစာအုပ်တွေ မဖတ်ချင်တဲ့အခါ မောင်မောင့် စာဖတ်ခန်းထဲ ဝင်ပြီး နိုင်ငံရေးစာအုပ် ဖတ်တာပေါ့၊ မောင်မောင့်အတွက် စိ[illegible]မချတာပဲ ရှိ

mgyoe.com

mgyoe.com

တယ်၊ ဘာဘာကလဲ စာရေးတဲ့ခါ မောင်မောင်သတိထားပါတဲ့၊ ရှမ်းစော်ဘွားတွေက တော်တော်ငြီးနေပြီတဲ့"

"ဘယ်တတ်နိုင်မလဲ နိုင်ရယ်၊ သိတဲ့အတိုင်းပဲ၊ ဒါနဲ့ တောင်ကြီးက ဆရာမ ဒေါ်ငြိမ်းခင်ကြီး သိလား"

"သိတယ်"

"သူ ဒီကို လာလိမ့်မယ် နိုင်၊ ဒီအိမ်မှာ အနည်းဆုံးတစ်လလောက်တော့ နေလိမ့်မယ်၊ ရှမ်းတွေ စာပေတိုးတက်ရေးနဲ့ပတ်သက်လို့တော့ အန်တီငြိမ်းကိုပဲ အားကိုးရမှာပဲ၊ ခု နွေကျောင်းပိတ်မှာ ဒီက စာတွေ သူ ဘာသာပြန်လိမ့်မယ်၊ ပြီးတော့ ရှမ်းပြည်နယ် သူသွားလိမ့်မယ်၊ ပဒေသရာဇ်တိုက်ပွဲမှာ တော့ အတော်နေရာကျမယ့် မိန်းမကြီးပဲ"

"ဒီလိုဆို နိုင်လဲ အဖော်ရပြီ၊ နိုင်တို့ ခေါင်းရင်းက အခန်းကို အန်တီငြိမ်းအိပ်ဖို့ ပေးလိုက်မယ်၊ ဒီမှာတော့ စာလဲ အေးအေးရေးနိုင်တာပဲ၊ ကိစ္စတွေက အတော်အရေးကြီးလာပြီလား"

"ကြီးပြီ နိုင်ရယ်"

တင်အောင်သည် ခဏမျှ သက်ပြင်းချ၍ စဉ်းစားရာမှ "မောင်မောင် နို့မို့ရင် ခုချိန် ပြန်မရောက်သေးဘူး၊ ကစားဝိုင်းတွေပိတ်ဖို့ကိစ္စ အတိုက်အခံလုပ်မလို့၊ ဒါပေမင့် ရန်ကုန်က ရဲဘော်တွေက ကိစ္စ တစ်ခုနဲ့ပတ်သက်ပြီး ခေါ်လို့ ပြန်လာခဲ့ရတယ်"

နိုင်က ငြိမ်၍ပင်နေသည်၊ ဘာကိစ္စဆိုသည်ကို သိချင်ပေမင့် ကိုတင်အောင်က ဖွင့်ပြောလိမ့်မည် မဟုတ်၊ ဒါကို သူသိပြီးဖြစ်သည့်အတိုင်း ဘာမျှမမေးတော့ပေ၊ တင်အောင်သည် စဉ်းစားရာမှ "မောင်မောင်တို့ လုပ်တဲ့ကိစ္စတွေမှာ ငွေသိပ်ပြီးလိုနေတယ်တဲ့ နိုင်ရယ်၊ အနည်းဆုံး သုံးသောင်း လောက် လိုတယ်၊ ဒါ မောင်မောင်က ရှာပေးရမှာပဲ"

နိုင်က ငြိမ်၍ပင် နားထောင်နေပြန်သည်၊ "ကဲ.. မောင်မောင်၊ နိုင် ဖျော်ရည်သွားလုပ်ဦးမယ်၊ လှဲနေနော်"

⁂

မမြနိုင်သည် အသာပင်ထ၍ နောက်ခန်းသို့ ဝင်သွားသည်၊ တင်အောင်သည် ဆိုဖာပေါ် လှဲရင်း သူ့ကိစ္စကိုသာ စဉ်းစားနေသည်၊ အမှန်တော့ ရဲဘော်တစ်စု ဂျပန်ပြည်သွားရေးကိစ္စနှင့် တော်လှန်ရေးအတွက် ငွေကြေးလိုနေခြင်းဖြစ်လေသည်၊ ဟိုစဉ်ကမူ သူ့အိမ်က သူ ခဏခဏဆွဲပေးခဲ့လေသည်၊ သူသည် ငွေရပေါက်ကို စဉ်းစားရင်း စိတ်အိုက်နေလေသည်၊ မကြာခင်ပင် မမြနိုင်သည် လိမ္မော်ရည်နှင့် စပျစ်သီးခိုင်များကို သူ့ရှေ့တွင် ချလာသည်၊ သူကတော့ လှဲမြဲပင် လှဲနေလေသည်၊

"မောင်မောင်.. ထလေကွယ်၊ အေးအေးလေး သောက်လိုက်ဦး"

နိုင်က သူ့ကို ဆွဲထူ၍ ကပ်ထိုင်လိုက်သည်၊ ပြီးတော့ သူ့လက်ကို ဆွဲ၍ဖြန့်ရင်း နိုင်က ရွှေ သေတ္တာငယ်တစ်ခုကို လက်ပေါ် မှောက်ချလိုက်သည်၊ သေတ္တာစွာလိုက်သည့်အခါတွင် တောက်ပ

mgyoe.com

mgyoe.com

ဝင်းလက်နေသော စိန်ဘယက်တစ်ခုနှင့် စိန်လက်ကောက်ဖြစ်နေလေသည်။

တင်အောင်သည် ရုတ်တရက်အံ့အားသင့်သွားသည်။ နိုင့်လက်ကို ဖမ်းဆုပ်ရင်း..

"ဘာလဲနိုင်၊ ဘာလုပ်ဖို့လဲ"

"မောင်မောင့် လွတ်လပ်ရေးတိုက်ပွဲအတွက်လေ"

နိုင်သည် အေးဆေးစွာပင် အဖြေပေးလိုက်သည်။ ပြီးတော့ စပျစ်သီးတစ်လုံးကို ဖြုတ်၍ ဝါးနေတော့သည်။

"အို.. နိုင်"

တင်အောင်သည် သူ့မိန်းမစိတ်ဓာတ်ကို ဘယ်လိုချီးကျူးရမှန်းကို မသိတော့ပေ။ နိုင့်ကိုပဲ တင်းကျပ်စွာ ဖက်ထားလိုက်သည်။ နိုင်က ရယ်၍ပဲ နေတော့သည်။

(၃)

မမြနိုင်သည် ရန်ကုန်ဆေးရုံကြီးတွင် အလုပ်ဝင်လုပ်တော့သည်။

သူ့မှာ စိန်များလည်းမရှိတော့၍ သူတို့အိမ်ထောင် ဝမ်းရေးအတွက် မမြနိုင်မှာ ငွေကြေးလိုလာတော့သည်။ ကိုတင်အောင်ကိုတော့ သူ့နည်းနည်းမှ တာဝန်မပေးချင်။ ကိုတင်အောင်ကို သူ သိပ်ချစ်သည်နှင့်အမျှ ကိုတင်အောင့်ဆန္ဒကို သူ လုံးဝဖြည့်စွမ်းချင်သည်။ ကိုတင်အောင်ကလည်း ငွေရေးကြေးရေးကို ယောင်၍မျှ ဂရုစိုက်လိမ့်မည် မဟုတ်ပေ။

မမြနိုင်သည် ကိုတင်အောင် ယခုလိုလျစ်လျူရှုမှုကို ဝမ်းမနည်းသည့်အပြင် ပို၍ကြည်ညိုသေးသည်။ သူ့လင်၏ဇမာ့လွတ်လပ်ရေးပေါ်တွင် ထားရှိသည့် သဘောထားကို သူက လုံးဝလက်ခံသည်။ ပဒေသရာဇ်တိုက်ဖျက်ရေးကို အောင်မြင်ရန်အတွက် သူက နောက်ပိုင်းတာဝန်ယူခဲ့လေသည်။

အန်တီငြိမ်းလည်း ကျောင်းပိတ်ရက်တိုင်းလို မမြနိုင်တို့အိမ်သို့ ရောက်လာသည်။ စာအုပ်များကို ဘာသာပြန်ကာ ရှမ်းပြည်နယ်သို့အပြန် ယူယူသွားတတ်လေသည်။ မမြနိုင်ကလည်း ရုံဖန်ရုံခါ ကူညီလေသည်။ ဒါပေမင့် အလုပ်ဝင်ကတည်းက ကိုတင်အောင်နှင့် မမြနိုင် တွေ့ရသည့်ရက်များသည် နည်းသထက် နည်းလာလေသည်။

မမြနိုင်သည် ဘာပဲလုပ်နေနေ 'သူ့မောင်မောင်' ကတော့ သူ့နှလုံးသားထဲမှာ အမြဲပဲ ရှိသည်။ တစ်ခါတစ်ရံ အလုပ်မှရပ်နားချိန်တွင် မောင်မောင့်အတွက် သိပ်ပူပန်မိသည်။ အိမ်ကို အပြေးအလွှားပြန်ချင်လာသည်။ ခုနစ်ရက် တစ်ပတ်တစ်ခါမျှသာ နိုင် အိမ်ကိုပြန်ရသည်။

မမြနိုင်သည် သူ့အလုပ်ကြောင့် ဘယ်လိုပင် နွမ်းနွမ်း ပင်ပန်းမှုများသည် ပဒေသရာဇ်တိုက်ပွဲအတွက်ဟု သူ အမြဲပဲ ယူဆခဲ့သည်။

*

"နိုင်တော့ ပြန်ရလိမ့်မယ်ကွယ်"

တင်အောင်သည် နိုင့်ပခုံးကို ဖက်ထားရင်း တိုးတိုးလေး ပြောလိုက်သည်။ နိုင့်က မလှုပ်၊

mgyoe.com

mgyoe.com

အင်းလျားရေပြင်ပေါ်ဝယ် တလွန့်လွန့်တက်နေသော ရေခိုးရေငွေ့လေးများကို နှင်းများကြားမှ စူးစိုက်ကြည့်နေသည်၊ နှင်းများ ပို၍ကျလာသည်၊ ထိုတနင်္ဂနွေနေ့ တစ်နေ့ပဲ မနက်စောစော အတူထ၍ လမ်းလျှောက်နိုင်သည်၊ မမြနိုင်သည် မြက်ခင်းပေါ်ထိုင်ရင်း ကြာရှည်ခွဲနေရသော သမီးရည်းစားလို တင်အောင်ကို မှီ၍ဖက်ထားသည်၊

"မောင်မောင်ရာ.. နေ့လယ်လောက်ကျမှ ဒီအကြောင်း ပြောပါကွယ်" ဟု နိုင်က တောင်းပန်လိုက်သည်၊

"နေ့လယ်ကျတော့လဲ သခင်လှဖေတို့လုပ်စု လာရင် မောင်မောင်တို့လင်မယားက တွေ့ခွင့်ရမှာမဟုတ်ဘူး၊ ဒါကြောင့် စောစောစီးစီး တိုင်ပင်ရတာ၊ မောင်မောင်က ဒီလွတ်မြောက်ရေးတိုက်ပွဲမှာ ဘယ်လောက်ထိလို့ ဘယ်လောက်ကြာမယ်လဲ မမှန်းဆနိုင်ဘူး၊ ဘယ်လို ပင်ပန်းမယ်လဲ မသိဘူး၊ စစ်ကလဲ ဖြစ်လာတော့ နိုင်မကြာခင်ပဲ နိုင့်ဘဘဆီ ခဏပြန်နေစေချင်တယ်"

နိုင်က ငိုင်နေရာမှ "ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ နိုင် အတူပဲ လိုက်နေပါရစေ မောင်မောင်ရယ်၊ ဒီတော်လှန်ရေးတွေမှာ နိုင်က နှောင့်ယှက်မှာတဲ့လား၊ နိုင် နေပါရစေ" ဟု မမြနိုင် က ဝမ်းနည်းစွာ တောင်းပန်နေသည်၊ နေခြည်ရောင်မှာ အရှေ့မှသန်းလာ၍ ဖြူဖြူနုနုနှင့် ချစ်ဖွယ်ကောင်းသော မမြနိုင်မျက်နှာလေးမှာ နှင်းဆီရောင်သန်းနေသည့် ရှမ်းစပ်ဖြစ်၍ အသားဝါရွှေသွေးပင် ဖြစ်လေသည်၊

တင်အောင်သည် နိုင့်ကို ကြည့်ရင်း သနားသွားသည်၊ ဒါပေမင့် မဖြစ်၊

"နိုင့်ကူညီမှုတွေကို မောင် လေးစားပါတယ်၊ ဘာပဲပြောပြော လွတ်လပ်ရေးတိုက်ပွဲရဲ့ နောက်ပိုင်းမှာ လွတ်မြောက်ရေးတိုက်ပွဲဆိုတာ ကျန်သေးတာပဲ၊ တစ်နေ့လဲ နိုင့်အကူအညီကို ပြန်ယူရမှာပဲ၊ ခုတော့ ပြန်စေချင်တယ် ဟုတ်လား"

နိုင်က ဘာမျှမဖြေ၊ တင်အောင့်လက်ပေါ်တွင် မေးတင်ရင်း မျက်ရည်ဥများသည် မျက်လုံးရွှဲရွှဲကြီးမှ တွဲ၍ကျလာကြသည်၊

"နိုင် ပြန်ပါ့မယ် မောင်မောင်ရယ်"

※

ဖက်ဆစ်သည် သူ၏ရွှံရှာဖွယ်ကောင်းလှသော ခန္ဓာကိုယ်ပေါ်တွင် ချယ်ရီပွင့်များကို လွှမ်းခြုံ၍ ဗမာပြည်အနှံ့ကို ဝင်ရောက်လာခဲ့လေသည်၊ နေတံဆိပ်အလံများကလည်း တလူလူ လွင့်လျက်ရှိသည်၊

ကိုတင်အောင်တစ်ယောက်လည်း သူ့ရဲဘော်တွေနှင့် တစ်တိုက်တည်း တိုက်၍သာ နေတော့သည်၊ ခုထိ သူတို့လိုလားသော လွတ်လပ်ရေးကား ပုံဖမ်း၍ မရသေးပါ၊

မမြနိုင်တော့ သူကသာ တင်အောင့်သတင်းကို စုံစမ်းနေရသည်၊ တင်အောင့်ထံမှ ဘာသတင်းမှ မလာပါ၊ သဇင်နံ့သင်းသော စမ်းချောင်းဘေးတွင် ထိုင်ရင်း ငိုင်ရင်းပင် သူ့ခမျာ အတိတ်ကို တမ်းတ

mgyoe.com

mgyoe.com

နေရှာသည်။ ပော်တစ်ပိုက်တွင်လည်း မမြနိုင်ကို မလိုလားကြတော့။ သူ့ကို မီးပွင့်မီးခဲလို ပဒေသရာဇ် အရှင်သခင်တစ်စုက ထင်ကြသည်။ ဘဘမျက်နှာကြောင့်သာ မမြနိုင်ကို ကြည့်နေကြရသည်။

ဘဘကလည်း အိုမင်းလှပြီ။ မြတ်စွာဘုရားသခင်၏ တရားတော်များအား ဖတ်ရှုလေ့လာ၍ မကြာမကြာ မမြနိုင်အား ပြဟ္မစိုရ်တရားများနှင့် သခါရသဘောတရားများအကြောင်းကို ပြောပြတတ်သည်။ စိမ်းလဲ့သော မြက်ခင်းပေါ်တွင် ထိုင်နေစဉ် ရစ်ပတ်ခွေကာ တသွင်သွင်စီးနေသော စမ်းရေညို ရိပ်နှင့် ဘဘတရားသံများကား နိုင်၏သောကများကို ချမ်းငြိမ်းစေပါသည်။ ဘဘ၏ တရားသံများ အဆုံးတွင် "အပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ၊ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံနလဗ္ဘတိ၊ တမ္ပိဒုက္ခံ သံခိတ္တေန၊ ပဥ္စုပါဒါ နက္ခန္ဓာပိဒုက္ခာ" ဟု မမြနိုင်က တီးတိုးစွာပင် ခဏခဏရေရွတ်တတ်သည်။

နွေလယ်များတွင် ရှမ်းတောင်သူကလေးများအား မမြနိုင်က စာသင်ပေးနေသည်။

"သူတို့တွေ စာဖတ်မှု တိုးတက်လာမှ သူတို့ရဲ့ လွတ်မြောက်ရေးဟာလဲ နီးကပ်လာမယ်"

တင်အောင်၏ ထိုစကားကိုပဲ မမြနိုင်က ကြားယောင်သည်။ ဒါကြောင့်ပင် စာမတတ်သူ ပပျောက်ရေးကို သူက ပို၍ကြိုးစားသည်။ ဒါပေမင့် စော်ဘွားနယ်ရှင်တွေကိုတော့ မမြနိုင် သိပ် ရင်မဆိုင်ရဲပေ။ ဂျပန်ဖက်ဆစ်၏ အပေါ်ယံလှွာဖြစ်သော ချယ်ရီပန်းများသည် ဗမာမြေပြင်ပေါ်တွင် တဖြည်းဖြည်း နွမ်းစပြုလာကြသည်။ အရိုးပြိုင်းပြိုင်းနှင့် ဖက်ဆစ်၏ ပင်ကိုရုပ်သည် ဘွားဘွားပေါ်ခဲ့ လေသည်။ နောက်ဆုံး ချယ်ရီပန်းများကို တံမြက်လှည်း၍ ထုတ်ပစ်ရမည်။ ဖက်ဆစ်ဂျပန်တွေကို လည်း တော်လှန်ကြရတော့မည်။

မြေးအဘိုးနှစ်ယောက်သည် အိမ်ရှေ့မြက်ခင်းပေါ်တွင် ထိုင်ရင်း နေပူစာလှုံနေကြသည်။

"မောင်တင်အောင်ဆီက ဘာသတင်းကြားသေးလဲကွဲ့"

နိုင်က လက်ထဲမှ သိုးမွေးများကို ခဏချထားလိုက်၍

"သူတို့ ဂျပန်ကို တော်လှန်ကြတော့မယ်တဲ့ ဘဘ၊ နှစ်နှစ်ရှိပြီ သူ့ဆီက ဒီသတင်းပဲ ကြားရ သေးတယ်"

ဘဘက ငြိမ်၍ပင် နားထောင်နေသည်။ ဘာမှပြန်မပြော။ မမြနိုင်သည် ရှားရှားပါးပါး ဝယ်ထား ရသော သိုးမွေးချည်ကို တင်အောင်အတွက် ဆွယ်တာဆက်ထိုးပြန်သည်။

"ဒါနဲ့ သမီးရယ်၊ ဘဘလဲ သတင်းတော့ စုံစုံကြားရတယ်၊ လူတွေဟာ စေတနာခက်တယ်နော်၊ သမီးကို သတိတစ်ခုပေးချင်တယ်၊ တောင်ကြီးက မငြိမ်းခင်နဲ့ သမီးတို့ အဆက်အသွယ်ရှိတယ်ဆို၊ တစ်ခု သတိထားစေချင်တာက သူက သမီးကို ပဒေသရာဇ်သွေး ပါတယ်ဆိုပြီး သံသယ အမြဲရှိနေ တယ်လို့ ဘဘကြားတယ်"

မမြနိုင်က ပြုံးနေသည်။ ဒီစကားကို သူ လုံးဝဂရုမစိုက်။ ဘာပဲဖြစ်ဖြစ် သံသယရှိရှိ၊ မရှိရှိ သူ့ ယောက်ျားလုပ်ငန်းများ အောင်မြင်ရေးသာ နိုင့်အတွက် အဓိကဖြစ်ပေသည်။

mgyoe.com

mgyoe.com

ချယ်ရီပန်းများ ပြွတ်ကြွေ၍ ဗမာမြေပြင်တွင် မရှိတော့၊ နေတံဆိပ်အလံများလည်း ရုပ်သိမ်းသွားကြပြီ၊ ဗမာပြည်မတွင် ဖက်ဆစ်တော်လှန်ရေး အောင်ပွဲခံနေချိန်ဝယ် မမြနိုင်အဘိုးမှာ ပက်လက်လေးပင် ဖြစ်နေတော့သည်၊

မမြနိုင်က အဘိုးဘေးတွင် ထိုင်ရင်း မြတ်ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ရွတ်ဖတ်၍ နေသည်၊ ဘဘသည် မှိန်း၍နားထောင်ရင်း စိတ်ထဲမှ လိုက်၍ရွတ်နေသည်၊

ဘဝ၏နောက်ဆုံးချိန်တွင် ချမ်းမြေ့သာယာလှသော တရားရိပ်ထဲမှ သူ့မြေးချစ်၏ မျက်နှာကို မှုန်မွှားမွှားပင် မြင်နေသည်၊ သူ့မြေးကို သူ စိတ်မချ၊ ဘဝတကျာကိုဖြတ်ရန် မြတ်ဘုရား၏ တရားတော်များက ညွှန်ပြလျက်ရှိ၏၊ သူကမူ သံသရာ၏ နှောင်ကြိုးဖြစ်သော မြေးကို တွယ်လျက်ရှိ၏၊ နောက်ဆုံးတရားတော်များကို နာခံရင်းပင် သူချစ်လှစွာသောမြေးကို စေ့စေ့ကြည့်၍ ဘဘက ဘဝကို စွန့်ခဲ့လေပြီ၊ မမြနိုင်သည် ဘဘမျက်လုံးများကို အသာအယာ လက်နှင့်သပ်လိုက်၍ သဇင်ပန်းများကို ဘဘရင်ဘတ်ပေါ်သို့ တင်လိုက်သည်၊

နိုင် ပဒေသရာဇ်လောကတွင် တစ်ယောက်တည်းပဲ ကျန်တော့သည်၊ မောင်မောင့်ကို တွေ့အောင် ရှာရတော့မည်၊ ပဒေသရာဇ်တို့ ထုံးတမ်းစဉ်လာအတိုင်း ဘဘအား သင်္ဂြိုဟ်ပြီးစီးခဲ့လေသည်၊ စော်ဘွားများပတ်ဝန်းကျင်တွင် မမြနိုင်သည် ပဏ္ဏာမစားတော့၊ သူသည် သူ့၏ ချက်မြှုပ်ဖြစ်သော သဇင်သင်းသည့် ရှမ်းဌာနီကို နောက်ဆုံး စွန့်ရတော့မည်၊ ကိုတင်အောင်ကို စုံစမ်း၍ အကြောင်းကြားကာ ရန်ကုန်ကို အပြီးထွက်လာခဲ့တော့သည်၊

## (၄)

ကုက္ကိုင်းမှ သူတို့အိမ်လေးမှာ မပျက်မစီး အကောင်းအတိုင်းကျန်ရစ်သည်၊ နိုင်သည် တစ်ခန်းဝင် တစ်ခန်းထွက်နှင့် ပျော်နေသည်၊ မသေမပျောက် ပြန်လည်တွေ့ရသော ချစ်လင်အတွက် မမြနိုင်က သာ၍ဝမ်းသာနေလေသည်၊

စစ်ပြီး သူ့အိမ်အခြေအနေများကို သူ့ဘာသာထူထောင်လိုက်သည်၊ ဆေးရုံတွင်လည်း ပြန်၍ အလုပ်ဝင်လုပ်နေလေသည်၊

တိုင်းပြည်ကမူ စပ်ကူးမပ်ကူး ကြားကာလဖြစ်နေလေသည်၊ ဖဆပလက ဦးစီးခေါင်းဆောင်၍ လွတ်လပ်ရေးအတွက် အရေးဆိုနေချိန် ဖြစ်သည်၊ တစ်ခါတစ်ခါ ကိုတင်အောင် သုံးလေးရက် အိမ်မှ ပျောက်သွားတတ်သည်၊ တိတ်ဆိတ်သော ညများတွင်လည်း တင်အောင်သည် တစ်ယောက်တည်း တွေးနေတတ်လေသည်၊

လရောင်များသည် သစ်ကိုင်းခြောက်များကြားမှ ကွက်၍ ကျနေလေသည်၊ ရွက်ခြောက်ကလေးများ ကြွေသံသည် တဖြောက်ဖြောက်မြည်နေလေသည်၊ ပတ်ဝန်းကျင်တစ်ခုလုံးမှ တိတ်၍နေ၏၊ လေအေးများလည်း ဖြည်းညင်းစွာတိုက်၍ နွေညကို နှစ်သိမ့်စေပါသည်၊ တင်အောင်သည် ညဥ့်တွင် သူ့စိတ်ကို အနားပေး၍ လှပသောသဘာဝတွင် သူ့စိတ်ကို လွှတ်ထားလိုက်သည်၊ ခေါင်း

mgyoe.com

mgyoe.com

များမှာ ချာချာလည်နေပြီ။ သူ့စဉ်းစားမှုများသည် ပြွတ်သိပ်နေသည်။ ယခုလိုမှ အနားမယူလျှင် သူ ရူး၍ပင် သွားမည်လား မပြောတတ်ပေ။

"မောင်မောင့်ကို ကြည့်ရတာလဲ စက်ကြီးနဲ့ပဲ တူနေပြီ"

မမြနိုင်သည် လကို မော်ကြည့်နေသော သူ့ချစ်လင်ကို မှီကာ တိုးတိုးလေး ပြောနေသည်။

"တစ်နေ့လာလဲ ဒီနိုင်ငံရေး၊ တစ်နေ့လဲ ဒီတော်လှန်ရေးနဲ့ ဆက်တိုက်ဖြစ်နေတော့ ပတ်ချာလည်နေတာပဲ၊ မောင်မောင် အနားမယူရင် ဦးနှောက်ဟာ ပန်းပြီးတော့ အတွေးအခေါ်တွေ လွဲကုန်မှာ နိုင် စိုးတယ်"

"အခု ကြားကာလက ပိုဆိုးနေပြီနိုင်ရယ်၊ နက်ဖြန် အန်တီငြိမ်းရယ်၊ ရှမ်းရဲဘော် ကိုထွန်းအေးနဲ့ ဖဆပလက ရဲဘော်နှစ်ယောက် ထမင်းလာစားလိမ့်မယ်၊ နိုင် လုပ်ပါဦးနော်၊ ဒါထက် နိုင် တယော သွားယူချေကွယ်"

မမြနိုင်သည် တယောကို သွားယူ၍ တင်အောင့်ဘေးတွင် ထိုင်လိုက်သည်။ တင်အောင်သည် ပတ်ဝန်းကျင်ကို သာယာသွားမိသည်။ ချစ်စရာကောင်းသော ဇနီးသည်လေးနှင့်လည်း လင်မယား ပီပီ ဒီတစ်ခါပဲ လရောင်အောက်ဝယ် ချမ်းငြိမ်းသောအရသာကို ခံစားရသည်။ သူ့နှလုံးသားများသည် စိုပြည်၍ ဦးနှောက်လည်း လန်းဆတ်၍လာသည်။

"မောင်မောင်.. အောင်မြေသာဇံကို ဆိုမယ်နော်"

"အောင်မြေသာဇံ.... သောင်ယံသဲက ပုလဲလိုလို ခင်းသာတဲ့.....ကို" တင်အောင်က စိတ်ဝင်စားစွာနှင့် ဆိုနေလေပြီ။

နိုင်သည် တယောကို ဘယ်လိုထိုးမှန်းပင် မသိအောင် သူ့ခမျာ ဝမ်းသာနေသည်။ လက်ထပ်ပြီး၍ ခုနစ်နှစ်မျှအတောအတွင်း တင်အောင် ယခုလို သာယာကြည်နူးစွာနေသည်ကို တစ်ခါမျှ မတွေ့ရသေးပေ။ တစ်ပုဒ်ပြီးတစ်ပုဒ် အေးဆေးစွာ ဆက်ဆိုနေလေသည်။

"အငုံ့ဝေဆာ..... ပဒုံ့ရွှေကြာ..... ရဂုံ့ဗွေ...မှာ ညှိုးညှိုးညင်းညင်း ကြိုင်အေးမာလာ...ပန်းစုံကသင်း"

တယောသံသည် နွဲ၍တွဲ့ကာတွဲ့ကာ လေအေးဝယ် ငြိမ်၍လွင့်နေသည်။ ချမ်းငြိမ်းသာယာခြင်းသည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းနေသည်။ လရောင်က ဝင်းဝင်းစိုနေသည်။

"တောကြီးငယ်.....တောင်ကာ ဖြူဝါ..... ရွှေသွေး တိမ်စွယ်ရိပ်ကယ်က.... မှေး......နှစ်ကိုယ်စံ ကြံတိုင်းဝေး ရွှေပြည်တော် မျှော်တိုင်း... ငယ်ဝေး"

တင်အောင့်အသံသည် တုန်၍ လှိုက်လှဲသွားသည်။ သဖြန်ကို ဆက်မဆိုတော့ဘဲ နိုင့်ကို ဖက်ထားလိုက်သည်။

လေသည် ဖြည်းညင်းစွာ တိုက်ခတ်လျက်ပင် ရှိလေသည်။

*

mgyoe.com

mgyoe.com

ထမင်းပွဲများ သိမ်းသွား၍ စားပွဲပေါ်တွင် ပုတင်း၊ ကျောက်ကျောနှင့် ကော်ဖီပန်းကန်များသာ ရှိတော့သည်။ စားပွဲတွင် ဝိုင်းထိုင်နေသော လူတစ်စုတွင် ခိုင်တစ်ယောက်ပဲ ပန်းကန်များကို ရွှေ့ရင်း လှုပ်ရှားနေသည်။ ကျန်လူများကား ငြိမ်၍နေကြသည်။

ကိုတင်အောင်သည် နောက်ဆုံး သူ့လက်ထဲမှ ကော်ဖီပန်းကန်ကို မခြခိုင်သို့ လှမ်းပေးလိုက်ရင်း…

"ခုချိန်ကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်နဲ့တကွ တောင်တန်းသားတွေအဖို့ အရေးအကြီးဆုံး အချိန်ပဲ၊ ဗမာပြည်မက လွတ်လပ်ရေးတောင်းဆိုတဲ့အချိန်မှာ ကျွန်တော်တို့တစ်တွေကသာ တစ်ပေါင်းတစ်စည်းတည်း ပါဝင်ဖို့အတွက် ဗိုလ်ချုပ်တို့က စည်းရုံးကြလိမ့်မယ်၊ ခုလဲပဲ စော်ဘွားတွေနဲ့ တော်တော်လေး ဆက်ဆံမှုဟာ စရီးရောက်နေပြီ၊ ဒါပေမင့် ခင်ဗျားတို့အသိပဲ၊ ခုထိ ကျွန်တော်တို့ ရပလလ လူငယ်စုကို နယ်ရှင်တွေ စော်ဘွားတွေဟာ ရာဇဝတ်မှုနဲ့ ဆင်ဖမ်းလို ဖမ်း၊ အနှောင့်အယှက် အမျိုးမျိုးပေးပြီး ပဒေသရာဇ်တော်လှန်ရေး ပျက်ပြားအောင် ဖျက်ဆီးပစ်နေကြတယ်၊ တချို့စော်ဘွားတွေဆိုလဲ အခု ဗိုလ်ချုပ်တို့ရှေ့မှာ ဟန်ဆောင်ပြီး သူတို့အဖွဲ့အစည်းတွေနဲ့ ပြည်ထောင်စုကို စည်းလုံးချင်ဟန်ဆောင်လိမ့်မယ်၊ ဘာပဲပြောပြော ဗိုလ်ချုပ်တို့လူစုဟာ နယ်ချဲ့စနစ်ကို တိုက်ခိုက်နေကြတဲ့လူတွေ၊ နယ်ချဲ့သမားကို ရွံမုန်းနေကြတဲ့လူတွေဆိုတာ စော်ဘွားတွေလဲ အသိပဲ။

"…ဒီတော့ သူတို့ရဲ့နယ်ချဲ့စနစ်ရဲ့အဆွယ်အပွား ပဒေသရာဇ်စနစ်ဟာ တစ်နေ့နေ့ ပျက်ပြုန်းရမယ်ဆိုတာ သိနေတော့ ဘာပဲပြောပြော သူတို့ပြည်ထောင်စုကို ဝင်နေရပေမင့် သူတို့စနစ် ပျက်ပြုန်းရမှာကို စိုးရိမ်နေမှာပဲ၊ တစ်နေ့နေ့ ခွဲထွက်ရေးကိုလဲ ကြံစည်နေကြမှာပဲ၊ အဲဒီလိုအချိန်မှာ အရေးအကြီးဆုံးက ကျုပ်တို့လူငယ်တွေက စိတ်ဓာတ်သိပ်ပြင်းထန်နေတော့ စော်ဘွားတွေကို စော်ဘွားတွေချည်း သက်သက်မြင်ပြီး မုန်းမှာပဲ၊ ပဒေသရာဇ်တွေ ပြုတ်ကျအောင် တိုက်ပစ်ချင်ကြမှာပဲ၊ အမှန်ကတော့ ကျုပ်တို့က စော်ဘွားတွေကို ခွဲမြင်ရမယ်၊ သူတို့ရဲ့နောက်ပိုင်းမှာ ဝင်စွက်ပြီး ပယောဂတွယ်နေတဲ့ နယ်ချဲ့သူလျှိုတွေနဲ့ စော်ဘွားတွေကို ခွဲပြီးမြင်နိုင်ရမယ်၊ ဒီကောင်တွေရဲ့ခြေထိုးမှုဟာ ရာခိုင်နှုန်း အပြည့်ပါနေတာကို အမြဲ သတိရှိပြီး နေရမှာပဲ၊ ကျုပ်တို့ကို ဘယ်လိုပဲ ဖိနှိပ်ပေမင့် သတိထားပြီး နေရမှာပဲ၊ ကျုပ်တို့က တစ်ဖွတ်ထိုး ပဒေသရာဇ်တော်လှန်ရေးကို ဆက်တိုက်လုပ်လိုက်ရင် စော်ဘွားတွေဟာ ပြည်ထောင်စုကို မပူးပေါင်းဘဲ ဟိုကောင်တွေ သွေးဆောင်မှုနဲ့ ခွဲထွက်သွားခဲ့ရင် ကျုပ်တို့လွတ်လပ်ရေးလဲ အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး၊ ဗိုလ်ချုပ်တို့ရဲ့ ရှမ်းစော်ဘွားတွေနဲ့ စည်းလုံးရေးဟာလဲ ပျက်ပြားသွားလိမ့်မယ်"

အန်တီငြိမ်းသည် ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။

"ရှမ်းစော်ဘွားတွေကို ပူးပေါင်းတော့ ကျုပ်တို့လူစုဟာ ပဒေသရာဇ်တိုက်ပွဲကို မျက်ခြည်ပြတ်မသွားဘူးလား၊ ကျုပ်တို့ တိုက်ခဲ့သမျှတွေဟာ နောက်ဆုံး စော်ဘွားတွေကို ဒူးထောက်ရာ ကျမနေဘူးလား၊ ဘာပဲပြောပြော ဒီစော်ဘွားတွေကို ပြုတ်အောင်တိုက်ရမယ်"

mgyoe.com

mgyoe.com

အန်တီငြိမ်းက ပေါက်ကွဲသလို ပြောလိုက်သည်။ ရဲဘော်ထွန်းအေးသည် အန်တီငြိမ်းကို အံ့အားသင့်စွာ ကြည့်နေရာမှ..

"ဒီလိုလေ အန်တီငြိမ်း၊ ခု လာတဲ့ ကိုတင်အောင် ပြောခဲ့ပြီ၊ ရှမ်းစော်ဘွားတွေကိုချည်းပဲ အထီးတည်း မကြည့်ပါနဲ့လေ၊ သူတို့ကိုချည်း ရန်လုပ်နေရင် နောက်ဆုံး မပူးပေါင်းတော့ လွတ်လပ်ရေးဟာ အဓိပ္ပာယ်လဲ မရှိနိုင်ဘူး၊ နိုင်ငြမြဲဖို့လဲ ခဲယဉ်းတယ်၊ ပြည်ထောင်စုစည်းလုံးရေးအတွက် ပူးပေါင်းစည်းရုံးမှုဟာ ပဒေသရာဇ်စနစ်ကို ဒူးထောက်ရာရောက်သွားတယ်ဆိုတာတော့ဖြင့် မဟုတ်နိုင်ဘူး"

အန်တီငြိမ်းက သူတို့စကားများကို လက်ခံနိုင်ပုံ မပေါ်ပေ။ သို့သော် အန်တီငြိမ်းသည် ပဒေသရာဇ်စနစ်ကို တကယ်ပင် မုန်းလေသလား၊ စော်ဘွား တစ်ဦးစ နှစ်ဦးစကိုပင် ကွက်၍ မုန်းနေသလား ဆိုသည်ကိုမူ သူတို့ လူငယ်တစ်စု မသိကြပေ။ အန်တီငြိမ်း၏ ရာဇဝင်နောက်ကြောင်းကိုလည်း ရှမ်းပြည်နယ်တွင် အနေများသည့် ရဲဘော်ထွန်းအေးမှလွဲ၍ သူတို့ မသိကြပေ။ ကိုထွန်းအေးသော်မှ အနည်းအကျဉ်းမျှသာ သိသေးသည်။

"ဒါကတော့ အန်တီငြိမ်းပြောလဲ ပြောစရာပဲပေါ့၊ တချို့လူငယ်တွေလဲ ဒါပဲ သဘောကွဲနေတာပဲ၊ လက်ဝဲဝါဒကို အရင်သွင်းပေးပြီး ပဒေသရာဇ်စနစ်ကို အပြတ်တိုက်ချင်ကြတယ်၊ ပြည်ထောင်စု စည်းလုံးမှုကိုတော့ သူတို့က သိပ်ဂရုမစိုက်ချင်ကြဘူး"

"မင်းတို့ကတော့ ရှမ်းလူထုကို သစ္စာဖောက်ပြီလို့ ငါထင်တယ်"

"အို.. အန်တီငြိမ်း ဒီလိုထင်ရင် မှားလိမ့်မယ်"

အသံလာရာသို့ အားလုံးဝိုင်းကြည့်ကာ အံ့အားသင့်နေသည်။ ထိုအသံမှာ နိုင်ငံရေးတွင် အေးအေးပဲ နေသော မမြနိုင်ပါးစပ်မှ ထွက်လာ၍ သူတို့အံ့အားသင့်ကြခြင်း ဖြစ်ပေသည်။ မမြနိုင်က ဆက်ပြောနေသည်။

"တစ်ဆင့်ပြီးတစ်ဆင့် သွားမှ နိုင်ငံရေးဟာ ဖြစ်လိမ့်မယ်၊ ဖြစ်သင့်တာထက် ဖြစ်ချင်တာတွေကို သိပ်စဉ်းစားနေလို့ မဖြစ်ဘူး၊ ပြည်ထောင်စုစည်းလုံးရေးကို အခုလဲ ဂရုစိုက်ရမယ်၊ နောင်လဲ ဂရုစိုက်ရမယ်၊ ဗမာပြည် ကမ္ဘာမြေပေါ်မှာ ရှိနေသမျှကာလပတ်လုံး ပြည်ထောင်စုစည်းလုံးရေးဟာ ပထမဖြစ်မှာပဲ၊ အခုနေအခါမှာတော့ ရှမ်းစော်ဘွားတွေ နယ်ရှင်တွေ ဒူးဝါးကြီးတွေဟာ အစိမ်းသက်သက်ဖြစ်နေတုန်း ဒီလို ချက်ချင်း ပဒေသရာဇ်စနစ်ကို တိုက်ပစ်၊ လက်ဝဲဝါဒတွေ ရုတ်တရက်သွင်းလို့ မရဘူး၊ သွင်းလိုက်ရင် သူတို့လက်မခံဘဲ ပြည်ထောင်စုကို မပူးပေါင်းရင် လွတ်လပ်ရေးတိုက်ပွဲဟာ စစ်မျက်နှာ များမနေဘူးလား၊ ခုရော နောင်ရော နယ်ချဲ့စနစ်၊ ဒီကမ္ဘာမြေပေါ်မှာ တည်နေသမျှ ဒီတောင်တန်းသားတွေနဲ့ စော်ဘွားတွေကို အစဉ်သွေးဆောင်နေမယ်ဆိုတာတော့ အမြဲသတိထားရင် ကောင်းမယ်"

"ဒီလိုဆို ပဒေသရာဇ်စနစ်အောက်မှာ ရှမ်းလူထုဟာ ငြိခံနေရမလား"

"အန်တီငြိမ်း ဒီလို မဟုတ်ဘူး၊ ပြည်ထောင်စု စည်းရုံးပြီးတဲ့တစ်နေ့ လွတ်လပ်ရေးဟာ အကောင်အထည်ပေါ်လာပြီးရင် ဒါဟာ ရှမ်းလူထုရဲ့ တာဝန်ပဲ၊ ရှမ်းလူထုက ဖိနှိပ်ချုပ်ချယ်မှုတွေကို

mgyoe.com

mgyoe.com

မခံမရပ်နိုင်လို့ အုံကြွလာတဲ့တစ်နေ့ ပဒေသရာဇ်စနစ်ဟာ သူ့အလိုအလျောက် ပြုတ်ကျသွားမှာပဲ၊ ရှမ်းအမျိုးသားတွေ ကံကြမ္မာကို ရှမ်းလူထုက ဖန်တီးလာလိမ့်မယ်၊ ဗမာပြည်မနဲ့ ပူးပေါင်းပြီးတဲ့နောက်လဲ တိုင်းရင်းသားချင်း ဆက်ဆံမှု ရင်းနှီးလာတာနဲ့အမျှ စော်ဘွားတွေ ဒူးဝါးတွေရဲ့ အယုသည်းတဲ့ ပဒေသရာဇ်စနစ်ဟာလဲ တစ်နေ့တခြား လျော့ပါးပြီး ဒီမိုကရေစီကို သက်ဝင်ယုံကြည်လာကြရမှာပဲ၊ သူတို့ဟာ ရှမ်းလူထုကို မလွန်ဆန်နိုင်ပါဘူး၊ သူတို့ အချင်းချင်း နားလည်မှုရှိလာမှ ပြည်ထောင်စုလွှတ်တော်မှာ သူတို့ လိုလားချက်တွေကို တင်ပြနိုင်တာပဲ၊ ခိုင် နားလည်တာကတော့ စနစ်တစ်ခုခုကို သတ်ရင် သစ်စိမ်းချိုး မချိုးစေချင်ဘူး၊ အမြစ်က မျှဉ်းသတ်မှ အကင်းသေမယ်လို့ ယုံကြည်တယ်၊ ဒါပဲလေ ပြည်ထောင်စု ပထမစည်းလုံးစေချင်တယ်"

မမြခိုင်က ခပ်ဖြည်းဖြည်း အဆုံးသတ်လိုက်သည်။ အန်တီငြိမ်းကမူ လက်ခံချင်ပုံ မရပေ။ ကိုတင်အောင်သည် အန်တီငြိမ်း၏ ပဒေသရာဇ်တော်လှန်ရေးစိတ်ဓာတ်ကို ဝမ်းထဲမှ အတော်ချီးကျူးနေမိသည်။ သို့သော် တော်လှန်ရေးတိုက်ပွဲများမှာ စိတ်ဓာတ်ပြင်းထန်တိုင်း တစ်ဖွတ်ထိုး လုပ်၍မရ၊ ဆင်ခြင်တုံတရားသည်သာလျှင် အောင်ပွဲကို ခေါင်းဆောင်နိုင်ပေသည်။

"မမြခိုင် မင်းက ပဒေသရာဇ်သွေးဆိုတော့ မင်းလိုလူမျိုးပါးစပ်က ဒီလိုစကား ထွက်လာတာ ငါ မအံ့သြပါဘူး"

အန်တီငြိမ်းသည် ခပ်တည်တည်ပင် ပြောလိုက်သည်။ မမြခိုင်မှာ အတော်ဝမ်းနည်းစွာနှင့် အံ့အားသင့်နေစဉ် ကိုထွန်းအေးက မျက်စိမှိတ်ပြ၍ သူ့ခမျာ ငြိမ်နေလိုက်လေသည်။ ဖဆပလမှ လူငယ်နှစ်ဦးမှာ ရှမ်းပြည်နယ်ကိစ္စအတွက် ရှမ်းလူငယ်ဆွေးနွေးပွဲဖြစ်၍ သူတို့ ခပ်ငြိမ်ငြိမ်ပင် နေကြသည်။ သို့သော် သူတို့သည် အန်တီငြိမ်းကို အလွန်အံ့သြနေကြသည်။ အန်တီငြိမ်းသည် ဘာလဲဆိုတာကို သူတို့ အလွန်သိလိုလှသည်။

"အန်တီပြန်မယ် မောင်တင်အောင်၊ ညကျရင် မင်းတစ်ယောက်တည်း အန်တီ့အိမ်ကို ခဏလောက် လာခဲ့စေချင်တယ်"

အန်တီငြိမ်းသည် ဒါပဲပြော၍ ထမင်းစားပွဲမှထကာ ပြန်သွားတော့သည်။

မမြခိုင်သည် ခေါင်းကို လေးဆေးစွာ ခါရင်း "ဒီလို ရန်ငြိုးထားကြရင်တော့ မကောင်းကြဘူး၊ ပဒေသရာဇ်သွေးဟာ ပဒေသရာဇ်စနစ်ကို မမုန်းရဘူးလား၊ ခက်တာပါပဲလေ၊ စော်ဘွားတွေစိတ်ကိုတော့ ခိုင် ကောင်းကောင်းသိတယ်၊ သူတို့ကို ဆွဲမထားနိုင်ရင် နိုင်ငံခြားကကောင်တွေက ကောင်းကောင်းကြီး သွေးခွဲနေတယ်၊ တော်ကြာ တစ်စင်ထောင်ကုန်ကြရင် ကိုယ်လိုချင်တဲ့ဘဝ မရောက်ဘဲ နယ်ချဲ့ရှေ့မှာ လက်ဝဲသမားတွေ အကွဲကွဲ အပြဲပြဲနဲ့ ဒူးထောက်ခံရမှာပဲ စိုးတာပါပဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ ကိုယ့်လမ်းစဉ် မှန်ပါလျက်သားနဲ့ ကိုယ်က ကျင့်သုံးပုံမဟုတ်ရင် ကိုယ့်ဝါဒ ကိုယ့်လမ်းစဉ်တွေဟာ လမ်းတစ်ဝက်မှာ ကျဆုံးသွားမှာ စိုးရတာပါပဲ"

"အန်တီငြိမ်းက တော်လှန်ရေးသမားလား၊ ဘာလဲ"

ဖဆပလမှ လူငယ်တစ်ယောက်က လှမ်းမေးလိုက်သည်။ ဘယ်သူမှ ပြန်မဖြေကြပေ။

mgyoe.com

mgyoe.com

"ကျွန်တော် တောင်ကြီးသွားတုန်းကတော့ ရှမ်းပြည်နယ် စာမတတ်သူပပျောက်ရေး လုပ်ငန်းမှာ အတော်ကူညီခဲ့တယ်၊ သူက ကျောင်းဆရာမပဲ"

တင်အောင်က ဒါပဲ ပြန်ဖြေလိုက်သည်၊ သို့နှင့် ကိုတင်အောင်တို့ ထမင်းစားရင်း ဆွေးနွေးပွဲမှာ တစ်ယောက်တစ်ပေါက်နှင့် ပြီးသွားတော့သည်၊

❋

တင်အောင်သည် မနက်က ဆွေးနွေးခဲ့သည့်အကြောင်းများနှင့်ပတ်သက်၍ စိတ်ထဲမှာ မသက်မသာ ဖြစ်နေသည်၊ သူသည် ပဒေသရာဇ်တိုက်ဖျက်ရေးကို သစ္စာဖောက်သူလည်း မဟုတ်၊ ဒူးထောက်ခဲ့သည်လည်း မဟုတ်သည်ကို သူ့ကိုယ်သူ ယုံကြည်ပြီး ဖြစ်လေသည်၊

ဒါပေမင့် အန်တီငြိမ်းသာမက တချို့ရဲဘော်တစ်စုက သူတို့လူသိုက်အား အန်တီငြိမ်း စွပ်စွဲသလိုပင် အစွပ်စွဲခံခဲ့ရသည်၊ ထိုစွပ်စွဲချက်များသည် သူ့ကို သရဲခြောက်နေသလို ဖြစ်နေသည်၊

အဆိုးဆုံးက သူ၏ အချစ်ဆုံး မမြနိုင်ကို ခလုတ်တိုက်မှုပင် ဖြစ်လေသည်၊ သူ့ရဲဘော်များ၏ သံသယမှာ ပဒေသရာဇ်စော်ဘွားတစ်ဦး၏သွေးဖြစ်နေသော မမြနိုင်က တင်အောင်အပေါ် လွှမ်းမိုးသွားမည်ကို ရဲဘော်တစ်စုက စိုးရိမ်နေကြသည်၊ အမှန်မှာ တင်အောင်သည် မမြနိုင် ဘာလဲဆိုတာကို သူတို့ နားလည်စေချင်သည်၊ သူ့မိန်းမသည် သူ၏ ရဲဘော်တစ်ယောက် ဖြစ်ကြောင်း ပြချင်သည်၊ ဒါပေမင့် မမြနိုင်၏ ခပ်အေးအေးနေမှု၊ စာပေနှင့်ပင် အကျွမ်းဝင်၍ အထီးတည်းနေတတ်မှုများသည် တင်အောင်၏ ရဲဘော်တစ်စုနှင့် ရင်းနှီးခွင့် မရခဲ့ပေ၊ ကိုထွန်းအေးတစ်ယောက်သာ ကျောင်းနေဖက်ဖြစ်၍ ရင်းနှီးခဲ့လေသည်၊

ညနေစောင်း၍ အန်တီငြိမ်းဆီ သွားရန် သူပြင်ဆင်နေလေသည်၊ မမြနိုင်သည် အိမ်ရှေ့ရှိ ပန်းရုံများဘေးတွင် ဖြည်းဖြည်းလမ်းလျှောက်နေလေသည်၊ ညနေသည် နေရောင်များပင် မရှိတော့ဘဲ အလင်းရောင်အနည်းငယ်သာ ကောင်းကင်မှပြန်ဟပ်၍ လင်းနေတော့သည်၊

"နိုင်.. မောင်မောင် အန်တီငြိမ်းဆီ သွားဦးမယ်နော်"

နိုင်သည် ပြုံး၍နားထောင်ရာမှ တင်အောင့်လက်ကို လှမ်းဆွဲကာ ခြံဝအထိ လိုက်ပို့လိုက်သည်၊

နိုင်သည် ဝမ်းတွင်းစိတ်တတ်ကောင်းသလို သွက်လက်ဖော်ရွေစွာနှင့် သူ့ရဲဘော်များအား အကျွမ်းဝင်လျှင် ဘယ်လောက်ကောင်းမည်နည်း၊ နိုင်က ပင်ကို အေးအေးနေတတ်သူပင် ဖြစ်နေသည်၊

အန်တီငြိမ်းသည် သူ့ကို အဆင်သင့်စောင့်နေပုံရသည်၊ အလင်းရောင်များလည်း ပျောက်ကွယ်၍ ညဦးသည် တိတ်ဆိတ်နေသည်၊

"မောင်တင်အောင်.. လာဟေ့"

အန်တီငြိမ်းသည် ဆီးကြို၍ နေရာပေးလိုက်သည်၊ အန်တီငြိမ်းမှာ သန့်ပြန့်သောရုပ်ရည် ရှိသော်လည်း သူ့အလှမှာ လူတွေကို ဖမ်းနေပုံရသည်၊ တည်ငြိမ်ရည်မွန်သောအလှ မဟုတ်ပေ၊ တင်အောင်သည် ဒါကို မကြည့်တတ်ပေ၊

mgyoe.com

mgyoe.com

"အန်တီ ကျွန်တော့်ကို ခေါ်တာ မနက်က ဆွေးနွေးတဲ့ကိစ္စပဲမို့လား၊ ဘာပြောချင်သေးလို့လဲ"

အန်တီငြိမ်းသည် အနည်းငယ် ပြုံးလိုက်လေ၏။

"သတိ နည်းနည်းပေးချင်လို့ပါပဲ၊ သွေးတို့ ဗီဇတို့ဆိုတာ မင်းက ယုံမလား မယုံလား မသိဘူး၊ လူဆိုတာ မောင်တင်အောင် နဂိုဗီဇကို ဖျောက်နိုင်ခဲတယ်၊ ဘာပဲပြောနေနေ မင့်မိန်းမဟာ ပဒေသရာဇ်သွေးပဲ၊ သွေးမှ သွေးစစ်ဆိုပါတော့၊ သူ့အဖေ စော်ဘွားဆိုတာတော့ ရှမ်းလူထုအပေါ်မှာ အမျိုးမျိုးညှဉ်းပန်းနှိပ်စက်တဲ့ လူတစ်ယောက်ပဲ၊ သိပ်ပြီး ရက်စက်တယ်၊ ဒီတုန်းက မင်းတို့ ငယ်သေးတယ်၊ ပြီးတော့ သူ သေခါနီးလောက်မှာ မင်းက ရှမ်းပြည်နယ်ကို ပြန်လာခဲ့တာ၊ သူ့အဖေအကြောင်း ဘယ်သိမလဲ၊ ခုလဲ ပဒေသရာဇ်တွေကို ထိခိုက်လာတယ်ဆို၊ ကြည့်လေ.. မင့်မိန်းမက ဝင်ပြီး ကာကွယ်တာပဲ"

အန်တီငြိမ်းသည် လေးလေးနက်နက် တစ်လုံးချင်း ပြောပြနေလေသည်၊ ညဥ့်သည်လည်း တိတ်ဆိတ်၍ လေများသာ အပြင်တွင် ဝှေ့ယမ်းနေကြလေသည်၊ တင်အောင်သည် ဘာမျှပြန်မပြောသေးပေ၊ ငြိမ်၍ပင် နားထောင်နေလေသည်၊ သူ့အဖို့လည်း အန်တီငြိမ်းကို အစဉ် ရိုသေနာခံခဲ့သူ ဖြစ်သည်သာမက သူတို့လုပ်ငန်းများတွင် ကူညီခဲ့သည့်အတွက် ရိုးသားစွာ ကြည်ညိုလျက်ရှိလေသည်၊ ရိုးသားသည့်လူတိုင်းသည် မိမိနှင့် ဆက်ဆံသမျှ လူတိုင်းကို ရိုးရိုးသားသားပင် ဆက်ဆံတတ်သည်၊ သူတို့လိုပင် စိတ်ဓာတ်ရိုးသားသည်ဟု ယုံကြည်တတ်ကြမြဲ ဖြစ်လေသည်၊ ကိုတင်အောင် အဖို့ ဘာပဲဖြစ်နေနေ သူတိုင်းပြည်အပေါ်တွင် သူ ရိုးသားစွာရှိသည်၊ သူ့တိုင်းပြည်နှင့် လူမျိုးအတွက်လည်း အမျိုးမျိုး အဆုံးရှုံး အနစ်နာခံနိုင်မည့်သူ ဖြစ်သော်လည်း ရှုပ်ထွေးရန် ကွက်ကျော်ဆင်၍ လာတတ်သော နိုင်ငံရေးပရိယာယ်ဆင်မှုများကို သူ သတိမထားတတ်ပေ၊ သူကိုယ်တိုင်ကလည်း လောကကြီးရှိ လူတို့၏ ညစ်ပတ်ယုတ်မာမှုများကို သိပ်မသိသေးသော ဘုန်းကြီးလူထွက်သာသာ နိုင်ငံရေးသမားတစ်ယောက် ဖြစ်ပေသည်၊

"မိန်းမဆိုတာ အမျိုးမျိုးရှိတာပဲ အန်တီ၊ အပြင်မှာ ထွက်ပြီး နိုင်ငံရေးမဆောင်ရွက်ပေမင့် နောက်ပိုင်းက မထင်မရှားကူညီနေတာတွေလဲ ရှိတာပဲ၊ ခိုင်ဆိုရင်လဲ ပဒေသရာဇ်သွေးတော့ အမှန်ပါပဲ၊ ဒါပေမင့် သူ အလုပ်မလုပ်ခင်ကဆို ကျွန်တော်ဖတ်တဲ့စာအုပ်တွေ အမြဲဖတ်နေလေတော့ နိုင်ငံရေးအပေါ် သူ့အထင်အမြင် အယူအဆတွေဟာလဲ သိပ်ရိုင်းမယ် မထင်ဘူး၊ သူကလဲ အရာရာမှာတော့ မစွက်ဖက်ပါဘူး၊ နေ့လယ်က အန်တီ့အပေါ် သူ ပြောစကားတွေဟာ ဝင်စွက်ရာကျနေရင်လဲ ကျွန်တော်တောင်းပန်ပါတယ်၊ တစ်ခုကလဲ ကျွန်တော်တို့က ပဒေသရာဇ်စနစ်ကို ခင်တွယ်လွန်းလို့ အခုလက်လျှော့ပေးချင်လို့ စော်ဘွားတွေကို ပူးပေါင်းတယ် မထင်ပါနဲ့ အန်တီ၊ ကျွန်တော်တို့တိုက်ပွဲဟာလဲ မီးမသေစေရပါဘူး စိတ်ချပါ၊ ကျွန်တော်တို့ လူတိုက်တာ မဟုတ်ဘဲ စနစ်ကို တိုက်နေကြတာပဲ"

တင်အောင် ခေတ္တမျှ နားလိုက်လေ၏။

mgyoe.com

mgyoe.com

"ဥပမာဆိုကြပါစို့၊ ဗမာပြည်အုပ်ချုပ်ရေး စက်ယန္တရားကြီးဟာ ဗျူရိုကရက် စက်ယန္တရားပဲ၊ ဒါကို ပြုပြင်ရမယ်၊ ဒီစနစ်ကို သုတ်သင်ရမယ်၊ ဒီစနစ် မကြိုက်တာနဲ့ ဒီစနစ်အောက်မှာ အလုပ်လုပ်နေရတဲ့ အတွင်းဝန်တွေကအစ စာရေးအထိ ဖြုတ်ပစ်ရမယ်ဆိုတာကတော့ မဖြစ်နိုင်ဘူးဘဲ၊ ဒီလိုပါပဲ ကိုယ့် တိုင်းပြည် ကိုယ် ပိုင်ပိုင်နိုင်နိုင်ရပြီးလို့ နယ်ချဲ့လက်အောက်က လွတ်လပ်ရေးတိုက်ပွဲပြီးရင် ကျွန်တော် တို့ဟာ လူတန်းစားလွတ်မြောက်ရေးဖြစ်တဲ့ ခုလို ပဒေသရာဇ်တိုက်ပွဲတွေ၊ ဗျူရိုကရက် စက်ယန္တရား ဖျက်သိမ်းရေးတွေ ဆက်လုပ်ရဦးမှာပါပဲ အန်တီ၊ တစ်ခုပြီးမှ တစ်ခုလုပ်တော့ ကျွန်တော်တို့မှာ အနှောင့်အယှက်နည်းတာပေ့ါ၊ နေ့လယ်က ခိုင်ပြောတာကလဲ ဒါကို ဆိုလိုချင်တာပါပဲ၊ သူ့ စကား အပြောမတတ်လို့ ဖြစ်လိမ့်မယ်"

အန်တီငြိမ်းက ခေါင်းညိတ်ရင်း "သူ့ ပြောတာကို အန်တီ စိတ်မခုပါဘူး၊ ဒါပေမင့် မင်းဟာ စော်ဘွားသမီးကို ယူထားလေတော့ ကာယကံမြောက် တိုက်ရိုက်မနှောင့်ယှက်တောင် သွယ်ဝိုက်တဲ့ နည်းနဲ့ မင်းတို့အရှိန်ညံ့အောင်၊ မင်းရဲ့ခေါင်းဆောင်မှုလဲ လမ်းပြောင်းသွားအောင် သူကတော့ နောက် ပိုင်းက လုပ်နေမှာပဲ၊ ဒီနေ့ပြောတဲ့စကားတွေပဲ မင်းကြည့်တော့လေ၊ အေး... အန်တီကတော့ သတိရှိဖို့ ပြောတာပါပဲ"

တင်အောင်သည် တွေ၍နေ၏။

"သတိတော့ ထားတာပေ့ါ အန်တီ၊ ဒါပေမင့် သူက ကျွန်တော့်လုပ်ငန်းတွေမှာ မနှောင့်ယှက် တဲ့အပြင် အစစ ကူညီနေတာပဲ၊ ငွေရေးကြေးရေးဆို တော်လှန်ရေးတုန်းက သူ ရှိသမျှ ထုတ်ပေးခဲ့ တာပဲ"

"ဟိုတုန်းက ဗမာပြည်မ ကိစ္စကိုး၊ ခု ရှမ်းပဒေသရာဇ်တွေ ထိလာတော့ သူ ဘာစကားပြောလာ လဲ၊ အေးလေ ငါကတော့ ရှမ်းလူထုအပေါ်မှာ မင်းခေါင်ဆောင်မှု ပျောသွားမှာသာ စိုးရိမ်တာပါပဲ"

တင်အောင်သည် စိတ်ပြင်းထန်သူပီပီ ခေါင်းကို သွက်သွက်ခါလိုက်ရင်း "ကျွန်တော့်လုပ်ငန်းမှာ ဘယ်သူ့သွေးဆောင်မှုမှ ကျွန်တော်မခံဘူး၊ ကျွန်တော် ပညာသင်ရေးရော စီးပွားရေးရော စွန့်လွှတ် ခဲ့တာဟာ ရှမ်းလူထုအတွက်ပဲ၊ ဘယ်တော့မှလဲ အလျှော့မပေးဘူး"

အန်တီငြိမ်းသည် ခေါင်းညိတ်ရင်း ပြုံးမဲ့မဲ့လုပ်နေလေသည်။ အမှန်တော့ကာ အန်တီငြိမ်း အပြုံးသည် ကြောက်မက်ဖွယ်အတိ ပြည့်နေသည်ကိုမူ တင်အောင်က လုံးဝသတိပြုမိမည် မဟုတ် ပေ။ သူ၏ သန့်သန့်ရှင်းရှင်းယုံကြည်ချက်နှင့်ပင် အန်တီငြိမ်းစကားများကို လေးစားလျက် ရှိလေ သည်။

## (၅)

မမြခိုင်သည် ယခုအပတ် စနေနေ့တွင် ခပ်စောစောပဲ အိမ်သို့ပြန်လာခဲ့သည်။ တင်အောင်မှာ ယခုတစ်ခါ အိမ်တွင် တွေ့ရသည်။ စာဖတ်ခန်းထဲတွင် စာဖတ်ရင်း မိုန်းနေပုံရလေသည်။

မြခိုင်သည် အခန်းဝတွင် သွား၍ရပ်ရင်း ကိုတင်အောင်ကို လှမ်း၍ကြည့်နေသည်။ ခြေသံ ကြား

mgyoe.com

mgyoe.com
ကြားချင်း တင်အောင်သည် မျက်စိဖွင့်လိုက်ကာ "ဟော.. နိုင် ပြန်လာပြီလား၊ မောင်မောင် နည်းနည်း မူးလို့ မှိန်းနေတယ်၊ လာပါဦး"

မမြနိုင်သည် အသာဝင်သွား၍ တင်အောင် လက်ဆန့်ထားသည်ကို ဖက်ကိုင်ရင်း ကြမ်းပေါ်တွင် ဒူးထောက်လိုက်သည်။

"နေမကောင်းဘူးလား" တိုးတိုးလေး ကပ်၍မေးလိုက်သည်။

"နေကောင်းပါတယ်ကွယ်" ပြုံး၍ တင်အောင်က ဖြေလိုက်သည်။

မမြနိုင်သည် သူ့ခေါင်းလေးကို တင်အောင့်လက်ပေါ်တွင် မှေးလိုက်ရင်း "နိုင့်ကို ဆေးမင်းကြီး ဒေါက်တာကျော်ထင်က ပြောတယ်၊ မေမြို့(ပြင်ဦးလွင်) မှာ နှစ်နှစ် ပြောင်းလုပ်ဖို့ ပြောတယ်၊ ပြီးရင် အမေရိကကို ပညာတော်သင်သွားဖို့ စီစဉ်ပေးမယ်တဲ့" ဟု စိတ်မပါသလို ပြောပြလေသည်။

"အို.. ဟုတ်လား နိုင်"

တင်အောင်သည် ရုတ်တရက် ဝမ်းသာသွားသည်၊ သူ့ဇနီးသည်မှာ အမှန်တော့ သူ့ ကြောင့် စည်းစိမ်အားလုံးကို စွန့်လွှတ်ခဲ့သည်၊ နောက်ဆုံး ဘဝရည်မှန်းချက်ကို လွှဲဖယ်ကာ ပညာသင်ရပ်စဲခဲ့ရသည်၊ သူက သူ့ဇနီးအား ဇနီးတစ်ယောက်အနေနှင့်လည်း ဘာတစ်ခုမျှ ဖန်တီးမပေးခဲ့နိုင်သေးပေ၊ ဒါကိုတော့ သူ နားလည်ပါသည်၊ ပညာဆက်လက်သင်ကြားရေးအတွက်လည်း ဘာမျှ အကူအညီ မပေးနိုင်ခဲ့ပေ၊ သူ့မျှော်မှန်းချက် ရည်ရွယ်ချက်ကြီးတွေကိုသာ တစ်ဖွတ်ထိုး လိုက်နေခဲ့လေသည်၊ ထိုမျှ ဥပေက္ခာထားနေသော အဖြစ်ထဲက ကြီးမားလှသော စေတနာဖြင့် နိုင်က သူ့ဘာသာသူ့ဘဝကိုသူ ဖန်တီး၍ တင်အောင့်နောက်တွင် အခြေမြဲမြဲနှင့် နေခဲ့သည်ကို သူ ကျေးဇူးတင်၍မဆုံး၊ နိုင့်ကိုလည်း သိပ်သနားသလို ဖြစ်လာခဲ့သည်၊ နိုင့်လက်ကလေးများကို ဆုပ်နယ်ရင်း သူ ဝမ်းနည်းမိသည်၊ ဒါပေမင့် သူမတတ်နိုင်သော နိုင်ငံခြားပညာသင်သွားရေးကို အကြောင်းအားလျော်စွာ အခြေအနေက ဖန်တီးလာခဲ့၍ သူ ဝမ်းသာသွားသည်။

"နိုင် ဒီလိုဆို မေမြို့ကို သွားရမှာပေါ့နော်"

မမြနိုင်သည် ကြောင်သွားသည်၊ တင်အောင်ကို စေ့စေ့မော်ကြည့်ရင်း လည်ပင်းကို လှမ်းဖက်ကာ ရှိုက်၍ရှိုက်၍ ငိုလိုက်တော့သည်၊ သူမဝမ်းထဲမှာ ပြောစရာတွေ၊ ပြောချင်တာတွေ အများကြီးဖြစ်လာသည်၊ ပြော၍မရတိုင်း ငိုချလိုက်သည်၊ တင်အောင်က ကျောကို သပ်ကာ နှစ်သိမ့်နေသည်။

"နိုင်ကလဲကွယ် ကလေးဆန်လိုက်တာ"

နိုင်သည် ဆက်၍ရှိုက်ရာမှ "နိုင် နည်းနည်းမှ မသွားချင်ဘူး၊ မောင်မောင် သိပ်ရက်စက်တာပဲ၊ နိုင် ဒီလိုပဲ အမြဲခွဲနေရမှာလား"

နိုင် အပြည့်အကျပ်ပြောချင်တာတွေကြားမှ တစ်စိတ်တစ်ပိုင်းမျှကို ထုတ်ဖော်လိုက်သည်၊ အမှန်မှာ နိုင်ပြောချင်သည်မှာ အများကြီးပင်၊ နိုင်က မပြောရက်၊ သူ့စကားလုံးများ၊ သို့မဟုတ် နိုင်ဖြစ်လိုသော အခြေအနေများသည် သူ့ယောက်ျား၏ ရည်မှန်းချက်ကို ထိခိုက်သွားမှာ စိုးသည်၊ စိတ်
mgyoe.com

mgyoe.com

ညစ်သွားမှာ စိုးသည်။ မအောင့်အည်း မထိန်းနိုင်လွန်း၍သာ စကားလုံးများအစား မျက်ရည်များ သွန်ထွက်လာခြင်း ဖြစ်ပေသည်။

နောက်ဆုံး ခိုင်သည် ဘာမျှမပြောတော့ဘဲ လွန့်ထွက်ကာ အခန်းပြင်သို့ ထွက်သွားတော့သည်။

တင်အောင်သည် သူ့ချစ်ဇနီးကို ငေးကြည့်ရင်း မောကျန်ရစ်ခဲ့သည်။ သူတို့၏ နိုင်ငံရေးပြဿနာများကား ရှင်း၍ဆုံးခန်းသို့ ရောက်ရမည့်အစား ပို၍ရှုပ်ထွေးကာ သဘောကွဲလွဲမှုများသာ များလာခဲ့သည်။ ကွန်မြူနစ်ရဲဘော်တစ်စုက လက်ဝဲဝါဒကို အရင်သွင်း၍ ပဒေသရာဇ်စနစ်ကို တိုက်ပစ်ချင်သည်။

ဗိုလ်ချုပ်တို့ကလည်း (ပြည်ထောင်စု) ကို အရင်စည်းလုံးစေချင်သည်။ ပြီးမှ ကြိုက်သလို ပုံဖော်စေချင်သည်။

တင်အောင်တို့ ရှမ်းအမျိုးသားတို့အဖို့ ထိုပြဿနာက ပိုအရေးကြီးလာသည်။ ရှမ်းတွင်မကကချင်ရော ချင်းအဖို့ရော စဉ်းစားစရာများ ဖြစ်လာသည်။ အမှန်အတိုင်း အင်္ဂလိပ်နယ်ချဲ့သမားတို့၏ သွေးခွဲမှုစနစ်အောက်တွင် ကြီးထွားရှင်သန်ခဲ့ရသော ပဒေသရာဇ်သွေး နယ်ရှင် စော်ဘွားတို့၏စိတ်ဓာတ်မှာ ပဒေသရာဇ်ဘဝကို စွန့်ရမည့်ဝါဒကို တွေ့သည်နှင့်တစ်ပြိုင်နက် တီကိုဆားနှင့်တို့သလို တွန့်သွားကြသည်။ သူတို့အစဉ်အဆက်စိုးစံခဲ့သော ထီးနန်းရိုက်ရာများကို မစွန့်လွှတ်လိုကြပေ။ သူတို့ကိုသာ အပြင်းအထန် ဗမာပြည်မက ပဒေသရာဇ်အဖြစ်ကို စွန့်လွှတ်ခိုင်း၍ ကွန်မြူနစ် ဆိုရှယ်လစ်စနစ်များကို အတင်းသွင်လျှင် သူတို့ကလည်း နိုင်ငံခြားကို လက်လှမ်းကာ ပြည်ထောင်စုမှ ခွဲထွက်မည် တကဲကဲ ဖြစ်နေကြလေသည်။

ပြည်ထောင်စုကို စည်းလုံးမိပြီးမှ ရှမ်းလူထုက တဖြည်းဖြည်း နိုးကြားအံ့ကြွကာ ဒီမိုကရေစီသို့ ပြောင်းလဲလိုက်ခြင်းက အန္တရာယ်ကင်းစွာနှင့် ပဒေသရာဇ်စနစ် ချုပ်ငြိမ်းလိမ့်မည်ဟု မမြခိုင်က ယုံကြည်သည်။ တင်အောင်ကလည်း ယုံကြည်သည်။ ဒါပေမင့် သူက သူ့ရဲဘော်တစ်စုနှင့် အန်တီငြိမ်းတို့၏ ယူဆချက်ကို ပို၍လေးစားသည်။ "စော်ဘွားတွေက လက်ကမ်းလိုက်တော့ ပိုပြီး အနိုင်အမာဖြစ်လာမှ၊ တင်းကျပ်လာမှ ဒီစနစ်ကို တိုက်ရရင် သာပြီး အခက်အခဲမတွေ့ဘူးလား" ဟူသော အန်တီငြိမ်းစကားကို သူ သတိရလာသည်။

မမြခိုင်နှင့် သူ ခပ်ဝေးဝေးနေရသည်ကိုပင် ကောင်းသည်ဟု သူ ထင်မြင်လာပြန်သည်။

မမြခိုင်သည် မေမြို့သွားရန်ကိစ္စနှင့် ပတ်သက်၍ ဘာမျှမပြောတော့ပေ။ တင်အောင်အနားကိုလည်း သိပ်မကပ်တော့ဘဲ သူ့ဘာသာပင် နေတော့သည်။

ဆောင်းဦး၏ ပထမပတ်တွင် မမြခိုင်သည် မေမြို့သွားရန် စီစဉ်တော့သည်။ တင်အောင်အတွက် နေရေးထိုင်ရေးလည်း လူတစ်ယောက်ငှားထားခဲ့ကာ မေမြို့သို့ ထွက်လာရန် စီစဉ်တော့သည်။ မမြခိုင်သည် ဖြစ်သမျှအကြောင်းတွေကို ကျိတ်မှိတ်၍ ခေါင်းငုံ့နေတော့သည် ထင်သည်။

mgyoe.com

mgyoe.com

သို့သော်လည်း နောက်ဆုံးသွားခါနီးရက်တွင် မမြနိုင်သည် သူ့လင်ကို ရဲရင့်စွာ ရင်ဆိုင်လိုက်သည်။

အချိန်မှာ အိပ်ခါနီးဖြစ်၍ ညဥ့်အတော်နက်နေလေသည်။ အပြင်တွင် လသာသလောက် တိတ်ဆိတ်နေသည်။ မမြနိုင်သည် ပြတင်းမှာရပ်ရင်း အပြင်မှအလှကို စူးစိုက်စွာ ကြည့်နေသည်။ အမှန်မှာ သူသည် စကားပြောရန် အားယူနေသည်။

တင်အောင်သည် ခုတင်ပေါ်မှာ လှဲနေပေမင့် မအိပ်သေးပေ။ သူ့လိုပဲ ပြင်ပမှအလှကို စိတ်ဝင်စားနေသည်။ အပြင်သည် လရောင်နှင့် ရွှန်းရွှန်းစို၍ သစ်ရွက်များမှာ ငွေရောင်တောက်နေကြသည်။

လေအေးများ ဖြည်းညင်းစွာတိုက်ခတ်သံမှာ ညဥ့်၏အလှကို တေးညည်းနေသည်နှင့် တူလှသည်။

"နိုင် ဒီကိုလာပါဦးကွယ်၊ မပြေးဖို့သွားဖို့ အားလုံးအဆင်သင့်ပဲနော်"

နိုင်သည် တင်အောင်က စကားစလိုက်သည့်အတွက် အတော်ရင်ထဲတွင် ပေါ့သွားသည်။ မှန်သည်၊ ဘာပညာပဲ တတ်နေနေ၊ ဘယ်လိုပင် အခွင့်အရေးရနေနေ လင့်အပေါ်တွင် ကြောက်ရွံ့မှုနှင့် ရှိသေမှုများမှာ များသောအားဖြင့် မိန်းမတိုင်းတွင် ရှိခဲ့လေသည်။ ပြီးတော့ နိုင်က စိတ်ထဲတွင် သူပြောချင်သော စကားများသည် တင်အောင်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ကို သူမ ကြိုတင်နားလည်ပြီးဖြစ်၍ စတင်ရန် လန့်နေခြင်းဖြစ်နေလေသည်။

အတွင်းဘက်သို့ လှည့်လိုက်၍ တင်အောင်ကို လှမ်းကြည့်လိုက်သည်။ သူသည် ဖြည်းညင်းစွာ အားယူ၍..

"ဟုတ်ကဲ့ မောင်မောင်၊ အဆင်သင့်တော့ ဖြစ်နေပြီ"

ရှေ့ဆက်၍ မပြောနိုင်သလို ရပ်နေလေသည်။ တင်အောင့်မျက်နှာကမူ ပြုံးနေပုံရသည်။ ဒါကိုပဲ မမြနိုင်က မကြည့်ချင်ပေ။ တင်အောင်ကလည်း သူ့ပီတိနှင့်သူ ပြုံးနေခြင်းဖြစ်ပေသည်။

"နောက်နှစ်နှစ်ဆို နိုင်တော့ အမေရိက သွားရမှာပဲနော်၊ အမေရိကားက ပြန်လာရင်တော့ နိုင့်စိတ်ဓာတ်နဲ့ဆို ဆရာဝန်ကောင်း၊၊ ပြည်သူ့ဆရာဝန်ဆိုပါတော့လေ ဖြစ်နိုင်မှာပဲနော်"

နိုင်သည် အားရဝမ်းသာ ပြောနေသော သူ့လင်မျက်နှာကို မျှော်လင့်ချက်ကင်းမဲ့စွာ ကြည့်နေရင်း ဝမ်းနည်းလာသည်။

"အဲဒီတော့ မောင့်စိတ်ထဲမှာ နိုင်တို့နှစ်ယောက် အိမ်ထောင်ရေးဟာ တိုးတက်လာတယ်လို့ ထင်မှာလား"

"အို နိုင်ရယ်.. တိုးတက်လာတာပေါ့ကွယ်၊ နိုင့်အတွက်ဆို သာဂုဏ်ယူနိုင်သေးတယ်၊ စီးပွားရေးကို လုံးဝစွန့်ပစ်ထားတဲ့ လင်တစ်ယောက်ကိုလဲ ယူထားရသေးတယ်၊ ကိုယ့်ဘဝကိုလဲ ကိုယ် တိုးတက်အောင် ဖန်တီးသွားနိုင်သေးတယ်ဆိုတဲ့ မိန်းမတစ်ယောက်ဟာ.."

"မဟုတ်ဘူးမောင်... မဟုတ်ဘူး"

mgyoe.com

mgyoe.com

နိုင်သည် ပြတင်းမှာပဲ မတ်တတ်ရပ်ကာ ခေါင်းကို ယမ်းနေသည်။ ပြတင်းမှ လေအေးများကြောင့် ဆံနွယ်လေးများမှာ ရွေ့လျား၍ ကိုယ်သည် ယိမ်းယိုင်နေပုံရနေလေသည်။

"မောင်မောင်တို့ လောကကို တွက်တာက တစ်မျိုးပါပဲနော်၊ မျက်မြင်တွေ့နေရတဲ့ တိုးတက်မှုတွေကိုသာ ကြည့်ပြီး ဒီတိုးတက်မှုရအောင် အပြင်းအထန်လုံးပန်းနေကြတာပဲ၊ အဲဒီ တိုးတက်မှုတွေနောက်ပိုင်းမှာ မမြင်နိုင်တဲ့ ဆုတ်ယုတ်မှုတွေ တဖြည်းဖြည်းလျှောကျသွားကုန်တာကိုတော့ မောင်မောင် တွက်မိမှာမဟုတ်ဘူးနော်"

"ဘာ ဘာ.. နိုင် ဘာပြောတယ်၊ မောင်မောင် နားမလည်ဘူး"

တင်အောင်သည် စိတ်ပါလာကာ ခေါင်းအုံးပေါ် လက်ထောက်၍ လှမ်းမေးလိုက်သည်။

နိုင်သည် ရှင်းပြရန် လိုလာသည်။ သူမမှာ တစ်ခုညှဉ့်နေသည်။ သူ့ဝမ်းထဲက နားလည်သလို အပြင်ကို မထုတ်ဖော်တတ်ပေ။ ခုတော့ သူ အစွမ်းကုန်ပဲ ရှင်းလိုက်သည်။

"ဒီမှာ မောင်မောင်၊ ဥပမာဆိုကြပါစို့ လောကဓာတ်ပညာအရ လျှပ်စစ်ဓာတ်တွေကို တီထွင်လိုက်ကြတယ်၊ တစ်ကမ္ဘာလုံး တိုးတက်လာကြတယ်၊ ဘယ်သူမဆို ဒါဟာ တိုးတက်မှုဆိုတာ ဝန်ခံကြမှာပဲ၊ ဒါပေမင့် နောက်နှစ်ပေါင်း ၂၀၀ လောက်ကျရင် ကမ္ဘာမှာရှိတဲ့လူ ၅၀ ရာခိုင်နှုန်းဟာ မျက်မှန်တပ်ရတော့မယ်၊ ကန်းကြရ မှုန်ကြရတော့မယ်လို့ လောကဓာတ်ဆရာတစ်ဦးက ပြောခဲ့တယ်၊ လျှပ်စစ်ဓာတ်ပေါ်မှုကြောင့် တိုးတက်လာတာတွေရဲ့နောက်ပိုင်းမှာ အကန်းဖြစ်ကြရတော့မယ်ဆိုတဲ့ ဆုတ်ယုတ်မှုတွေကို လူတွေ သတိထားမိကြမှာမဟုတ်ဘူး"

နိုင်သည် စကားစကို ရပ်လိုက်ကာ အသက်မှန်မှန်ရှူနေသည်။ မျက်လုံးများမှာ သူ့ချစ်လင်ကို စူးစိုက်စွာ ကြည့်နေလေသည်။

"ဒီလိုပဲ ခု နိုင်တို့ရဲ့ အိမ်ထောင်ရေးမှာ တစ်ယောက်နဲ့တစ်ယောက် ခွဲနေပြီး ကြီးပမ်းမှုတွေဟာ တိုးတက်နေတယ်လို့ မောင်မောင်က ထင်မှာပဲ၊ နောက်ပိုင်းမှာ စိတ်ဓာတ်တွေဟာ နှစ်ယောက် အတူမနေရလို့ မသိမသာပျက်ပြားကုန်မှာတွေ၊ စိတ်ဓာတ်ကျမှာတွေကို မောင်မောင်တွက်မိရဲ့လား"

"အို.. ဘာလို့စိတ်ဓာတ်ကျရမှာလဲ နိုင်"

"မောင်မောင်ဟာ သာမန်နိုင်ငံရေးသမားတစ်ယောက်ပါကွယ်၊ ပုထုဇဉ်တစ်ယောက်ပါ၊ ရဟန္တာမဟုတ်ပါဘူး၊ ဘယ်တော့မှလဲ နိုင်ငံရေးမှာ အစွမ်းကုန် သံပတ်မလျှော့တမ်း လုပ်လို့မရဘူး၊ အနားယူချင်စိတ်တွေ သာယာမှုတွေကို တစ်ခါတစ်ခါ ခံစားချင်စိတ်တွေ မောင်မောင် ချိုးနှိမ်ထားလို့ ရမတဲ့လား"

"ဩော်.. နိုင်ကလဲ အင်မတန် အယူအဆရှေးဆန်တာကိုကွယ်၊ ဒါကြောင့်လဲ နိုင့်ကို ပတ်ဝန်းကျင်က ပဒေသရာဇ်အယူအဆ ရှေးဆန်မှုတွေ ရှိတုန်းလို့ ပြောနေကြတာပဲ"

"ဘာ... ပဒေသရာဇ်အယူအဆ.."

နိုင်က နားမလည်ပေ။

"မောင်မောင်ဟာ ခက်ပါတယ်လေ၊ ကိုယ့်ကိုယ်ကိုယ် ညာနေပါတယ်"

mgyoe.com

mgyoe.com

ဇင်သည် စိတ်ပျက်စွာပင် ပြတင်းပေါက်အပြင်သို့ ပြန်လှည့်လိုက်ကာ ငေးမြိငေးနေလိုက်တော့သည်။

ထိုနေ့မှစ၍ မမြနိုင်သည် လူ့လောကကို ဘာမျှမဖန်တီးချင်တော့ပေ။ ဖြစ်လာသမျှသော အကြောင်းတရားတွေကိုသာ မမြနိုင်က လက်ခံတော့မည်။ သူမ၏ မျိုသိပ်အောင့်အည်းချက်များကို ဘယ်လိုဖော်ရမည်မှန်း မသိခဲ့။ အမှန်တော့ကာ သူ့ဘဝကို မကျေနပ်သည်မှာတော့ အမှန်ပဲ ဖြစ်သည်။ သို့သော် မကျေနပ်ချက်များကို ကျိုးကြောင်းပြ သေချာစွာနှင့် သူ့ခမျာ မဖော်ပြတတ်တော့ပေ။ တစ်ပတ်ကြာတွင် မေမြို့သို့ ထွက်လာခဲ့တော့သည်။

(၆)

တအုံ့နွေးနွေးနှင့် ရက်များကား ကုန်လွန်ခဲ့သည်။ အေးစက်သော ညဥ့်ချိန်တွင်လည်း တစ်ယောက်တည်း ပျင်းရိစွာ လှဲနေခဲ့သည်။ ရံဖန်ရံခါ လရောင်ခြည်သန်းနေသော မွေ့ရာဖြူကို ငေးရင်းပင် သူသည် ကြူကြူပါအောင် ငိုခဲ့ရသည်။

သည်လိုနှင့်ပဲ ဆောင်းကလည်း နှောင်း၍လာခဲ့သည်။ ညနေစောင်းဝယ် နှင်းကြွင်းလေးများ အုံ့ပျပျနှင့် ဝေ၍နေကြသည်။ ဖျော့လွန်းသော နေရောင်များလည်း ခပ်မှိန်မှိန်ပဲ လောကတွင် ကျန်ရစ်တော့သည်။

နိုင်သည် မနက်က လူနာအချို့ကို ခွဲစိတ်ခဲ့ရ၍ မောနေသည်။ ပြတင်းကို ဘေးတိုက်မှီကာ အပြင်၏ မှုန်မှိုင်းမှိုင်းဖြစ်နေသောညနေကို မေး၍ကြည့်နေသည်။

ဆရာဝန်ကြီးနှင့် သူ့မိန်းမသည် နိုင့်အိမ် ခြံစည်းရိုးပြင်ဘက်မှ ဖြည်းဖြည်း စကားပြော၍ လျှောက်သွားကြသည်။ ပုဏ္ဏရိပ်စည်းရိုးမှာ ဆရာဝန်ကတော်နီးလောက်ပင် မြင့်သည်။ မီးခိုးရောင် ဖျော့ဖျော့ ဘလေဇာကို ဝတ်၍ ကြော့ကြော့လေးလျှောက်နေသော ဆရာဝန်ကတော်မှာ ညနေရိုးရီတွင် အလွန်လှပနေပါသည်။ အမှန်မှာ နှစ်သိမ့်ချိုပြုံးနေသော ဆရာဝန်ကတော်မျက်နှာသည် အလှကို သာလွန်၍ တောက်ပစေပါသည်။ ဆံနွယ်များလည်း ဆောင်းနှောင်းလေဝယ် ဝေ့ကာ နွဲ့ကာဖြင့် သူတို့၏အရိပ်သည် နိုင့်ရှေ့မှ တဖြည်းဖြည်းပျောက်ကွယ်သွားကြသည်။ နိုင်သည် ပြတင်းမှ ခွာလိုက်သည်။ အိမ်ခန်းဆီသို့ ဝင်သွားရင်း စာရေးရန် စားပွဲခုံပေါ်တွင် ထိုင်လိုက်သည်။

*"ချစ်လှစွာသော မောင်မောင်"*

နိုင်သည် စာခေါင်းစီးကို အပေါ်မှရေးရင်း ဆက်မရေးသေးဘဲ ရပ်နေသည်။ ရေးလိုစိတ် မရှိသလို စားပွဲမှ ထလိုက်သည်။ အပြင်တွင် နေရောင်များမရှိတော့ပေ။ မှောင်စပျိုးနေလေသည်။ သူသည် စားပွဲတွင် တစ်ဖန်ပြန်ထိုင်လိုက်သည်။ စာကို ဆက်ရေးပြန်သည်။

*"နိုင် ရှိသေစွာ စာရေးလိုက်ပါတယ်၊ ဒီစာကို ဖတ်နေချိန်မှာ မောင့်ဇနီး နိုင်ကို ပဒေသရာဇ်သွေးအဖြစ်က မေ့ထားစေချင်ပါတယ်။ ဒီစာထဲမှာရေးမယ့် နိုင့်ထင်မြင်ချက်*

mgyoe.com

mgyoe.com

*တွေဟာ ပဒေသရာဇ်နွယ်တစ်ယောက်ရဲ့ ထင်မြင်ချက် မဟုတ်ပါဘူး၊ မောင်မောင်...*

*နိုင်အခု သိပ်ပြီး နွမ်းနေတယ် မောင်မောင်၊ အမှန်တော့ နိုင်ဟာ ဟန်ဆောင်နေရတယ်၊ အနိုင်နိုင် အားတင်းနေရတယ်။*

*ညနေက မောင်မောင်.. ဆောင်းရိပ်ဟာ သိပ်လှတာပဲ"*

နိုင်သည် သူ့စာကို ဘယ်လိုရေးလိုက်သည်မသိ၊ တစ်ခါပြန်ဖတ်လိုက်ပြန်သည်။ ဖတ်ပြီး ဆက်ရေးရန် အားတင်းလိုက်ပြန်သည်။

*"ညနေကလဲ မှိန်မှိန်လေးနဲ့ လှနေတယ်၊ ဆရာဝန်လင်မယားက နိုင့်အိမ်ရှေ့က ဖြတ်လျှောက်သွားကြတယ်၊ သူတို့နှစ်ယောက်ရဲ့ ရုပ်ပုံလွှာဟာ ဒီညနေစောင်းမှာတော့ အလှဆုံးပဲ မောင်မောင်ရယ်၊ ဒီတုန်းက နိုင်က အလုပ်က မောလွန်းလို့ ပြတင်းမှာ မှေးပြီး ရပ်နေရတယ်၊ လေအေးလေးတွေကလည်း တိုက်လို့၊*

*နိုင် ကြာရှည်ဟန်မဆောင်နိုင်ဘူး မောင်မောင်၊ မိန်းမဟာ မိန်းမပဲ၊ နိုင် ရိုးရိုးသားသား ဖွင့်ပြီးဝန်ခံပါရစေ၊ နိုင်တစ်ယောက်တည်း နေတုန်းက အပျိုတုန်းက ဆိုပါတော့၊ ရည်ရွယ်ချက်အစဉ်တစိုက်နဲ့ အားကြိုးမာန်တက် ကြိုးစားခဲ့တယ်၊ လက်ထပ်ပြီးတော့လဲ နိုင်ကြိုးစားချင်သေးတယ်၊ ဒါပေမင့် နိုင်ဟာ မိန်းမတစ်ယောက်အနေနဲ့ လင်ဖြစ်တဲ့ မောင်မောင့်ကို အားကိုးလိုစိတ် အလိုလိုဖြစ်လာတာပဲ၊ ဒါဟာ မွေ့တာပဲလို့ ထင်တယ်၊ ဒါပေမင့် ဒီစိတ်က နိုင့်ကို သိပ်နှိပ်စက်တယ်၊ ဟိုတုန်းကလို ကြိုးစားလို့မရတော့ဘူး၊ အားကိုးလိုစိတ်တွေသာ ဖြစ်လာတာပဲ"*

မမြနိုင်သည် ရပ်လိုက်ပြန်သည်၊ သူ့စာများသည် နိုင်ငံရေးနှင့်ပတ်သက်၍ ထိခိုက်စရာ အမှားများ ပါလေမလားဟု ပြန်၍ဖတ်လိုက်ပြန်သည်၊ ပြီးတော့ ဆက်ရေးပြန်သည်၊

*"လူတွေဟာ စနစ်တစ်ခုခုကိုသာ တော်လှန်လို့ ရကြမယ်၊ ပင်ကိုမူလ သဘာဝရဲ့ စိတ်နေစိတ်ထားကို တော်လှန်လို့မရဘူး မောင်မောင်၊ မိန်းမတစ်ယောက်အနေနဲ့ ဘယ်လောက် စိတ်တင်းထားထား နောက်ဆုံး မိန်းမသဘာဝစိတ်ဟာ ပြန်ပေါ်လာတာပဲ၊*

*ပြီးတော့လဲ မောင်မောင်ရယ်၊ နိုင့်ကို ကွန်ဆာဗေးတစ်တစ်ယောက်လို့ စွပ်စွဲရင်လဲ ခံရမှာပဲ၊ နိုင်တော့ဖြင့် ရှေးဟောင်းစနစ်တွေဆီကို ပြန်သွားချင်ပြီ၊ နိုင်ဟာ နောက်ပြန်သွားနေလို့လားတော့ မပြောတတ်ဘူး၊ မိန်းမနဲ့ ယောကျ်ား လက်ထပ်ပြီးရင်ဖြင့် ယောကျ်ားက စီးပွားရှာ၊ မိန်းမက အိမ်တွင်းလုံခြုံမှုကို ထိန်းသိမ်းစောင့်ရှောက်ကြတဲ့ ရှေးစနစ်ကို နိုင်တော့ သိပ်သဘောကျတယ်၊ အိမ်ဟာ ချမ်းငြိမ်းတယ်၊ စနစ်တကျ သာယာမှုဟာ အိမ်သူအိမ်သားတွေကို တိုးတက်စေမှာပဲလို့ နိုင်ကတော့ ယူဆမိတာပဲ၊ ခုတော့ဖြင့် မိန်းမတွေဟာ သားသမီးတွေကို စနစ်တကျ မမွေးအားရှာကြဘူး၊ လင်သားကိုလဲ ချမ်းငြိမ်းအောင် မထိန်းသိမ်းနိုင်တော့ဘူး၊ ဒီလောကဟာ ဘယ်တော့ သာယာမလဲ၊ ဒီအိမ်*

mgyoe.com

mgyoe.com

*ထောင်ဟာလဲ ဘယ်လိုလုပ် တိုးတက်မလဲ၊ ဒါပေမင့် ယခုလက်ရှိလူတွေကတော့ ဘယ်လိုလောကကို ဖန်တီးနေကြတယ်ဆိုတာ နိုင်တော့ မမျှော်မှန်းတတ်ဘူး"*

မမြနိုင်သည် ဖောင်တိန်ကို ခဏချလိုက်ကာ မောသလိုဖြစ်နေသည်။ သူ့စာများ အပေါက်အဆက် တည့်သည်မတည့်သည်ကို သူ ဂရုစိုက်လိုစိတ် မရှိတော့သလို မှုန်တေတေကြီး ဖြစ်နေတော့သည်။ နောက်ဆုံး ဘာကိုမျှဂရုမစိုက်တော့သလို စပ်မြန်မြန်ကြီး ရေးချလိုက်သည်။

*"နိုင် ဒီလိုပဲ ဘယ်လောက်အကြာကြီးနေရဦးမလဲ မောင်မောင်၊ အိမ်ထောင်ကျပြီး မိန်းမတစ်ယောက်အနေနဲ့ ဒါလောက်ကြာကြာကြီး အိုးအိမ်ကို စွန့်နေရတာ သဘာဝကိုတော့ အတော်လွန်ဆန်နေရတာပဲ၊ ပြီးတော့ ဒါလောက် ဝေးကွာနေတဲ့ မောင်မောင်နဲ့ နိုင် ကြားမှာ ကြာလေကြာလေ ဆက်ဆံမှုတွေဟာလဲ အဆင်ပြေပြေ ဖြစ်မှုဖြစ်နိုင်ပါ့မလားလို့ နိုင် သံသယဖြစ်မိတယ်။*

*နိုင် အမေရိကားကိုလဲ မသွားချင်ပါဘူး မောင်မောင်၊ ဖြစ်သလို လုပ်စားပြီး ရန်ကုန်မှာ မောင်မောင်နဲ့ပဲ အတူတူနေပါရစေ၊ အိုလေ.. နောက်ဆုံး မောင့်ရဲ့ ပဒေသရာဇ်စနစ်ကို တိုက်ဖျက်ရေးမှာ နိုင်ပြန်လာလို့ အနှောင့်အယှက်မဖြစ်ဘူးဆိုရင် နိုင်ပြန်လာပါရစေ မောင်မောင်။*

*ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ...*

*ချစ်ဇနီး*
*နိုင်"*

မမြနိုင်သည် စာကိုပြန်မဖတ်တော့၊ စာတစ်အိတ်ထဲ ထည့်၍ အပေါ်မှ လိပ်စာရေးလိုက်သည်။ စာထည့်ဖို့ကိုတော့ မဆုံးဖြတ်သေး။ စာအိတ်ကို စားပွဲပေါ် ထားရစ်၍ ကုလားထိုင်မှ ထကာ ခုတင်ပေါ် သွား၍ ခြေပစ်လက်ပစ် လှဲလိုက်သည်။ သူ မှိန်းနေစဉ် တံခါးဖွင့်သံကြား၍ ကြည့်လိုက်ရာ သူနှင့်အတူနေသည့် ဆရာမကြီး ဒေါ်ထူးရွှေဖြစ်နေသည်။

"မမြနိုင် အပြင်မှာ ဧည့်သည်ရောက်နေတယ်"

နိုင်သည် အသာထ၍ လုံချည်ပြင်ဝတ်ကာ အပြင်ခန်းသို့ ထွက်လာခဲ့သည်။ ဧည့်ခန်းတွင် လူနှစ်ယောက် ထိုင်နေသည်။ အနောက်တိုင်းသားများလို ဝတ်ထားသော ရှမ်းအမျိုးသား နှစ်ယောက်ဖြစ်နေသည်။ နိုင်က အံ့အားသင့်စွာ ပြုံးလိုက်သည်။ တစ်ယောက်မှာ ယခင်က ဘဘ ပေးစားမည် ပြောသော မြို့စားစောဆိုင်အုံဖြစ်၍ တစ်ယောက်မှာ သိန္နီစော်ဘွား မမြနိုင်၏ ဖအေတူ မအေကွဲမောင်ဖြစ်နေသည်။

"နိုင်.. နေမကောင်းဘူးလား"

စော်ဘွားလေးက မေးလိုက်သည်ကို နိုင်က ပြုံးနေရင်း..

"နေကောင်းပါတယ်၊ မနက်က ပင်ပန်းလို့ လှဲနေတာပဲ၊ ဒါနဲ့ ဘယ်လို မေမြို့ရောက်လာကြတာလဲ"

mgyoe.com

mgyoe.com

"ပင်လုံစာချုပ် ပြီးသွားပြီ၊ မေမြို့အလည်လာရင်း စောဆိုင်အုံနဲ့ လာတွေ့တာပဲ၊ သူက ဒီမှာ အိမ်ရှိတယ်၊ သူလဲ ခဏလာရင်း လာဆုံကြတာပဲ၊ နိုင် ဒီမှာရှိတယ်ဆိုတာတော့ အစက မသိဘူး၊ ဆရာဝန်ကြီးနဲ့ တစ်နေ့က Lunch မှာ စကားစပ်မိမှ သိတယ်"

စော်ဘွားလေးသည် စကားဖြတ်၍ နိုင့်ကို သေချာစွာကြည့်ရင်း "တစ်ခါတလေ တွေ့ရတာ စောဆိုင်အုံတို့အိမ် လိုက်ခဲ့ပါဦး၊ မောင်နမတွေ ကွဲနေတာကြာပြီ၊ ဘဘကို သတိရတဲ့ အထိမ်းအမှတ်နဲ့ပဲ ကိုယ်ဖိတ်တာကို လက်ခံပါ၊ နိုင် ကိုယ်တို့နဲ့ အတူလိုက်ပြီး စောဆိုင်အုံအိမ်မှာ ဒီညစာ လိုက်စားပါ"

မမြနိုင်သည် တွေနေသည်၊ စောဆိုင်အုံကလည်း သူ့မိန်းမပါ အတူရှိနေ၍ လိုက်ရန် ခေါ်နေတော့သည်၊ မမြနိုင်ကလည်း သူ့အစ်ကိုကို မော်ကြည့်ကာ လိုက်ရန်ဆုံးဖြတ်လိုက်သည်၊ ဒေါ်ထူးရွှေအား ပြောခဲ့ကာ စောဆိုင်အုံတို့အိမ်သို့ လိုက်လာခဲ့သည်၊

မမြနိုင်စိတ်များသည် လွတ်နေသည်၊ ဘာကိုမှလည်း စိတ်မဝင်စားတော့သလို ဖြစ်နေလေသည်၊ ကားဖြတ်သွားစဉ် လရောင်အောက်ဝယ် တရိပ်ရိပ်ကျန်ရစ်သော ထင်းရှူးပင်မည်းမည်းများကို ကြောင်၍စိုက်ကြည့်ရင်းပင် လိုက်ပါလာခဲ့သည်၊

မေမြို့၏ညသည် လရောင်တွင် သာယာစွာ လှပနေလေသည်၊ ဖွေးဖွေးနုသော ပန်းပွင့်ဖြူချုံလေးများဘေးတွင် စောဆိုင်အုံတို့လူစု ထိုင်နေကြလေသည်၊ အိမ်တွင်းမှ စန္ဒရားသံမှာ အပြင်သို့ သာယာစွာ လွင့်လာလေသည်၊ နိုင်သည် ဝမ်းနည်းလာလေသည်၊ ဒီပတ်ဝန်းကျင်မှာ သူ ဘယ်လိုမှ နေထိုင်လို့မရပေ၊ စောဆိုင်အုံဇနီးသည်ကလည်း နိုင့်ကို ဖော်ရွေစွာ စကားပြောပြနေသော်လည်း နိုင်အဖို့ မနည်းနားထောင်နေရလေသည်၊ အသားဝါဝါ ထင်ရှားပေါ်လွင်လှသော နာတံတို့နှင့် ခံ့ညားလှသော မမြနိုင်မျက်နှာသည် လရောင်တွင် ထင်ရှားနေလေသည်၊ ဝိုင်းစက်တောက်ပသော မျက်လုံးကြီးများမှာ မျက်ရည်အနည်းငယ် ခိုနေ၍ လရောင်တွင် လက်နေလေသည်၊

စောဆိုင်အုံမှာ တစ်ခါက သူမြတ်နိုးစွာ ချစ်ခင်၍ စေ့စပ်ခဲ့ဖူးသော ချစ်သူကို ကြေကွဲစွာ ကြည့်နေမိသည်၊ နိုင်ကမူ သူတို့အားလုံးကို သတိမမူမိပေ၊

"နိုင် ရှမ်းပြည်နယ်က ထွက်သွားတာ သုံးနှစ်လောက် ရှိသွားပြီနော်"

နိုင့်အစ်ကိုဝမ်းကွဲက လှမ်းမေးလိုက်သည်၊ နိုင်က စောင်း၍ကြည့်ရင်း...

"ဘဘ ဆုံးကတည်းကပဲ"

"ဘာလို့ ကိုယ်တို့ဆီကို အလည်တောင် မလာတော့တာလဲ"

ကြင်နာစွာ လှမ်း၍မေးပြန်သည်၊ နိုင်သည် ကြိုးစား၍ ပြုံးရှာသည်၊

"နိုင်လဲ အလုပ်လုပ်နေရတာ ဘယ်မှာ အားမလဲ ကိုကို"

"ဒီလိုဆို ကိစ္စမရှိပါဘူးကွယ်၊ နိုင် ကိုယ်တို့ကို စိတ်နာသလားလို့၊ စော်ဘွားတွေထဲမှာလဲ ခုတက်လာတဲ့ လူငယ်စော်ဘွားလေးတွေဆို ဒီမိုကရေစီကို တော်တော်သက်ဝင်လာပါပြီကွယ်၊ မင်းရဲ့ ကိုတင်အောင်ကော နေကောင်းရဲ့လား"

"ဟုတ်ကဲ့၊ နေကောင်းပါတယ်"

mgyoe.com

mgyoe.com

"တချို့ စော်ဘွားကြီးတွေရဲ့ သက်ဦးဆံပိုင် ရက်စက်မှုကိုလဲ ကိုယ်တို့ ဝန်ခံပါတယ်၊ ဒါပေမင့် နောက်ဆုံးတစ်နေ့ သူတို့ သိမှာပါပဲ၊ ကိုယ့်အချင်းချင်းက လွှဲလို့ နိုင်ငံခြားကို အားကိုးရင် မှားမယ် ဆိုတာ သိလာကြမှာပါပဲ"

မမြနိုင်သည် သူ့အစ်ကိုဘက်သို့ လှည့်ကာ တိတ်ဆိတ်စွာ နားထောင်နေလေသည်။

"အမှန်တော့လဲ ပြည်ထောင်စုသားချင်း ဆက်ဆံမှုဟာလဲ အလှမ်းကို ဝေးလွန်းပါတယ်၊ ဗမာ တွေကိုယ်တိုင်ကပဲ ကိုယ့်ပြည်ထောင်စုထဲက တိုင်းရင်းသားချင်းတွေရဲ့အကြောင်း လုံးစေ့ပတ်စေ့ သိသူ ခပ်ရှားရှားပဲ၊ ဒီတော့လဲ တချို့ တောင်ပေါ်သားတွေနဲ့ စော်ဘွားတွေက ထင်တယ်ကွဲ့ ဒီကောင် တွေ လွတ်လပ်ရေးရခါနီးမှ တို့ကို လာပေါင်းတယ်လို့ ထင်ကြတာပေါ့"

မမြနိုင်အစ်ကို စော်ဘွားသည် စီးကရက်သောက်ရင်း တစ်လုံးချင်း ပြောပြနေလေသည်။

"ဒီလိုထင်တာလဲ မမှားပါဘူး"

မမြနိုင်က အေးအေးပင် ဖြေလိုက်သည်။ "ထင်သင့်တယ်၊ ဟိုတုန်းကဆို ဗမာကလဲ ဗမာဘာ သာပဲ နေရတာပဲ၊ တိုင်းရင်းသားချင်းရယ်လို့ ကူးလူးဆက်ဆံချင်ပေမင့် အင်္ဂလိပ်အစိုးရကလဲ ခွင့် မပြုဘူး၊ ရှမ်းပြည်နယ်ဆို ကိုကိုတို့သိတဲ့အတိုင်း ရှမ်းပုဒ်မ (၁၀) ဟာ အချုပ်ချယ်ဆုံးပဲ၊ တိုင်းရင်း သားချင်းရယ်လို့ ဗမာပြည်မက ဘယ်သူ ဝင်ခွင့်ရသလဲ၊ ပင်နီဝတ်ဆိုရင် ဖမ်းတာပဲ၊ ဒါပေမင့် အဲဒီ အခက်အခဲကြားထဲက ဗမာလူငယ်လေးတွေဟာ ရှမ်းလူထုထဲကို တိုးဝင်ခဲ့တာပဲ၊ တစ်ယောက်နဲ့ တစ်ယောက် သူစိမ်းပြင်ပြင်ဖြစ်ရတာတွေဟာလဲ မဆန်းပါဘူး၊ နယ်ချဲ့သမားတွေရဲ့ စိုးမိုးမှုခံရတဲ့ တိုင်းပြည်တိုင်း ဒါဟာ ရိုးရိုးနဲ့ ရှင်းရှင်းလေး တွေ့ရတဲ့ နယ်ချဲ့သမားရဲ့ သွေးခွဲအုပ်ချုပ်ရေးပဲ"

"နောင် မင်းတို့ ပြည်မက ဗမာလူငယ်ကလေးတွေ အများကြီးဝင်ခွင့်ပြုရင် တို့ ပဒေသရာဇ် စော်ဘွားတွေကို အပြုတ်တိုက်ဖို့ ကြိုးပမ်းကြမှာပေါ့ကွဲ့"

မြောက်ပိုင်းရှမ်းပြည်နယ်မှ စော်ဘွားတစ်ယောက်က ပြောပြီး ဟက်ဟက်ပက်ပက် ရယ်နေ လေသည်။ သူကလည်း ရယ်စရာလို သဘောထား၍ ပြောလိုက်ခြင်းဖြစ်ပေသည်။

"နိုင်ကတော့ နိုင်ငံရေးသမားလုံးလုံးမဟုတ်ဘူး၊ ဒါပေမင့် တော်ဘုရားပြောသလို ပဒေသရာဇ် စနစ်ကို အခြေခံဥပဒေအရ မလိုလားပေမင့် ဗမာပြည်မက သွားပြီး တိုက်ဖျက်ပစ်မှာ မဟုတ်ပါဘူး၊ ဗမာပြည်မက တောင်ပေါ်သားတွေနဲ့ ရှမ်းပြည်နယ်တွေရဲ့ တိုးတက်ရေး၊ စည်ပင်သာယာရေး အတွက်သာ ကူညီကြရမှာပဲ၊ ပဒေသရာဇ်တိုက်ပွဲဟာ ရှမ်းလူထုပေါ်မှာ တည်တာပဲ၊ ပြီးတော့လဲလေ တော်ဘုရားတို့လဲ နိုင်ငံခြားက ပြန်လာခဲ့ကြတာပဲ၊ အချုပ်အချယ်တွေ အများကြီး လူထုအပေါ် တင်း ထားရင် တစ်နေ့နေ့တော့ တော်လှန်ခံကြရမှာပဲ၊ ဒါက ဓမ္မတာပဲလေ.. ရိုးပါတယ်"

မမြနိုင်သည် စော်ဘွားဘက်သို့ လှည့်၍ ပြောရာမှ "ရှမ်းပြည်နယ်လူထုက စေလွှတ်တဲ့ ပြည်နယ်ကိုယ်စားလှယ်တွေနဲ့ ရှမ်းစော်ဘွားတွေ ပူးပေါင်းပြီးအုပ်ချုပ်တဲ့ အုပ်ချုပ်ရေး ပေါ်လာရင် တော့ ပဒေသရာဇ်တိုက်ပွဲဟာ ငြိမ်းချမ်းကောင်းပါရဲ့"

စောဆိုင်အုံဇနီးသည် ညစာအတွက် အသင့်ရှိကြောင်း ပြောသဖြင့် အားလုံးအိမ်ထဲသို့ ဝင်

mgyoe.com

mgyoe.com

လာကြသည်။ စောဆိုင်အုံသည် မမြနိုင်ကို ဂုဏ်ပြုသောအားဖြင့် သူညာဘက်တွင် ထား၍ ညစာကို စားကြတော့သည်။ မြောက်ပိုင်းရှမ်းစော်ဘွားအချို့လည်း ရယ်စရာများကိုသာ ထမင်းစားရင်း ပြော နေကြသည်။ မိန်းမဆို၍ မမြနိုင်၊ စောဆိုင်အုံဇနီးနှင့် အခြားစော်ဘွားကတော်တစ်ယောက်သာ ပါဝင် ခဲ့လေသည်။ ထိန်လင်းသောမီးရောင်အောက်တွင် ငွေ ဖွန်းခက်ရင်းများမှာ တောက်ပနေကြသည်။ ဖဲပွင့်ဖဲကြောင်းများ ဖော်ထားသော ခုံခင်းအဖြူပေါ်တွင် အင်္ဂလိပ်လက်ထပ်ပန်း အဖြူပွင့်ကြီးများမှာ စားပွဲပေါ်တွင် စွင့်စွင့်ကားကားကြီး ဖြစ်နေလေသည်။ ပိုးပြာနုပြတင်းခန်းဆီးများကို တိုးပေါက်၍ လေ အေးသည် ပြတင်းဝရှိ နှင်းဆီဖြူများ၏ ချိုအေးသောရနံ့ကို ထမင်းစားသူများရှိရာသို့ သယ်ဆောင် လာခဲ့လေသည်။ ဧည့်ခန်းမှ စန္ဒရားသံသည်လည်း ထမင်းစားခန်းဝယ် ပျံ့လွင့်နေလေသည်။,

အားလုံးသည် သာယာသည်၊ တင့်တယ်လှပလှလေသည်။ ပြည့်စုံကုံလုံခြင်းနှင့် စည်းစိမ်ခံစား မှုများကို တစ်ခန်းလုံး၏ အဆောင်အယောင်များက ဖော်ပြလျက်ရှိလေသည်။

မမြနိုင်နှင့် မျက်နှာချင်းဆိုင် နံရံတွင် ရှမ်းပြည်နယ်၏ ရှခင်း ပန်းချီကားချပ်သည် မီးရောင်ဖြင့် ထင်လင်းနေသည်။ ကားချပ်သည် ချမ်းငြိမ်း၍ သာမောဖွယ်ကောင်းလှသည်။ ညို့မှိုင်းသော ရှမ်း တောင်ကုန်း၊ တောင်စွယ်များသည် အပြာရောင်ကောင်းကင်ကို နောက်ခံထားလျက် ရှိလေသည်။ တောင်ခြေတွင် စိမ်းလဲ့သောမြက်ခင်းပြင်နှင့် ချယ်ရီပင်ပွင့်ခက်များသည် ဆုပ်ခဲ၍ သစ်ပင်ကိုင်းထက် တွင် ပွင့်နေကြသည်။ ချယ်ရီပင်လေးများ၏ပင်ခြေဝယ် စိမ်းညို့ညို့ ပြာမှိုင်းမှိုင်းနှင့် စမ်းချောင်းငယ် သည် စီးလျက်ရှိသည်။ ပန်းချီကားချပ်သည် ရှမ်းတို့ဌာနီ၏ သာယာချမ်းငြိမ်ပုံကို အကြွင်းမဲ့ဖော်ပြ လျက် ရှိလေသည်။ သို့သော် သို့သော်.. မမြနိုင်သည် ပန်းချီကားချပ်ကို ပြည့်စုံသည်ဟု မထင်။ သူ မြင်နေရသော တောင်ကုန်း၏ ဟိုမှာဘက်တွင် ရာသီဥတုပြင်းထန်သော ဒဏ်ချက်၏အောက်၌ တောင်ကုန်းများကို ခုတ်ထွင်ရှင်းလင်းကာ ခက်ခက်ခဲခဲအသက်မွေးမှုအတွက် ယာလုပ်နေသော ရှမ်း တောင်သူတို့၏ မချမ်းငြိမ်မသာယာသောဘဝကို သူက မျှော်မှန်းမိသည်။ ရှမ်းပြည်နယ်မှာ သူနေစဉ် က သူတို့လူစုကို သူ ခဏခဏတွေ့ခဲ့ရသည်။

"နိုင်.. ပန်းချီကားကို သဘောကျနေတယ်ထင်တယ်"

စောဆိုင်အုံသည် အတွေးလွန်နေသော မမြနိုင်ကို လှမ်းမေးလိုက်သည်။

"ဟုတ်တယ်၊ သိပ်လှတာပဲနော်"

"အဲဒီ ပန်းချီကားထဲက ရှမ်းပြည်နယ် သာယာသလို ပြည်တွင်းကလဲ သာယာဖို့ အရေးကြီး တာပဲ နိုင်"

"ဒါကတော့ ရှမ်းလူထု နေရေး၊ စားရေး ချောင်ချိလာကြတာနဲ့အမျှ သာယာမှာပေါ့၊ ခုတော့ ပန်းချီကားလေးဟာ ရှမ်းလူထုနဲ့တောင် မတန်ဘူး၊ ဒီပန်းချီကားထွက်လာတဲ့ ဒီပြည်နယ်က လူထုဟာ များသောအားဖြင့် အလောင်းအစား ဝါသနာလွန်နေတာတွေ၊ ဘိန်းစားတွေ များနေတာတွေ၊ ပြီးတော့ အခွန်အတုပ်တွေအောက် ပိပြီး စာမတတ်သူတွေ များနေတာတော့ အတော်ဝမ်းနည်းစရာပဲ"

နိုင်က ပြုံး၍ပြောလိုက်သဖြင့် စောဆိုင်အုံပါ ရော၍ပြုံးနေကြလေသည်။

mgyoe.com

mgyoe.com

ထမင်းစားပွဲသည် ၁၀ နာရီခွဲလောက်မှ ပြီး၍ သူတို့အားလုံး ဧည့်ခန်းသို့ ထွက်လာကြလေသည်။

စောဆိုင်အုံ့ဇနီးသည် ခြောက်နှစ်သားလောက်ရှိ ကလေးငယ်တစ်ယောက်ကို မမြနိုင်ရှိရာသို့ ခေါ်လာသည်။ စောဆိုင်အုံ့သည် ကလေးနားသို့ ကပ်လာ၍..

"နိုင်.. ဒါဟာ ကျွန်တော်သားပဲ ဂျွန်လေ၊ သိပ်ထွားတဲ့ကောင်"

မမြနိုင်သည် ကလေးကို လှမ်းကြည့်၍ ပြုံးကာ ဖက်ထားလိုက်သည်။ ပါးအို့နီနီထွေးထွေးနှင့် ချစ်စရာကောင်းသောလူလေး ဖြစ်သည်။

"ဂျွန်.. မင်းအန်တီကို မွှေးမွှေးပေးပါဦး"

ကလေးသည် မမြနိုင်ကို နှစ်နှစ်ခြိုက်ခြိုက်ပင် နမ်းလိုက်သည်။ မမြနိုင်ရင်ထဲတွင် မဖော်ပြနိုင်သော ပီတိသည် ဖုံးလွှမ်းသွားသည်။

"သား.. လူကလေး" တိုးတိုးလေးပင် ကပ်၍ခေါ်လိုက်သည်။

နိုင်သည် ဝမ်းနည်းသွားရာ၏ တကယ်တော့လည်း သူ့တွင် မိခင်စိတ်များသည် တဖွားဖွား တစိမ့်စိမ့်ပေါ်လာသည်။ ခုလိုချိန်တွင် ဂျွန်လို သားလေးတစ်ယောက်လောက် ရ၍ အိုးနှင့် အိမ်နှင့် အခြေတကျနေသင့်ပြီ မဟုတ်ပါလော။ သူ့ဘဝသည် ပေါ့လွှန်းနေသလို ဟာနေသလို ဖြစ်နေလေသည်။

ရန်ကုန်တွင် ကျန်ရစ်နေသော သူ့ချစ်လင်ကိုပင် ဒေါသဖြစ်ရတော့မလို စိတ်ထဲတွင် ပိုမို၍ သတိရလာသလို ဖြစ်လာလေသည်။ သို့သော် သူသည် ကိုတင်အောင်ဘာလဲဆိုတာ သိပြီးမှ လက်ထပ်ခဲ့ခြင်း ဖြစ်ခဲ့သည်။

ညဉ့်လည်း အတော်ပင် တိတ်ဆိတ်၍ ညဉ့်နက်လာသဖြင့် မမြနိုင်သည် သူ့အစ်ကိုနှင့်အတူ အိမ်သို့ ပြန်လာခဲ့လေသည်။ ဘယ်လိုပင်ဖြစ်စေ မောင်နှမတစ်ဝမ်းကွဲမက ဖအေတူ မအေကွဲဖြစ်သော သူ့ညီမလေး၏ နွမ်းလျော့သော အမူအရာများမှာ စော်ဘွားလေးစိတ်ကို ထိခိုက်နေသည်။ တံခါးဖွင့်၍ အိမ်ထဲသို့ နိုင်ဝင်သွားသည်အထိ ဝမ်းနည်းစွာ စိုက်ကြည့်ရင်း ပြန်လာခဲ့လေသည်။

မမြနိုင်သည် တိတ်ဆိတ်စွာပင် အဝတ်များလဲပြီးကာ အိမ်ခန်းပြတင်းကို ဖွင့်လိုက်သည်။ ရှင်းနေသော ပင်ခြေအောက်တွင် လရောင်က လင်းနေလေသည်။ ရွှေရောင်ဝင်းနေသော လရောင်ခြည်များသည် ပြတင်းမှ လျှောကျနေကြသည်။ သူမအိပ်ဖို့ကို မစဉ်းစားချင်၊ အိပ်၍လည်း မရ၊ သူ ဘာလုပ်ရမည်နည်း၊ ဘာကိုမျှလည်း မလုပ်ချင်တော့။

နောက်ဆုံး သူ့အဖော်တယောက်ကို သွားဆွဲလိုက်သည်။ သူသည် သီချင်းကို တစ်ပိုင်းတစ်စ တစ်ဝက်မှစ၍ ထိုးလိုက်သည်။ သူ့မစိတ်များကား လွတ်၍ပင် နေလေပြီလား။

mgyoe.com

mgyoe.com

(၇)

ကိုတင်အောင်သည် ပတ်ဝန်းကျင်ကို တွန်းလှန်နိုင်သူ မဟုတ်။ တကယ်ဆိုတော့ သူသည် လူပဲ ဖြစ်သည်။ လူသည် ပတ်ဝန်းကျင်၏ပြုပြင်ဖန်တီးသမျှ လိုက်၍ပြောင်းလဲနေသည်။

ဒါပေမင့်ကာ သူ့ကိုယ်သူ နိုင်ငံရေးသမားတစ်ယောက်အနေနှင့် ပတ်ဝန်းကျင်ဒဏ်ကို သူခံနိုင်သည်ဟု သူက ထင်နေသည်။ သူ့ထင်မြင်မှုများသည် သူ့ကိုယ်သူ လှည့်စား၍နေသည်ကိုတော့ သူ မတွေးမိ။

နိုင်ငံရေးသမားဆိုသည်မှာလည်း ပုထုဇဉ်လူသား မဟုတ်ပါလော။ ပုထုဇဉ်သည် ပုထုဇဉ်အတိုင်းပဲ ဖြစ်နေမည်။ အရိယာပုဂ္ဂိုလ်တွေကိုသာ ပတ်ဝန်းကျင်လှိုင်းက မပုတ်ခတ် မပြုပြင်နိုင်ပေမင့် ကိုတင်အောင်လိုပုထုဇဉ်ကိုမူ ပတ်ဝန်းကျင်သည် ဝါးမျိုသွားမည်ဖြစ်သည်။

အမှန်အတိုင်းတော့ ကိုတင်အောင်အကြောင်းတွေကို မမြနိုင်သာ သိခဲ့လျှင် ရင်ကျိုးရာမည်မှာ အမှန်ပဲဖြစ်သည်။

ကိုတင်အောင်က နိုင်ငံရေးသမားပီသလွန်းနေသည်။ သူမြင်နေရသော နိုင်ငံရေးအကွက်များထဲတွင် တစ်ဦးနှင့်တစ်ဦး အဆင်းတွန်းလိုက်ပုံများ၊ အရှိက်ထိုးလိုက်ပုံများ၊ ကလိမ်ချုံပတ်တီးချလိုက်ပုံများကို သူက အစဉ်တွေ့နေသည်။ ဒီပတ်ဝန်းကျင်ထဲတွင် အမြဲလည်နေသော ကိုတင်အောင်အဖို့ မိမိရဲဘော်များမှလွဲ၍ ဘယ်သူနှင့်တွေ့တွေ့ သူ့အပေါ် ဘယ်လို ကလိမ်ကျ၍ ပတ်တီးချမည် ဆိုသည်ကိုသာ ကြိုတင်တွေးနေတတ်တော့သည်။

ဒါပေမယ့် ယခုတစ်ချက်မှာတော့ ကိုတင်အောင် ရှုံးသွားသည်။ မှန်သည်၊ ပတ်ဝန်းကျင်၏လှုံ့ဆော်ချက်ကို ကိုတင်အောင် လက်ခံလိုက်သည်။ သူ့အပေါ်တွင် အရင်းနှီးဆုံးနှင့် အချစ်ဆုံး ဖြစ်နေသော မမြနိုင်ကို နိုင်ငံရေးသမားတစ်ယောက်အနေနှင့် ဆက်ဆံနေသည်။

"ခင်ဗျားမိန်းမဟာ စော်ဘွားရဲ့သမီးဗျ၊ ဘာပဲဖြစ်နေနေ သူ့သွေး၊ သူ့သွေးတွေကိုတော့ သူ အစဉ်ကာကွယ်မှာပဲ၊ သူဟာ စော်ဘွားတွေရဲ့သူလျှိုဖြစ်မနေဘူးလို့ ပြောနိုင်မလားဗျာ၊ တစ်နေ့နေ့တော့ စားရေးသောက်ရေးနဲ့ဖြစ်ဖြစ်၊ အချစ်နဲ့ဖြစ်ဖြစ် မှိုင်းတိုက်ပြီး ခင်ဗျားကို ကျုပ်တို့အဖွဲ့ထဲက ခေါ်ထုတ်သွားမှာပဲ"

"မဟုတ်ဘူးလား ကိုတင်အောင်၊ စော်ဘွားငယ်လေးတွေ၊ ဗမာထဲကဆိုလဲ တကယ့် ICS တို့ ဗျူရိုကရက်ထိပ်တန်းစားတွေ ဒေါင်ဒေါင်မြည်အောင် ခေါက်ယူနိုင်တဲ့ စော်ဘွားသမီးတစ်ယောက်နဲ့ ခင်ဗျား ချစ်နေတာကို အလွယ်တကူ ဘယ်စော်ဘွားဟာ လက်ထပ်ပေးချင်မလဲ၊ ခုလို ရှောရှောရှူရှူ ပေးစားလိုက်တာကိုက မသင်္ကာစရာပဲ မဟုတ်ဘူးလား ကိုတင်အောင်၊ ကျုပ်တို့အထဲကို သူတို့လူ သွင်းလိုက်တာပဲ၊ ပဒေသရာဇ်စနစ်တစ်ခုလုံး တည်တံ့ခိုင်မြဲရေးနဲ့ ပဒေသရာဇ်အနွယ် မပြတ်ရေးအတွက် မမြနိုင်ကို ခင်ဗျားနဲ့ 'တည်' လိုက်တယ်ဆိုရင် မဖြစ်နိုင်ဘူးလား"

သူ့ရဲဘော်အချို့မှာ မမြနိုင်အကြောင်း စကားစပ်မိတိုင်း သူ့ကို ဒီလိုပဲပြောတတ်သည်။ အန်တီ

mgyoe.com

 mgyoe.com 

ငြိမ်းနှင့်တွေ့တိုင်းလည်း အန်တီငြိမ်းက သူ့ကို ခဏခဏပြောတတ်သည်။ ဒီလိုပြောလာလေလေ သူ မမြနိုင်နှင့် အတူနေရေးမှာ ဝေးလေလေဖြစ်လာသည်။

သူက နိုင်ငံရေးကို လင်မယားပြဿနာထဲသို့ ဆွဲသွင်းလိုက်သည်။ အပြစ်မဲ့သော မမြနိုင်ကို ပစ်ကွင်း (target) တစ်ခုအဖြစ် သတ်မှတ်ထားနေသည်။ ဒါကြောင့်ပင် မဟုတ်ပါလော၊ သူသည် မမြနိုင်၏စာကို ဖတ်လိုက်တိုင်း စိတ်မထိခိုက်၊ တကယ်တော့ မမြနိုင်၏စာမှာ ဘဝကို သရုပ်ဖော်၍ အသနားခံသောစာသာ ဖြစ်သည်။

သို့သော် ကိုတင်အောင်စိတ်ထဲတွင် ပင်ကို ချစ်မေတ္တာ၏ စေတနာထက် ပဒေသရာဇ်သွေး ဆိုသည်ကသာ 'ခံ'နေသည်။ ဒီစာကို သူ့စိတ်ထဲတွင် သူ့ကို မှိုင်းတိုက်နေသည့်စာဟု သူက ထင်မြင်နေသည်။ ဒီစာကို မမြနိုင်အဓိပ္ပာယ်ပေါက်စေချင်သလို သူက မယူဆ။

ထို့ထက်ဆိုးရွားသည်မှာ သူက သူ့မယားထံမှစာကို အန်တီငြိမ်းအား ပြလိုက်သေးသည်။

"ကြည့်စမ်းပါလား မောင်တင်အောင်၊ စာရေးပုံကိုက ဘယ်လောက် နောက်ပြန်သွားနေပြီလဲ၊ မင်းဟာ အရင်က တော်လှန်ရေးသမားတစ်ယောက်၊ အခု ပဒေသရာဇ်စနစ်ကို တိုက်ဖျက်နေတဲ့လူ၊ မင်းလိုလူနဲ့ ဒီလိုမိန်းမတစ်ယောက်ရဲ့ အယူအဆတွေဟာ နည်းနည်းလေးမှ မင်းနဲ့ မဆီလျော်လိုက်တဲ့ဖြစ်ခြင်း၊ အေးလေ ဟော်ထဲက ကြီးလာတဲ့ မိန်းကလေးတစ်ယောက်ဟာ ဟော်နန်းပေါ်က မဟာဒေဝီတွေ အတွေးထက်တော့ ဘယ်ပိုမလဲ၊ သတိထားပေါ့ မောင်တင်အောင်ရယ်"

အန်တီငြိမ်းသည် သူ့ကို ကျောသပ်၍ ဒီလိုပဲ အေးအေးလေး ပြောလိုက်သည်။ တကယ်တော့ကာ အန်တီငြိမ်းသည် ဘယ်နိုင်ငံရေးသမားနှင့်မဆို လေအေးလေးနှင့် ဆက်ဆံနိုင်သည်။ ယခုလို နိုင်ငံရေးသမားများ အာဏာလက်ကိုင်ရှိချိန်တွင် နိုင်ငံရေးသမားတိုင်းနှင့် ဆက်ဆံနိုင်၍ လေအေးနှင့် သတ်နိုင်သော အန်တီငြိမ်းမှာ ယခု ပတ်ဝန်းကျင်တွင် နေရာတကာ ခေတ်စားနေတော့သည်။

ဆောင်းက တဖြည်းဖြည်း နှောင်း၍လာသည်။ တကယ်တော့ ကိုတင်အောင်သည် တစ်ခါတစ်ခါ ငြီးငွေ့၍ ပျင်းခြောက်ခြောက်ဖြစ်နေသည်။ အိမ်လေး၏ ပတ်ဝန်းကျင်မှာလည်း တိတ်ဆိတ်ငြိမ်သက်၍ အေးချမ်းလှသည်။

ယခင်က မမြနိုင်၏ လှုပ်ရှားမှုလေးမှာ အိမ်ထဲတွင် ပျံ့ဝဲ၍ တစ်အိမ်လုံးစိုပြည်နေသည်။

သူမ၏ ဂီတမှာ တစ်အိမ်လုံးကို လွှမ်းခြုံ၍ သာယာနေသည်။ ယခုတော့ အားလုံးဆိတ်သုဉ်းနေသည်။

ကိုတင်အောင်သည် ခြံထဲဆင်း၍ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ ဆောင်းနှောင်း၏ ညနေတွင် နွေဦးရိပ်သည် ဝိုးဝါးပေါ်နေသည်။ သူ့ချစ်ဇနီးကို ယခုလိုအချိန်တွင် သူ အောက်မေ့မိပြန်သည်။ မမြနိုင်နှင့် ခွဲခွာနေသည်ကစ၍ အချိန်များ ကုန်ခဲ့သည်နှင့်အမျှ ဖဆပလနှင့် းလာ၍ ရဲဘော်များနှင့်သာ အချိန်ကုန်ခဲ့သည်။ ယခုလို အေးအေးဆေးဆေး တစ်ခါမျှ အနားမယူမှုံမိပေ။

ငှက်လေးများသည် နွေဦးပေါက်တော့မည်ကိုပဲ သိ၍ ပျော်နေကြသည်လား မသိ၊ သစ်ကိုင်း

mgyoe.com

mgyoe.com

ထက်တွင် နွေတေးကို သီဆိုနေကြသည်။ ကိုတင်အောင်သည် အရွက်ကျဲကျဲနှင့် သစ်ကိုင်းများကို မော်ကြည့်ရင်း ငှက်ကလေးများကို ငေးမောနေမိသည်။ သစ်ရွက်ခြောက်များသည် သူ့ခေါင်းပေါ်တွင် ပျံ့ဝဲနေကြသည်။

"ဆရာ.."

သူသည် နောက်မှခေါ်သံကြောင့် လန့်၍သွားသည်။ သူ့နောက်မှ ထမင်းချက်ရောက်နေသည်။

"နေ့လယ်က မမခိုင်က ပေးလိုက်လို့တဲ့ မန္တလေးကသည့်သည် စာတစ်စောင်ပေးသွားတယ်"

"ဟင်.. ဟုတ်လား၊ ဘယ့်နယ် ခိုင်က မန္တလေးကို လာလို့လား"

"ဟုတ်တယ်ဆရာ၊ မန္တလေးမှာ ခုနစ်ရက်လောက် မမခိုင်နေသွားသေးသတဲ့"

"အေးလေ သူလဲ ပျင်းတော့မှာပေါ့ကွယ်၊ လည်ပတ်နေမှာပေါ့၊ အားလပ်ချိန်ကတော့ နည်းပါတယ်" ကိုတင်အောင်သည် စာကိုလှမ်းယူရင်း ပြောလိုက်သည်။ သူသည် ယခုလိုလည်းပဲ မမြခိုင်ဘဝကို သိပါလျက်နှင့် ဘာကြောင့် အတူနေရေးကို မစဉ်းစားသေးလဲ မသိပါ။

သူသည် စာအုပ်ကို ညင်သာစွာ ဖောက်၍ဖတ်လိုက်၏။ စာများကား ဘာမျှမပါလာ၊ ကဗျာပုဒ်လေးတွေသာ လေးပုဒ်ပါလာသည်။ ကိုတင်အောင်သည် ရင်ထဲတွင် အတော်မကောင်းဖြစ်သွားသည်။ အမှန်တော့ မမြခိုင်သည် ဂီတကို လိုက်စားပေမင့်လည်း ကဗျာကို ကျွမ်းကျင်စွာ မစပ်တတ်၊ အနည်းအကျဉ်းသာ တတ်သည်။

ယခုကဗျာမှာမူ သူ့ချစ်ဇနီး၏ အသည်းမှ ပေါက်ကွဲလာသော ကဗျာများ ဖြစ်ပေမည်။ မစပ်တတ်ပေမင့် အသည်းကြားမှ လူးလွန့်၍ထွက်လာရှာသော ကဗျာလေးမှာ သူ့စိတ်ကို ဆွဲ၍ လှုပ်နေသည်။

*နွေစဉ်လွှမ်းလျက်*
*ဆောင်းနှောင်းရက်လည်း*
*ဆက်၍စဉ်ကာ*
*ကြွေခဲ့ပါ၏။*

ဆောင်းသည် နှောင်းလာပြီဖြစ်၍ ဆောင်းနှောင်းရက်များ ကုန်လွန်ပုံကို မမြခိုင်က ဤသို့ သရုပ်ဖော်လိုက်ပါ၏။ ဆောင်းရက်များ ကုန်လွန်သည်နှင့်အမျှ အစဉ်လွှမ်းရပုံကိုလည်း ခိုင်က ဖော်ပြလိုက်သည်။

*ရွက်ညှာဖူးဖူး၊ နွေအဦးတွင်*
*လေရူးထုံလျက်၊ ဖုံညက်ညက်လည်း*
*မှုန်ပျက်မှိုင်းဆင်၊ ဝန်းကျင်ပတ်ဝိုက်*
*လေအလိုက်မှာ၊ ငိုက်ကာစိုက်ကာ*
*မြေသို့လာ၍၊ ရွက်ဝါရွက်ဟောင်း*

mgyoe.com

mgyoe.com

*ဘဝပြောင်းခဲ့၊ ယဉ်နှောင်းသည်းဖြူ*
*ချစ်သက်ယူလျှင်၊ ညှိုးပူနွမ်းခြောက်*
*ဒီနွေအောက်ဝယ်၊ စိုးနှောင့်ဗျာဝေ*
*နေမည်လားရှင်...။*

မမြနိုင်သည် သူ၏ အဆွေးနှင့် လွမ်းဆွတ်မှုကိုပင် ဖုံးအုပ်ကွယ်ဝှက်၍ သူ့ချစ်လင်အတွက် စိုးရိမ်စွာနှင့် မေးလိုက်၏။ ကိုတင်အောင်သည် သူက မမြနိုင်ထင်သလောက် မလွမ်းဆွတ်မတမ်းတ မိသည်ကို ရှက်သလိုတောင်ပင် ဖြစ်သွားသေးသည်။

*လွမ်းပါသော်လည်း၊ ဝံ့မရဲ၍*
*သဲလုံးမွှေနှောက်၊ ပွင့်ပေါက်မတတ်*
*ချစ်ရည်တော်လျှက်၊ ဝေးရပ်မြေလှမ်း*
*မတမ်းသာသေး၊ ဝမ်းရေးရက်ဆက်*
*တသက်သက်လျှင်၊ သူ့လက်လုပ်ခွင်*
*နေ့စဉ်ငင်၍၊ ခွင့်ပင်မသာ*
*နေရပါ၏။*

သူ့ကို မမြနိုင် ကြောက်ရွံ့ပုံများကို သူ့မျက်လုံးတွင် ပေါ်လာသည်။ မေမြို့ကို သွားခါနီးက မသွား ချင် သွားချင်နှင့် သူ့အား ကြောက်ကြောက်ရွံ့ရွံ့ ပြောပြနေသည်များကို ပြန်၍ မြင်ယောင်လာသည်။ အလုပ်တာဝန်ဝတ္တရားအောက်တွင် ချုပ်ချယ်ခြင်းနှင့် လွမ်းဆွတ်နေရပုံများကို ကဗျာက ဖော်ပြထား သည်။

*ရက်ကြာပင့်လှောက်၊ တစ်မိုးသောက်လျှင်*
*ရောက်လေလိမ့်နိုး၊ နှောင်းရက်တိုး၍*
*နွေလျှိုးကွယ်ပျောက်၊ မိုးဦးပေါက်တွင်*
*သက်လောက်ကြင်သူ၊ မယ်တို့လူလျှင်*
*ချစ်ယူဆပွား၊ မျှော်မည်လားရှင်...။*

သူသည် အမှန်တော့ မမြနိုင်ကို တစ်စတစ်စ မေ့ထားမိပါပကော။ ကဗျာကို ဆက်၍ ဖတ်ပြန် သည်။

*အို.. ဘယ်စိုးနှောင့်၊ ဆွေးစိတ်မှောင့်၍*
*ရွံ့ကြောက်တသ၊ သံသယလျှ*
*ဆ၍ထက်သာ၊ ပွားလျက်ပါရှင့်*
*ခုခါလေများ၊ မေ့လိမ့်လားနှင့်*

mgyoe.com

*စိတ်ကားမောဟိုက်၊ မေ့အလိုက်ဝယ်*
*မငိုက်ထိန်းချုပ်၊ လွမ်းစိတ်ရုပ်၍*
*မြွက်ထုတ်ပောကြား၊ တရားမြတ်သံ*
*'ယံပိစ္ဆံ့ချို၊ လိုသည်တောင့်တ*
*မရလေပါ၊ ဒုက္ခသာ' ဟု*
*ကျရှာဖြေလျော့၊ နှမ်းပျော့ပါပြီ*
*စိတ်တွင်ဆည်းလည်း၊ မကြည်သည်းပြောင်း*
*မယ်အကြောင်းကို၊ ငယ်နှောင်းသက်ထား*
*သိမည်လားရှင်။*

တကယ်တော့ မမြခိုင် ဒါလောက်လွမ်းဆွတ်နေလိမ့်မည်ကို သူ မသိ။ တကယ့်ကို သူက မမြခိုင်ကို စိတ်မဝင်စားမိ။ သူ့ခမျာ 'ယံပိစ္ဆံ နလဗ္ဘတိ တမ္ပိဒုက္ခံ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ' ဟူသော ဓမ္မစကြာတရားနှင့် သူ့မစိတ်အား ဖြေဖျောက်နေရရှာသည်ကို မတတ်တတတ်နှင့် ဖော်ပြနေသည်။

"မောင်မောင်က ခိုင့်ကို မမေ့ပါဘူးကွယ်" သူသည် တီးတိုးရေရွတ်လိုက်ရင်း ကျန် ကဗျာတစ်ပိုဒ်ကို ဆက်၍ဖတ်နေသည်။

*သြော်.. နွေကနှောင်းလျှင်၊ မိုးပြောင်းသစ်ပျို*
*တိမ်ညိုမှိုင်းမှိုင်း၊ ရွက်သစ်ကြိုင်းနှင့်*
*မိုးလှိုင်းမိုးပေါက်၊ တဖြောက်ဖြောက်ရွှင်*
*ဝင့်လွှင်ကိုင်းထက်၊ ရွှေရောင်စက်မှား*
*ပွင့်သားဝင်းဝါ၊ မာလာပိတောက်*
*ရွက်လုံးပျောက်မျှ၊ လျှမ်းတောက်ဝေဝေ*
*ပြေပြေချိုပျံ့၊ ရနံ့ဝန်းကျင်*
*ထက်အောက်နင်သော်၊ လွမ်းပင်ပြည့်သိပ်*
*သည်းလုံးဖိတ်သည်၊ ဆွေးရိပ်သာဝယ် နိုတော့မည်။*

ကဗျာများထဲမှ သူ့ချစ်ဇနီးကို မြင်ယောင်လာသည်။ တောက်ပပိုင်းစက်သော မျက်လုံးများနှင့် ချိုပြုံးသော သူ့ချစ်ဇနီး၏မျက်နှာသည် ဝင်းပနေသည်။

နေရောင်သည် မှေးမှိန်၍လာသည်။ သစ်ရွက်များမှ တဖြုတ်ဖြုတ်ကြွေမြပင် ကြွေနေသည်။

"တကယ်ပဲ လွမ်းနေတာလား ခိုင်ရယ်၊ မောင်မောင့်ကိုများ ဒီအလွမ်းကိုဖော်ပြပြီး ဆွဲထုတ်ချင်လို့လား"

ကိုတင်အောင်သည် မဆက်စပ်သော ထိုအထင်ကြီးကိုပင် ဆွဲ၍ထင်လာပြန်သည်။ ကိုတင်အောင် မှားနေသည်။ မမြခိုင်သည် သူ့အပေါ် ထိုမျှယုတ်မာလိမ့်မည်မဟုတ်သည်ကို သူ မသိ။ သူ့ကို ဘယ်သူကမှလည်း ထိုအမှားမှ ဆွဲထုတ်မည့်သူ မရှိ။

mgyout.com

 mgyoe.com


တကယ်တော့ ကိုတင်အောင် ထင်မြင်ယူဆချက်များကို မမြနိုင် မသိသည်ဘဲ ကောင်းပါသေးသည်။ သိသာသိခဲ့ပါရင်လည်း သူ့ခမျာ ဆွေး၍ဆုံးရှာမည်မဟုတ်။

နိုင်က အလွန်ရှုံရှာမုန်းတီးလှသော Prejudice ဆိုတာကြီးကိုပင် နိုင်အချစ်ဆုံး ချစ်လင်က နိုင်အပေါ် Prejudice ရှိနေပြန်ပါသည်။ ဘယ်လောက် ခံပြင်းစရာကောင်းပါသလဲ။

ကိုတင်အောင်သည် ထိုင်ရာမှ ထလိုက်သည်။ နေရောင်သည် မရှိတော့။ လေများ ဖြည်းညင်းစွာ တိုက်ခတ်နေကြသည်။ ကဗျာစာရွက်များကို ယုယစွာ ကိုင်ရင်း လေဆေးစွာပင် အိမ်ဆီကို လျှောက်လာခဲ့သည်။

အိမ်ထဲတွင် မီးပွင့်များ လင်းနေကြသော်လည်း တိတ်ဆိတ်ငြိမ်သက်၍နေသည်။ အမှန်တော့ ကိုတင်အောင်ရင်ထဲတွင် ဟာနေသည်။ ယခင်က သူ မောမောပန်းပန်း ပြန်လာစဉ် နိုင်၏ခရီးဦးကြို ပြုပုံများ၊ သူ့ကို ရွှင်လန်းလာအောင် နစ်သိမ့်ခြင်းများကို သူ ယခုပြန်၍ ဆာလောင်လာသည်၊ မွတ်သိပ်လာသည်။

ထမင်းစားပွဲသို့ ထိုင်လိုက်ရသော်လည်း စားချင်စိတ်မရှိ၊ ထမင်းမစားခင် သူသည် ဖောင်တိန်နှင့် စာရွက်ကိုယူ၍ ထမင်းစားပွဲတွင်ပင် နိုင့်ထံသို့ စာပြန်ရေးနေသည်။ စာကို ဘာတွေ ရေးရမည်ကို သူ မသိသလို ဖြစ်နေသည်။ သူ စာတိုတိုပဲ ရေးချလိုက်သည်။

*နိုင်ရေ..*

*မောင်မောင် နိုင့်အပေါ် စေတနာမပျက်ပါဘူးကွယ်၊*

*ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ..*

*မောင်မောင်*

သူသည် သူ့စာကို ပြန်မကြည့်တော့။ သူ့ခေါင်းလည်း အတော်ပင် ရှုပ်သွားသည်။ ဘာကြောင့် သူ မမြနိုင်ကို ဒါလောက်အထင်လွဲမိသည်ကို သူ မစဉ်းစားမိ။

သူ့အလစ်အငိုက်တွင် မမြနိုင်က အုပ်သွားမည်ကိုပဲ စိုးရိမ်နေသည်။ ကိုတင်အောင်မှာ အလွန်ပဲ ခက်နေတော့သည်။ ထမင်းကို မစားချင်စားချင်နှင့် စားရင်းမှ ခေါင်းခဲ၍လာသည်။ ရင်ထဲမှာလည်း ပြည့်သိပ်၍ တင်းကျပ်ကျပ်ဖြစ်နေသည်။

အမှန်တော့ကာ သူသည် အချစ်ကို ဆာလာသည်။ သူ့လို ပုထုဇဉ်တစ်ယောက် မိန်းမနှင့် ထိုမျှကြာ ခွဲခွာနေရခြင်းသည် သဘာဝမကျတော့။

ထမင်းစားမပြီးခင်တွင် ကားတစ်စင်းဆိုက်လာ၍ ဧည့်သည်များ ရောက်လာသည်။

"ဗိုလ်ရဲလွင်တဲ့ ဆရာ"

"လွှတ်လိုက်လေ"

ဗိုလ်ရဲလွင်ဆိုသူမှာ အခန်းထဲသို့ ဝင်လာသည်။ ကိုတင်အောင်သည် ကြိုးစား၍ပြုံးကာ နှုတ်ဆက်လိုက်သည်။ ဗိုလ်ရဲလွင်မှာ အန်တီငြိမ်းနှင့်အတူတွဲ၍ ကမ္ဘာ့ကီတစ်ခုကို ထူထောင်ကာ ရောင်းဝယ်နေသူ ဖြစ်သည်။

mgyoe.com

mgyoe.com

ယခုလိုအချိန်တွင် လိုင်စင်များများကျလေ ဗိုလ်ရဲလွင်လက်တွင် ငွေသီးနေလေဖြစ်သည်။

"ဘယ့်နှယ် ကိုတင်အောင်၊ ဒီနေ့တစ်နေ့လုံး ခင်ဗျားတို့ အစည်းအဝေးထိုင်နေရတယ် ဆိုပါလား"

"ဟုတ်တယ်ဗျာ၊ ဗိုလ်ချုပ်တို့ လန်ဒန်သွားတာ မဟန်ရင်လဲ ခြေလှမ်းတစ်မျိုး ပြင်ရဦးမယ်ဗျာ၊ ကျွန်တော်ဖြင့် ဒီနေ့တစ်နေ့လုံး စိတ်ရှုပ်ဦးနှောက်ခြောက်နေတာပဲ၊ ခုမှပဲ ခဏနားရတော့တယ်"

"ဟုတ်ပါတယ်ဗျာ အနားမှ မရှိဘဲ၊ လာ.. ဦးနှောက်လဲ ရှင်းရှင်း မြို့ထဲ ခဏထွက်ရအောင်၊ ခင်ဗျားလဲ ဖြူဖတ်ဖြူရော်ဖြစ်နေပြီ၊ တစ်ခါတစ်ခါလဲ အနားယူရသေးတယ်ဗျ"

ကိုတင်အောင်သည် မြို့ထဲသို့လိုက်ရန် သဘောတူလိုက်သည်။ ကားကို အမိုးလှန်၍ ကုက္ကိုင်းလမ်းတစ်လျှောက် မောင်း၍လာကြသည်။

ညဏ်လေအေးများကြားတွင် ဖြတ်သန်းလာရင်း သူ့စိတ်ထဲတွင် အနည်းငယ် ရှင်လန်းလာသည်၊ ဦးနှောက်များလည်း ကြည်လင်လာသည်၊ သူတို့သည် ဂရင်းဟိုတယ်သို့ ရောက်သည်။

ဗိုလ်ရဲလွင်မှာ အားလုံးဒကာခံ၍ ကျွေးမွေးနေသည်၊ ဟိုတယ်မှ ညွှေ့ခံသော ကပွဲခန်းရှိ တေးဂီတသံများနှင့် အနောက်တိုင်းအကများမှာ သူ့စိတ်ကို လှုပ်ရှား၍ ရွှင်မြူးလာသည်၊

သူ ယခင်က မသောက်ခဲ့ဖူးသော အရက်ကို အတော်များများသောက်၍ သူက ဒီပတ်ဝန်းကျင်တွင် ယစ်မူးလာသည်၊

သူ့စိတ် အပြောင်းအလဲရလာသည့်အတွက် ဗိုလ်ရဲလွင်ကိုပင် သူက ကျေးဇူးတင်မိသည်၊

သူသည် ဟက်ဟက်ပက်ပက် ရယ်မောလာသည်၊ အင်္ဂလိပ်တေးသီချင်းများကိုလည်း သူ လိုက်၍ဆိုနေသည်၊ သူသည် အလွန်ကို ပျော်ရွှင်၍နေသည်၊ သူ ဘယ်လိုနည်းနှင့် အိမ်ကိုပြန်ရောက်သည်ကိုပင် သူ မသိတော့၊

နေ့ရက်များသည် တဖြည်းဖြည်းကုန်ဆုံး၍လာကြသည်၊ ကိုတင်အောင်သည် ညတိုင်း ယခင်လို စိတ်ရှုပ်မနေတော့၊ ဗိုလ်ရဲလွင်ဒကာခံမှုနှင့် ဂရင်းဟိုတယ်ကို ညစဉ် ရောက်လာသည်၊ တစ်ခါတစ်ရံများ ကပြားကလေးတွေနှင့် အကသင်ရင်းပင် ကလိုက်သေးသည်၊ ဂရင်းဟိုတယ်ကို မရောက်လျှင် တရုတ်ဟိုတယ်တစ်ခုခုကိုတော့ သူ ရောက်ပါသေးသည်၊

တကယ်တော့ ကိုတင်အောင် ပျက်စီး၍ လာပါသည်၊ ဒါပေမင့်လည်း မမြနိုင်ကို ပြန်ခေါ်ရန်အတွက် သူ မစဉ်းစားမိ၊

"နိုင် အမေရိကသွားဖို့အတွက် ခွဲနေတာပဲ"

သူသည် နိုင်အကြောင်းပြ၍ ရေးလိုက်သောစာကိုပင် မေ့ပစ်လိုက်သည်၊ သူ့စိတ်ကို သူ လှည့်စားလိုက်သည်၊

"ဟယ်.. ကိုတင်အောင်ပါလားဟေ့"

မြင်းပွဲတွင်းရှိ မြင်းပွဲပရိသတ်မှာ အတော်လေးအုံ့ဩသွားသည်၊ လွတ်လပ်ရေးရပြီးမှ နိုင်ငံရေးသမားများ၊ စစ်ဗိုလ်များမှာ စိတ်ဖြေရာဟူ၍ အကြောင်းပြကာ မြင်းကောင်းကောင်းလောင်းကြသည်၊

mgyoe.com

mgyoe.com
မြင်းမွေးသူကလည်း မွေးကြသည်။ သို့သော် ထိုလူထုထဲတွင် ကိုတင်အောင် မပါခဲ့။ ယခုလို ပထမဆုံးမြင်းပွဲကို ရောက်လာလိုက်ခြင်းမှာ နိုင်ငံရေးသမား မြင်းပရိသတ်အတွက် အတော်အံ့သြစရာဖြစ်သွားတော့သည်။

နောက်အပတ်များမှာတော့ အံ့သြစရာ မဟုတ်တော့။ ကိုတင်အောင်သည် မြင်းပွဲသို့ မှန်မှန်ရောက်လာသည်။ တကယ့်မြင်းသမားဂိုက်မျိုးပင် ဖမ်းလာတော့သည်။

တကယ်တော့ကာ ကိုတင်အောင့်ဘဝသည် အလွန်နှမြောစရာကောင်းလှတော့သည်။

အစည်းအဝေးပြီးသည်နှင့်တစ်ပြိုင်နက် ကိုတင်အောင်ကို ကိစ္စရှိလျှင် ဖဲဝိုင်းမှာ လိုက်ရှာရသည်။ ကိုတင်အောင်သည် လုံးလုံးပင် ပျက်စီးနေတော့သည်။

## (၈)

ချစ်ဖွယ်ကောင်းသော နွေဦးဝယ် မေမြို့သည် လှပနေသည်။ ရာသီဥတုကလည်း မျှတလျက်ရှိလေသည်။ စိန်နပန်ပွင့် ရောင်စုံဖြင့် ကျောက်တောင်များကို လွှမ်းခြုံထားသည်။

မမြနိုင်သည် တစ်ခါတစ်ရံ တင်အောင်ထံမှပြန်စာကို မျှော်လင့်လျက် ရှိလေသည်။ သာယာလှပသော မေမြို့၏နွေဦးတွင် အားလပ်တိုင်း တစ်ယောက်တည်း သွားချင်ရာ သွားနေတတ်သည်။ ချမ်းမြေ့သာယာခြင်းများကို ဇိမ်ခံသလို တောင်ကုန်းလေးများတွင် တစ်ယောက်တည်း သူ့အဖော်တယောလေးနှင့် နေတတ်လေသည်။

ယခု တနင်္ဂနွေနေ့ကို ဘယ်လိုဖြုန်းရမည်ကို သူ စဉ်းစားနေသည်။ ဒေါ်ထူးရွှေကမူ သူ့ကို တခြားဆရာမအဖော်တွေနှင့် ပျော်ပျော်ပါးပါး ပျော်ပွဲစားထွက်စေချင်သည်။ စမ်းချောင်းလေးများရှိရာသို့ သွားစေချင်သည်။ ဒေါ်ထူးရွှေအကြံကို လုံးဝလက်မခံ။ သူတစ်ယောက်တည်းပဲ တစ်နေရာရာကို သွားရန် စဉ်းစားနေလေသည်။

"ဟော.. မမြနိုင်၊ ရန်ကုန်ကတဲ့ ဧည့်သည်တစ်ယောက် ရောက်နေတယ်"

ဒေါ်ထူးရွှေက အားရဝမ်းသာ လာပြောလေသည်။

သူသည် လက်ထဲမှ မနက်စာစားနေသော ဖွန်းခက်ရင်းများကို လွှတ်ချရင်း ဧည့်ခန်းသို့ အပြေးအလွှားထွက်သွားသည်။

"ဟာ.. ကိုထွန်းအေး၊ အမယ်လေး ဝမ်းသာလိုက်တာ"

မမြနိုင်သည် ရဲဘော်ထွန်းအေးပခုံးကိုပင် ကိုင်၍လှုပ်ရင်း သိပ်ဝမ်းသာနေသည်။

"ဒီမှာ နိုင်တစ်ယောက်တည်းရယ်၊ မောင်မောင့်သူငယ်ချင်းတွေတောင် မရှိတော့၊ မလာတော့ နိုင် သိပ်ပျင်းနေတာပဲ၊ မောင်မောင် နေကောင်းရဲ့လားဟင်၊ သူ ဟိုမှာ ပျော်ရဲ့လား၊ သူ စာရေးဖို့ အချိန်မရဘူးလား"

မမြနိုင်သည် ကိုထွန်းအေးကို မေးခွန်းတွေ တစ်ပုံကြီး ဆက်တိုက်မေးနေသည်။

"ထိုင်ပါဦး မမြနိုင်ရယ်" ဟု ကိုထွန်းအေးက ပြောလိုက်မှ မမြနိုင်သည် ထိုင်ဖို့သတိရလာသည်။
mgyoe.com

mgyoe.com

"အေးအေးဆေးဆေး စကားပြောရအောင် လာတာပဲ မမြနိုင်၊ လားရှိုးကို သန်ဘက်ခါကျ သွားမယ်၊ မသွားခင် မမြနိုင်ဆီ ဝင်လာတာ၊ ခင်ပျားမောင်မောင်လဲ နေကောင်းပါတယ်၊ တစ်ခုကလဲ ခင်ပျားကို သတိပေးစရာတစ်ခုရှိလို့ လာတာပဲ"

မမြနိုင်သည် ပင့်သက်ရှူလိုက်ရင်း ကိုထွန်းအေးစကားများကို နားထောင်နေသည်။

"ခင်ဗျား တတ်နိုင်ရင် သူ့ခေါ်ခေါ်၊ မခေါ်ခေါ် ရန်ကုန်ပြန်သွားစေချင်တယ်"

"အို.. နိုင်က သာပြီးပြန်ချင်သေးတယ်၊ ပြန်ချင်လွန်းလို့ သူ့ဆီ စာတောင်ရေးလိုက်သေးတယ်၊ သူ့ဆီကသာ ဘာစာမှ ပြန်မလာဘူး"

မမြနိုင်က တုန်တုန်ယင်ယင်ဖြေလိုက်သည်။

"စာမလာပေမင့် ခင်ပျားပြန်စေ့ချင်တယ်၊ ခင်ပျားပေးတဲ့စာ ကျွန်တော်တင်မကဘူး အန်တီငြိမ်းပါ ဖတ်ရတယ်၊ ခင်ပျားလင် အရိုးအအ ကလဲ အန်တီငြိမ်းကို ဘာအောက်မေ့လဲ မသိဘူး၊ ခင်ပျား စာလာသမျှ ပြတယ်၊ လင်မယားအတွင်းရေးလဲ အန်တီငြိမ်းပဲ၊ ဒီမိန်းမကြီးက သူ့ကိုအန္တရာယ်ပြုလိမ့်မယ်ဆိုတာ နည်းနည်းမှ သတိမထားဘူး"

"ဘာ.. အန်တီငြိမ်းက.."

နိုင်က အလန့်တကြား မေးလိုက်သည်။

"အင်း... ခင်ဗျားလဲ အ တာပဲ၊ ခင်ပျား မှတ်မိသေးလား၊ ခင်ပျားတို့အိမ် ထမင်းစားလာတော့ ခင်ပျားစကားပြောနေတုန်း ကျွန်တော် မျက်စိမှိတ်ပြတာ"

"မှတ်မိတယ်"

"ဒီတော့ ဒီအန်တီငြိမ်းရာဇဝင်ကို ကျွန်တော်က စုံစမ်းနေပြီ၊ ဒီမိန်းမကြီးက ပဒေသရာဇ်စနစ်ကို မုန်းတီးလို့ ရှုံ့ရှာလွန်းလို့ တိုက်ပွဲမှာ ကူညီနေတာ မဟုတ်ဘူး၊ သူက ပုဂ္ဂိုလ်စွဲ မုန်းနေတာ၊ စနစ်ကို မုန်းတာမဟုတ်ဘူး၊ နောက်မှ ကျွန်တော်လဲ ရှမ်းရဲဘော်တစ်ယောက်ဆီက စုံစမ်းလို့ ရတယ်၊ သူက ရှမ်းစော်ဘွားတစ်ယောက်နဲ့ ဖြစ်ဖူးတယ်၊ ခေတ်ပညာတတ်ဆိုတော့ အနေအထိုင်ကလဲ မိုလ်ဆန်ရုံ မကဘူး သိပ်ကဲတယ်၊ သူ့ဖြစ်နေတဲ့ စော်ဘွားဟော်ထဲကို သူက ဝင်မွှေချင်တယ်တဲ့၊ ခင်ပျားအဖေနဲ့ ဒီစော်ဘွားနဲ့က သူငယ်ချင်းဆိုတော့ ခင်ပျားအဖေက သူ့ခြေလှမ်းကိုသိတော့ ဒီကိစ္စ မအောင်မြင်အောင် ဝင်တားလိုက်တယ်၊ အဲဒါနဲ့ ခင်ပျားအဖေကိုလဲ ငြိုး၊ ဒီစော်ဘွားလဲ ငြိုးပြီး သူက ဒီစော်ဘွား တစ်ယောက် ပြုတ်ရုံတိုက်နေတာ၊ စနစ်ကို မမုန်းဘူး၊ ဘာလို့လဲဆိုတော့ ခု ပင်လုံစာချုပ်အပြီးမှာ ဟို စော်ဘွားက သူ့ကို ပြန်ဆက်တော့ မချောစာ လက်ခံရုံတင်မကဘူး သိပ်သာယာနေတယ်၊ ဒီဘက်မှာတော့ ကိုတင်အောင်တို့ကို လိုမ့်နေတယ်၊ ကျွန်တော်လဲ လက်ဆုပ်လက်ကိုင်ပြနိုင်လို့ ယုံတာ၊ ခင်ပျားလင်ကလဲ First Person ပဲ၊ ကျုပ်တို့ခေါင်းဆောင်တွေမှာ အဲဒါ (ချို့ယွင်းချက်) စဲ၊ ပထမဆုံးလူ ပြောတဲ့စကားပဲ ယုံချင်ကြတယ်၊ ခုနောက်ဆုံး ကျွန်တော် ဒေါ်အပွဲဆုံးက ကိုတင်အောင်ဟာ ပျက်စီးနေပြီ.. သိလား"

"ဘာ..."

mgyoe.com

mgyoe.com

နိုင်သည် မျက်လုံးပြူးသွားသည်။

"ခင်ဗျား သိပ်အတယ်၊ အန်တီငြိမ်းက ခင်ဗျားအနားမကပ်နိုင်အောင် သိပ်ခြေထိုးတယ်"

ထွန်းအေးသည် ယခင်တစ်ခါက အန်တီငြိမ်း တင်အောင်ကို ခေါ်ပြောသော စကားများကို ပြန်ပြောရင်း "အဲဒီခေါ်ပြောပြီး ပြန်လာတော့ ကိုတင်အောင်က ကျွန်တော့်ကို ပြောပြသေးတယ်၊ ဒါတင်မကဘူး ပိုဆိုးတာက ခင်ဗျား ဟိုစာရေးလိုက်တုန်းက အန်တီငြိမ်းက ဘယ်လိုပြောလဲ ဆိုတော့ ခင်ဗျားနဲ့ အရင်စပ်ထားတဲ့ စောဆိုင်အုံနဲ့ ညစာထမင်းလိုက်စားရုံတင်မကဘူး ဇော်ဘွားတွေနဲ့ သိပ်အလွမ်းသင့်နေတာတွေ နင်းကန်မှတ်တော့ ကိုတင်အောင် လိမ့်နေတာပေါ့ဗျ"

"ဟင်.. နိုင် အစ်ကိုနဲ့ သွားစားတာပါ၊ သူကော ဘယ်လိုသိသလဲ"

"အေး.. သူလင် ဇော်ဘွားကတစ်ဆင့်ပြောတာ၊ ပြီးတော့လဲ ခု ရန်ကုန်က သိပ်ဆိုးနေတယ်၊ နည်းနည်းလေး အစွန်းအစနဲ့ တက်လာတဲ့အကောင်ဆို ပိုင်းနက်ပစ်ချင်ကြတယ်၊ ပူးသတ်ချင်ကြတယ်၊ ခုလဲ အန်တီငြိမ်းနဲ့ ရဲလွင်ဆိုတဲ့အကောင် တွဲပြီး ကိုတင်အောင်ကို ဖျက်နေတာပဲ၊ ကိုတင်အောင်လဲ အရက်သိပ်သောက်တာပဲ၊ ဖဲလဲ ရိုက်တယ်၊ တစ်ခါတစ်ခါ ဟိုတယ်မှာ အချိန်ကုန်တယ်၊ ကျွန်တော်ဖြင့် သိပ်စိတ်ညစ်သွားတာပဲ၊ ပါတီမှာလဲ သူ့ခေါင်းဆောင်မှုဟာ လျော့ရဲလာတာပဲ"

မမြနိုင်သည် အံကြိတ်လိုက်ရင်း "ခက်တာပဲ၊ နိုင်ငံရေးသမားဟာ အစွမ်းကုန်သန့်နိုင်မှပဲ၊ နိုင်က သာပြီး သန့်ရှင်းစေချင်လွန်းလို့ အားလုံးလွှတ်ပြီး နိုင်ငံရေးပဲ ဂရုစိုက်ဖို့ လမ်းလုပ်ပေးတာပဲ"

"အဲဒီ ဗိုလ်ရဲလွင်ကတော့ ကိုတင်အောင်ခေါင်းဆောင်မှုကို ပူးသတ်နေတာပဲ၊ ကျွန်တော်လဲ ပြောမရဘူး၊ ကိုတင်အောင်အဖို့ကလဲ မမြနိုင်၊ ဗိုလ်ချုပ် လန်ဒန်သွားပြီးစာချုပ်ချုပ် နေတုန်း နေ့မအား၊ ညမအား အတိုက်အခံဘက်တွေနဲ့ အကြိတ်အနယ်လုပ်ရ၊ အခြေခံဥပဒေအတွက် ကူညီနေရနဲ့ သိပ်ပင်ပန်းနေတုန်းမှာ အိမ်ပြန်လာလို့မှ စိတ်ဖြေစရာက မရှိ၊ မိန်းမကလဲ ဝေးနေတော့ ဦးနှောက်ရှင်းရင်း အပန်းဖြေရင်းက ခုတော့ အလွန်အကျွံဖြစ်လာတာပဲ"

"သူက မပြန်ရဘူးဆိုတော့ နိုင် ဘယ်ပြန်ရဲမလဲ၊ နိုင် သူ့ကို သိပ်ချစ်တော့ သူ့ကို မလွန်ဆန်ချင်ဘူး"

"အဲဒီလူကလဲ ပြီးတော့ ခင်ဗျားကို အမေရိက သွားစေချင်တာကလဲ ရှိသေးတယ်၊ ကိုယ့်လူတွေ တတ်နိုင်တုန်းမှာ အခွင့်အရေးယူပြီးလဲ မလုပ်ချင်ဘူး၊ ခက်တယ်ဗျာ.. ခုတော့ ပင်ပန်းရတဲ့အထဲ အရက်က အလွန်အကျွံဆိုတော့ ကျန်းမာရေးကို ထိနေပြီ၊ သိပ်လဲ ပိန်တယ်၊ ဒါကြောင့် သူခေါ်ခေါ်၊ မခေါ်ခေါ် ကျွန်တော်နဲ့အပြန် လိုက်ခဲ့စေချင်တယ်"

"ခက်တာပဲ အကျင့်စာရိတ္တကို ထိခိုက်တာကတော့ ဘယ်သူမှ ခွင့်လွှတ်ကြတော့မယ် မထင်ဘူး"

"ရဲဘော်တွေကတော့ ခင်ဗျားကို အပြစ်တင်ကြတယ်ဗျာ၊ ကိုယ့်လင်ကို ဒါလောက်အကြာကြီး ခွဲနေတာ"

မမြနိုင်သည် ရဲဘော်ထွန်းအေးစကားကို ပါးစပ်အဟောင်းသားနှင့် နားထောင်နေသည်။ သူ

mgyoe.com

mgyoe.com

သည့် ဘာကိုမျှ မဖြေရှင်းချင်တော့ပေ။ မမျှော်မှန်းသော ဒါလောက်ဆိုးဆိုးရွားရွား အခြေကို ရောက်သွားရသည်ကို သူ သိပ်ဝမ်းနည်းအံ့သြမိလေသည်။

"တလောကဆို မြင်းပွဲမှာ တွေ့ခဲ့သေးတယ်၊ ကျွန်တော်တို့ ကိစ္စတစ်ခုရှိလို့ သွားတာပဲ၊ ကျွန်တော်လဲ သတိပေးပါတယ် နိုင်ငံရေးသမားဆိုတာ ဘုရားအလောင်းနီးနီးကျင့်နိုင်မှ တော်ရုံကျတယ်၊ ပြီးတော့လဲ မမြနိုင်.. ရာဇဝင်ဆိုတာ ခေါက်ထားခဲ့လို့ မရဘူး၊ အမည်းစက် ထင်ပြီဆိုရင် နောက်ကြောင်း ရာဇဝင်တွေဟာ တစ်နေ့မပေါ် တစ်နေ့ပေါ်လာတာပဲ၊ အခုတော့ သူ့ကို လုပ်ဖော်ကိုင်ဖက်တွေက စိတ်ပျက်ကြတာပေါ့လေ"

"ဗိုလ်ရဲလွင်ဆိုတာ ဘယ်သူလဲ"

"ရပလ လူထွက်ဗျာ၊ ရှမ်းစော်ဘွားတွေ သူလျှို၊ အန်တီငြိမ်းလက်စွဲပေါ့"

"ဟိုတုန်းကဆို အန်တီငြိမ်းပြောစကားတွေဟာ စိတ်ထက်သန်လွန်းလို့ ကျွန်မတောင် စိတ်ထဲက သူ့ကို ချီးကျူးမိတယ်၊ ခု ဘယ်လိုဖြစ်တာလဲ"

"မပြောနဲ့ဗျာ ကျုပ်စိတ်ပျက်တယ်၊ ကျုပ်ပြောခဲ့သလိုပါပဲ ပြီးတော့ ခု သူက ဖဆပလနဲ့ သင့်အောင် ပေါင်း၊ အစိုးရအရာရှိတွေနဲ့လဲ အကျွမ်းတဝင်သိပ်လုပ်ပြီး ခုနောက်ပိုင်းက လိုင်စင်တွေ လျှောက်လို့ရတာ တစ်သိန်းဖိုးလောက် ရှိတော့မယ်၊ သေသေချာချာကို အရေခြုံပါပဲဗျာ"

ရဲဘော်ထွန်းအေးသည် မမြနိုင်ကို သနားလည်း သနားသည်၊ ကိုတင်အောင်အတွက်လည်း ယူကျုံးမရ သိပ်ဖြစ်မိလေသည်။ သူတို့ဇနီးမောင်နှံ၏ အပြစ်မဲ့သော တစ်ယောက်အပေါ် တစ်ယောက်ထားသည့် စိတ်ဓာတ်များ၊ အနစ်နာခံမှုများကို သူ အသိဆုံးဖြစ်သည်။ ဒါကြောင့်ပင် မမြနိုင်ကို ပိုမို၍ သနားမိသည်။

မမြနိုင်သည် ပြတင်းမှ ဆုံးစမရှိ မျှော်မှန်းရင်း ရင်ထဲတွင် ကျုပ်လာသည်။ အတိတ်ကားချပ်များသည် တစ်လှာပြီးတစ်လှာ ပေါ်လာခဲ့သည်။ ဟော်ကို စွန့်ပစ်ခဲ့ပြီးသည့်နောက် ယုံကြည်စွာ တွဲဖက်လာခဲ့သော သူ့ချစ်လင်သည် ပဒေသရာဇ်တိုက်ပွဲလမ်းစဉ်တွင် လူမကျဆုံးဘဲ စိတ်ကျဆုံးသွားသည်ကို သူ ကြေကွဲမိလာသည်။

"ခုတော့ ကိုထွန်းအောင်တို့၊ ဦးထွန်းမြင့်တို့လဲ လုပ်ရတာ လုပ်အားမရှိတော့ဘူးပေါ့၊ သူကလဲ လုံးလုံးကိုအကူအညီမရတော့ဘူး၊ ဖြစ်တာတော့ ဖြစ်ပြီပေါ့လေ၊ အချိန်မီ ဆယ်နိုင်အောင်သာ ခင်ဗျား ပြန်လိုက်ခဲ့ပေါ့"

မမြနိုင်သည် ခေါင်းညိတ်နေသည်။

"ကျွန်မ ဟိုရေးတဲ့စာ ကိုထွန်းအေးတို့ ဖတ်ရတယ်ဆိုတာပဲ ကျွန်မကျေနပ်ပါပြီ၊ ကျွန်မစာတွေ ရေးတယ် ခဏခဏပဲ၊ တစ်စောင်မှ မပြန်လာဘူး၊ ဒါတော့ ဖြစ်ရမယ်၊ မိန်းမတစ်ယောက်ဟာ ဒါလောက် လင်နဲ့အကြာကြီး ခွဲနေတဲ့နောက် ဒီမိန်းမရဲ့အနေအထိုင်ဟာ တစ်နေ့ အထင်မလွဲ တစ်နေ့တော့ အထင်လွဲစရာ ဖြစ်လာမှာပဲ"

mgyoe.com

mgyoe.com

"အို.. သူ့ပင်ကိုကတော့ ခင်ဗျားအသိပဲ သဘောထားကြီးပါတယ်၊ ဘေးလူတွေကိုက သိပ်တိုက်နေတာလားဗျ"

ထွန်းအေးသည် စိတ်ပျက်စွာ ပြောလိုက်လေသည်။

မမြနိုင်သည် ခုမှပဲ အကြောင်းစုံ သိရတော့သည်။

"နိုင့်အပြစ်ပဲ ကိုထွန်းအေး၊ နိုင် ခွဲနေလို့ မောင်မောင်ခုလိုဖြစ်ရတာ"

သူ့မောင်မောင်ကို ခွင့်လွှတ်၍ သူ့အပြစ်ကိုပင် ဖော်လိုက်သေးသည်။ မမြနိုင်အချစ်ကား သိပ်ကောင်းလွန်းနေသော လူနှင့်မတန်သည့် အချစ်ပင် ဖြစ်သည်။

"ကဲ.. ခိုင်လိုက်မယ် ကိုထွန်းအေး၊ မြန်မြန်ပြန်လာနော်၊ နိုင် ခွင့်အတွက်လဲ စီစဉ်ရဦးမယ်၊ ရန်ကုန်ကျမှ ဒေါက်တာထင်ကျော်ပြောပြီး မေမြို့ဆေးရုံက ထွက်လိုက်တော့မယ်၊ သူ သိပ်ပိန်နေသလားဟင်၊ နဂိုကလဲ နှလုံးအားနည်းတဲ့ရောဂါက ရှိတယ်"

မမြနိုင်သည် အလွန်စိုးရိမ်သွားသလိုဖြစ်ကာ ခေါင်းငိုက်စိုက်ဖြစ်နေတော့သည်။

ကိုထွန်းအေးက ဘာမျှပြန်မဖြေဘဲ ကုလားထိုင်ကို မှီနေသည်။ သူတော့ အတော်ပဲ ရှုံ့ရှာနေပုံရသည်။ အတိုက်အခံပါတီတစ်ခုလုံးကို သူ မကြောက်၊ တောခိုသောင်းကျန်းမှုများကိုလည်း သူ မကြောက်၊ ယခုလို ညစ်ပတ်စုတ်ပဲ့စွာနှင့် ပူးသတ်သော အလေ့ဆိုးများကိုမှ သူ သိပ်ကြောက်သည်။

သောင်းကျန်းသူ တောခိုသူများနှင့် အတိုက်အခံပါတီများမှာ ရန်သူကို အကောင်အထည်လိုက် မြင်ရသည်၊ တစ်နည်းအားဖြင့် သတ္တိရှိသည်ဟု ဆိုရမည်။ ယခုလို မိန်းမလို မိန်းမရ ပူးသတ်မှုများကား သတ္တိကြောင်ရုံတွင်မက ယုတ်မာလွန်းလှသည်။ သူတို့၏တိုက်ခိုက်မှုကိုလည်း အသိခက်၍ ကြိုတင်ကာကွယ်နိုင်ဖို့ ခဲယဉ်းလှလေသည်။

"သိပ်ယုတ်မာတယ် သိပ်စုတ်ပဲ့တာပဲ၊ ကျုပ်တို့လူတွေကလဲ ခက်တာပဲ၊ ရိုးလွန်းတော့ သူတို့လိုပဲ အောက်မေ့ပြီး ယုံမိရင် အလွန်ယုံကြတာပဲ"

ထွန်းအေးသည် စိတ်ပျက်စွာ ညည်းလိုက်လေသည်။

(၉)

နောက်ခုနစ်ရက် နှစ်ပတ်အကြာတွင် မမြနိုင်သည် ကိုထွန်းအေးနှင့်အတူ ရန်ကုန်သို့ လိုက်လာခဲ့လေသည်။

အိမ်တွင် ကိုတင်အောင် မရှိပါ။

"အစ်ကိုလေး ကိုထွန်းအေးသွားတဲ့နေ့ပဲ တော်တော်နေမကောင်းလို့ ဆေးရုံပို့ထားတယ်၊ ချောင်းလဲ သိပ်ဆိုးပြီး ခြေတွေလက်တွေ သိပ်တုန်နေတယ်"

ထမင်းချက်သူငယ်လေးသည် မမြနိုင်အား ဆီး၍ပြောလိုက်သည်။ နိုင်သည် ချက်ချင်းပင် ကိုထွန်းအေးနှင့်အတူ ဆေးရုံကြီးသို့ လိုက်သွားတော့သည်။

ကိုတင်အောင်သည် ဆေးရုံအိပ်ရာထက်တွင် ငြိမ်နေသည်။ ဆေးထိုးလိုက်၍ ခြေလက်များ

mgyoe.com

mgyoe.com

မတုန်တော့ကြောင်း ဆရာမလေးက ပြောပြသည်။ နိုင်သည် ကိုတင်အောင်ကို စေ့စေ့ကြည့်နေသည်။ နဖူးကို အသာအယာနမ်းလိုက်ရင်း "မောင်မောင်.. နိုင်ပြန်ရောက်လာတယ်လေ"

ကိုတင်အောင်သည် ကြားပုံမရပေ။ ကြောင်၍ပင် ကြည့်နေလေသည်။ အမှန်တော့ ကိုတင်အောင်သည် နိုင့်ကို မှတ်မိဖို့ မြင်ဖို့ လုံးဝသတိမရှိတော့ပါ။ အသက်သာ မျှဉ်းမျှဉ်းရှူနေတော့သည်။ လူမှာလည်း အတော်ပင် ပိန်လျက်ရှိလေသည်။ နိုင်သည် လက်ကလေးများကို ဆုပ်ရင်း သူ့ကို သတိရပါရန် စကားပြောနေသည်။ အမှန်တော့ကာ ကိုတင်အောင် အသက် ချောမောစွာ ထွက်နိုင်ရေးအတွက် ဆေးထိုးထားခြင်း ဖြစ်ပေသည်။ နိုင် လက်များကို ကိုင်နေစဉ်ပင် ကိုတင်အောင်သည် အသက်မရှိတော့ပါ။ မမြနိုင်သည် သူ့လင်ဘေးတွင် မတ်မတ် ရပ်လိုက်သည်။ နှုတ်ခမ်းကို စုံကိုက်ထားသည်။

"မောင်မောင် သေပြီ"

သူ ဒါပဲပြောလိုက်သည်။ ဆရာဝန်ကြီးမှာ နိုင့်အနား ရောက်လာ၍ အရက် အပြင်းအထန် သောက်လွန်းသဖြင့် နလုံးကို ထိခိုက်ရုံမက အသည်းပါခြောက်၍သေကြောင်းသာ ပြောပြနေသည်။

မမြနိုင်သည် ချာခနဲ လှည့်လိုက်သည်။ ပြီးတော့ ထွက်သွားသည်။ မှန်သည်၊ သေမှ ဘာလုပ်တော့မည်လဲ။ ကိုထွန်းအေးသည် စိုးရိမ်တကြီး မမြနိုင်နောက် လိုက်သွားသည်။

❋

မမြနိုင်သည် ဘေးမှပါလာသော ကိုထွန်းအေးကိုပင် ဂရုမပြုမိ။ သူ့ကားကို ဒေါက်တာကျော်ထင်အိမ်သို့ မောင်းနိုင်းရင်း လိုက်ပါလာခဲ့သည်။

လင်ယောကျ်ား ကွယ်လွန်ခဲ့ပြီ။

သူ့စိတ်ပင်ပန်းမှုများသည် အဆုံးသို့ ရောက်သွားခဲ့ပါပြီ။ ကြေကွဲခြင်းများသည်လည်း အစွမ်းကုန်သွားပြီ မဟုတ်ပါလော။ ယခုအချိန်တွင် ငို၍ပင် မရတော့။

နောက်ဆုံး မမြနိုင်ရင်ထဲတွင် အခံပြင်းဆုံးမှာ သူ့ချစ်လင်က သူ့ကို စော်ဘွားနှင့် အထင်လွဲမှား ချက်ပင် ဖြစ်တော့သည်။ ဖြေရှင်းရန် အချိန်မျှပင် သူ့မှာ မရလိုက်။ သူ့လင်သည် ထိုယုံမှားချက်ကို တမလွန်သို့ ယူသွားမည်မှာ သေချာသည်။

မမြနိုင်၏ ယူဆချက်မှာလည်း မှန်သည်။

တကယ်တော့ ကိုတင်အောင်သည် သဘောမည်မျှပင် ကြီးခဲ့စေကာမူ စောဆိုင်အုံနှင့် ညစာစားသွားသော မမြနိုင်သတင်းကို ကြားကတည်းက သူ့ရင်ထဲတွင် မသက်သာမှုများမှာ ပိုဆိုးလာသည်။ ထိုအချိန်ကသာ နှစ်ယောက်ပူးပေါင်းနေရေးအတွက် ကြားက ဖန်တီးမှုသာ ပေါ်လာပါက သခုလို အခြေအနေမှာ ဆိုးရွားသွားမည်မဟုတ်ပေ။

ယခုတော့ လွန်ခဲ့ပါပြီ။ အန်တီငြိမ်းတို့က နှစ်ယောက် သွေးကွဲရေးကိုသာ ဖန်တီးခဲ့သည်။

mgyoe.com

mgyoe.com

အမှန်တော့လည်း ကိုတင်အောင် အတွေးနက်အောင်ပင် အခြေအနေများက ဖန်တီးလာခဲ့သည်။

မမြနိုင်သည် ယခုမှသာ နိုင်ငံရေးသမားမိန်းမဘဝသို့ ရောက်ခဲ့ရပေမင့် ယခင်က စော်ဘွား တစ်ဦး၏သမီးအဖြစ် အထက်တန်းကျကျ နေလာခဲ့သူ ဖြစ်သည်။ သာယာမှုနှင့် ပျော်ရွှင်မှုတို့ကို ဒင်ပြည့်ကျပ်ပြည့် ခံစားလာခဲ့ရသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

ကိုတင်အောင်နှင့် ညားကတည်းက မမြနိုင်သည် အဆင်းရဲခံနေခဲ့ရသည်။ သူ့ဝမ်းစာ သူ ရှာစား၍ သာယာမှု၊ ပျော်ရွှင်မှုတို့နှင့် ကင်းကွာခဲ့ရ၏။ နောက်ဆုံး နိုင်ငံရေးသမားမိန်းမဖြစ်၍ လင်၏ယုယ ကြင်နာမှုကိုပင် တခြားမိန်းမတွေလို သူ့ခမျာ မခံစားရပေ။

ကိုတင်အောင်နှင့် အန်တီငြိမ်း တစ်ခါတွေ့စဉ်ကလည်း

"မင်းနဲ့ ရကတည်းက သူ့မှာ အဆင်းရဲကြီး ဆင်းရဲနေတော့ ခုလို စော်ဘွားတွေက သူ့ကို အရေးပေး ဂရုစိုက်ပြန်တော့လဲ မမြနိုင်စိတ်ဟာ ဟိုစည်းစိမ်တွေအပေါ်မှာ မသာယာဘဲ နေမလား မောင်တင်အောင်၊ ပြီးတော့ စောဆိုင်အုံဆိုတာက အခါမရွေးမမြနိုင်ကို လက်ခံဖို့ အဆင်သင့်ပဲ၊ တော်တော် စွဲတာကွဲ့"

ထိုစကားတွေသာ ကြားနေရ၍ ကိုတင်အောင်အဖို့ မမြနိုင်အပေါ် အထင်လွဲမှုများ သာသည်ထက် သာ၍သာ လေးနက်ခိုင်မြဲလာတော့သည်။

အလုပ်က ပင်ပန်းတိုင်း ပိန်းမအတွက်လည်း စိတ်ညစ်တိုင်း ထင်ရာလုပ်မှုများသည် ယခုတော့ ကိုတင်အောင်၏ဘဝကို လုံးဝဖျက်ဆီးပစ်လိုက်တော့သည်။

မမြနိုင်သည် တမလွန်သို့ပင် လိုက်၍ရှင်းချင်သည်။ သူ၏ ချစ်မေတ္တာသည် ကိုတင်အောင် အပေါ်တွင် နှင်းပွင့်လို ဖြူစင်ခဲ့ပါ၏။ လရောင်၏ အေးမြခြင်းနှင့်အတူ တည်မြဲသော သူ့အချစ်ကိုလည်း သူ့ခမျာ တိုင်တည်၍ပြချင်ရှာသည်။

ယခုတော့ မမြနိုင်အဖို့ မျက်ကွယ်တွင် တစ်ဖက်သတ်စီရင်ချက် အချခံရသော တရားခံလို ဖြစ်နေရှာတော့သည်။

ရှုံ့စရာကောင်းသော အတိတ်ကြီးသည် မမြနိုင်အတွက် ပေါ်ပေါက်လာခဲ့သည်။ ဒီ အတိတ်ဖြစ်စဉ်ကြီးကို သူမ ပြန်တွေးလိုက်တိုင်း ရွံရှာမက ကြောက်ရွံ့လာသည်။

ဒီအတိတ်ကြီးကို သူက လုံးဝမေ့ပစ်ချင်သည်။ ဒီအတိတ်ကြီး ပေါ်ပေါက်ရာ ပတ်ဝန်းကျင်မှ သူက ရုန်း၍ထွက်ကန်သွားချင်သည်။

သို့သော် ပတ်ဝန်းကျင်မှ ထိုးထွက်၍သာ ရမည်၊ ထိုအတိတ်၏ ဖြစ်စဉ်များကတော့ သူ့နှလုံးဝယ် အမြဲပဲ စွဲကပ်နေမည်ဖြစ်သည်။

မမြနိုင်သည် ကားပေါ်တွင်ထိုင်ရင်း ရင်ထဲမှာ ဆွေး၍လာသည်။

"မမြနိုင်… ခု ဘယ်သွားမှာလဲ"

mgyoe.com

mgyoe.com

ကိုထွန်းအေးက လှမ်း၍မေးလိုက်မှ မငြိမ်းနိုင်သည် သတိရလာသည်။ သက်ပြင်းတစ်ချက် ချ လိုက်ရင်း..

"ဒေါက်တာ ကျော်ထင်အိမ်ကို"

ဒါပဲ ပြန်ဖြေလိုက်သည်။ အတိတ်သည် မှိုင်းမှုန်ရာမှ တဖြည်းဖြည်း မှောင်၍လာသည်။ ယခု တော့ ကြောက်မက်ဖွယ်ကောင်းသော အတိတ်၏ပန်းချီကားချပ်ပေါ်တွင် မှောင်အတိကျနေပါ ပကော။

မငြိမ်းနိုင်သည် ဒေါက်တာကျော်ထင်အိမ်ပေါ်သို့ အမှတ်မထင် တက်သွားမိတော့သည်။

"နိုင် ဒီမှာ မနေချင်တော့ဘူး အန်ကယ်၊ နိုင် သွားပါရစေတော့"

နိုင်သည် ရှိုက်၍ ပူဆွေးသမျှကို ခုမှ ဖော်ထုတ်ကာ ငိုတော့သည်။ ဒေါက်တာကျော်ထင်မှာ နိုင့် ဖခင်နှင့် ကျောင်းနေဖက်ဖြစ်၍ နိုင့်ကို အလွန်ဂရုစိုက်သည်။

"ကိုယ့်မှာလဲ အညွှန့်နဲ့ပဲကွယ်၊ တက်လမ်းတွေလဲ ရှိသေးတာပဲ၊ သေဆုံးရတာတွေ၊ ကွေကွင်းရ တာတွေဟာလဲ ဆုံးရှုံးခြင်းပဲ၊ ဒီဆုံးရှုံးမှုနောက်မှာ အရှုံးချည်း ဆက်မလိုက်စေနဲ့၊ ကိုယ့်တိုးတက်မှုတွေ ကို အဆုံးရှုံးမခံစေချင်ဘူး"

ဒေါက်တာကျော်ထင်သည် နိုင့်ကို ကြင်နာစွာ ပြောပြနေသည်။ နွေဦးလေများသည် ခပ်ပြင်း ပြင်း တိုက်ခတ်၍ နေလေသည်။ အပြာပွင့်ခက်များနှင့် ပါးလွှာသော ခန်းဆီးလေးများမှာ လွင့်လွင့် သွားကာ လှုပ်ရှားနေလေသည်။

ရွက်မဲ့သော သစ်ကိုင်းကြီးများသည် ပြာလဲ့သော ကောင်းကင်နောက်ခံတွင် ထီးတည်းကြီး ဖြစ်နေလေသည်။ တစ်ရွက်တည်းသော ရွက်ကျန်လေးသာ ကိုင်းထက်တွင် တဖျပ်ဖျပ်လှုပ်ရှားရင်း နွေ၏သွေ့ခြောက်သော လေဒဏ်ကို မိတ်၍ခံနေရရှာသည်။

မငြိမ်းနိုင်သည် သည်ရွက်ကျန်လေးကို ငေးနေမိသည်။ နေကလည်းပူ၊ လေကလည်း တိုက်၊ အဖော်ဖြစ်သော သစ်ရွက်များလည်း စောစောကပင် ကြွေလျှော၍ သွားကြပြီ။

"အခု မောင်တင်အောင်ဟာ မသေလဲ နောက်တစ်နေ့နေ့ သူ့လုပ်ငန်းတွေလုပ်ရင်း ကျဆုံးရ မှာပဲ မိန်းကလေးရယ်"

"ဒီလိုကျဆုံးပုံမျိုးဆို နိုင် ဝမ်းမနည်းပါဘူး၊ ခုတော့ သံပရာတစ်ခြမ်းနဲ့ ကြွေရသလိုပဲ၊ အရက် သမားအဖြစ်နဲ့ သေရတဲ့ဘဝကို နိုင် ဘယ်လိုဖြေလို့ရမလဲ၊ ပြီးတော့ အသက်ရှင်နေတာတောင် အရက်တစ်ခွက်လောက်နဲ့ မိန်းမတစ်ယောက်အပေါ်မှာ သစ္စာမရှိတဲ့လူဟာ၊ မထိန်းသိမ်းနိုင်တဲ့လူဟာ တိုင်းပြည်အပေါ် သစ္စာရှိပါမယ်ဆိုလို့ ဘယ်သူယုံမလဲ၊ ဘယ်တုန်းက သူ ဘယ်လိုစွန့်စားခဲ့ပေမင့် နောက်ဆုံး အရက်သောက်သေတာသာ အဖတ်တင်ပြီး ကျန် ရစ်ခဲ့မှာပဲ၊ နိုင် ဒီမှာတော့ လုံးလုံးမနေ ချင်တော့ဘူး"

"ကဲ.. ဒီလိုဆို အမေရိကားသွားနိုင်ဖို့ အန်ကယ်စီစဉ်ပေးမယ်ကွယ်"

mgyoe.com

mgyoe.com

"ဟင့်အင်း နိုင်မသွားချင်တော့ပါဘူး၊ ကိုယ့်တိုင်းပြည်ထဲကပြည်နယ်တွေအကြောင်းကို မသိဘဲနဲ့ နိုင်ငံခြားကို မသွားချင်ဘူး၊ တောင်တန်းဒေသတစ်ခုခုကိုသာ လွှတ်ပါ အန်ကယ်ရယ်"

"ရှမ်းပြည်နယ်ကိုလား မိန်းကလေး"

မမြနိုင်သည် ဝမ်းနည်းစွာ ခေါင်းယမ်းလိုက်ရင်း..

"နိုင့်ရဲ့ဘဝက ခက်နေပါပြီ အန်ကယ်၊ မိဘလိုဖြစ်နေလို့ အကြောင်းစုံသိပြီးပြီ မှတ်လား၊ ရှမ်းပြည်နယ်ပြန်သွားလို့ရော စော်ဘွားအဆွေအမျိုးတွေက နိုင့်ကို ယုံကြည်ကြပါဦးမလား၊ ရင်းရင်းနှီးနှီး ဘယ်သူဆက်ဆံမလဲ၊ နိုင့်ရဲ့ယောက်ျားက ပဒေသရာဇ်စနစ် တော်လှန်ရေးသမား၊ သူတို့ရဲ့ ရန်သူ၊ ဒီတော့ ဟိုပတ်ဝန်းကျင်ကလဲ နိုင့်ကို ရွံနေကြပါပြီ၊ ဒီဘက်မှာဆိုလဲ ကိုယ့်ယောက်ျားလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ချင်လို့ ဝင်ပြီး ဆက်ဆံချင်ပေမင့် သိတဲ့အတိုင်း မောင်မောင်က စပြီး နိုင့်ကို ပဒေသရာဇ်သွေးရယ်လို့ အယူအဆလွဲကြီးနဲ့ မယုံလေတော့ ဒီဘက်ပတ်ဝန်းကျင်မှာလဲ နိုင် ဆက်လက် လုပ်ချင်ပေမင့် မဖြစ်တော့ပါဘူး"

ဒေါက်တာကျော်ထင်မှာ တဆတ်ဆတ်ခေါင်းညိတ်ရာမှ..

"ဟိုမှာသွားပြီး နစ်နာနေမှာကိုလဲ စဉ်းစားဦးမှပေါ့"

"မနစ်နာနိုင်ပါဘူး အန်ကယ်၊ ပြည်ထောင်စုစည်းရုံးရေးကိုပဲ နိုင်တော့ လုပ်တော့မယ်"

မမြနိုင်ကိုတော့ တား၍မရတော့သည်ကို ဒေါက်တာကျော်ထင် ရိပ်မိလာသည်။

မမြနိုင်သည် နောက်ထပ်ဘာပြောမည်ကို စောင့်နေရာမှ သူမျက်လုံးသည် ပြတင်းသို့ ရောက်သွားပြန်သည်၊ အထီးတည်းကျန်နေသော သစ်ရွက်လေးမှာ ပြင်းထန်စွာ လှုပ်ရှားနေသည်၊ တတ်နိုင်သမျှ သစ်ကိုင်းကိုတွယ်နေပုံရသည်၊ တကယ်ဆိုတော့လည်း သစ်ရွက်မှာ ရော်နေပါပြီ၊ အရောင်က ဝါဖျော့၍ သစ်ရွက်ကြောကလေးများလည်း ပျော့နေပုံရသည်၊ နွေနှောင်းတွင် သူ အားသစ်လောင်းရန်အတွက် အရေခွာတတ်ရဖို့ကလည်း ခဲယဉ်းလှပါသည်၊ လေသည် ခပ်ရမ်းရမ်းတိုက်လိုက်သည်၊

မမြနိုင်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်၊ သစ်ရွက်ဝါသည် အကိုင်းမှ လွင့်စဉ်၍ လေထဲတွင် ပတ်ချာလည်နေသည်၊ မကြာခင်တွင် မြေမှာဝပ်၍ ငြိမ်သက်သွားသည်၊

"ကဲ ကဲ.. မိန်းကလေးကို ချင်းတောင်ကို ပို့မယ်နော်"

"ဟုတ်ကဲ့"

မမြနိုင်သည် သစ်ရွက်ကို မျက်နှာလွှဲလိုက်ကာ တုန်တုန်ယင်ယင်ပင် ဖြေလိုက်ပါတော့သည်၊

❋

တဒက်ဒက်ထုနေသော ကျောက်ဆစ်သံသည် ဆိတ်ငြိမ်သော သချိုင်းပတ်ဝန်းကျင်ကို ထိုးဖောက်လျက်ရှိလေသည်၊

လေများလည်း ဖြည်းညင်းစွာ တိုက်ခတ်၍ ကြေကွဲဝမ်းနည်းခြင်း၏ သရုပ်ကို ဖော်ပြလျက်ရှိသည်၊

mgyoe.com

mgyoe.com

မမြနိုင်၏ လည်စည်းနက်ပြာသည် လေထဲမှာ တလွင့်လွင့်လူး၍ လုံချည်နက်ပြာမှာလည်း ဖြည်းညင်းစွာ ရွေ့လျားနေသည်။ ကျောက်ထုသမားများအား လိုသည်ထင်သည့် နေရာများကို မမြနိုင်က ပြောပြလျက်ရှိလေသည်။ ရဲဘော်ထွန်းအေးသည်လည်း ဖရပ်ရိပ်တွင် ထိုင်ရင်း သခ်ါရလောကကို သူ ဆင်ခြင်မိလေသည်။

လွတ်လပ်ရေးတိုက်ပွဲတွင်ဖြစ်စေ၊ နိုင်ငံရေးလုပ်နေစဉ်တွင်ဖြစ်စေ တိုက်ခိုက်ရင်း ကျဆုံးရာသူတို့ပင်လျှင် ရုံဖန်ရံခါ လူထုက မေ့နေခြင်းကို ခံကြရရှာသည်။ သူတို့၏ သင်္ချိုင်းမြေပုံသည်ပင်လျှင် လူထုခြေဖဝါးအောက်တွင် နစ်မြုပ်ရင်း သူတို့ရာဇဝင်များသည် တိမ်ကော ပျောက်ကွယ်သွားတတ်ကြပေသည်။

ယခု ကိုတင်အောင်လို သေဆုံးပုံမျိုးမှာမူကား လူထုတွင် ဘာမျှလွမ်းလောက်စရာ ကျန်ရစ်ခဲ့ပုံ မရ၊ အသိအမှတ်လည်း မပြုကြတော့ပေ။ ရင်းနှီးလှသော ရဲဘော်တစ်စုသာ ဟိုစဉ်က သစ္စာရှိစွာ တိုက်ပွဲဝင်ခဲ့သော သူတို့ရဲဘော်၏ သင်္ချိုင်းကို ဂရုပြုကြတော့သည်။ သူ့ ရာဇဝင်ကို တသ ကြသည်။

မမြနိုင်အဖို့မူ ဘယ်လိုပင် ကျဆုံးသည်ဖြစ်စေ သူ့လင်၏ ယခင်က အနစ်နာခံချက်များ၊ ကြိုးပမ်းမှုများ၊ စွန့်စားချက်များကို သူက အသိအမှတ်ပြုရမည်၊ လေးစားရပေမည်၊ အထိမ်းအမှတ် ပြုထားရမည်မှာ သူ့တာဝန်ဟု သူ ယုံကြည်သည်၊ ထို့ကြောင့်ပင် သူ့လင်၏ဂူဝယ် အထိမ်းအမှတ် ကျောက်ဆစ်ရုပ် ထုလုပ်လျက်ရှိသည်။

ယနေ့တွင် အချောကိုင်၍ လက်စသတ်လျက်ရှိလေသည်၊ ကျောက်ဆစ်ရုပ်တုများကား ရှမ်းတောင်သူတို့၏ ယာတဲကို သေသပ်စွာ ထုလုပ်ဖော်ပြထားသော ရှမ်းဆင်းရဲသားလူထု၏ ဘဝ သရုပ်ဖော်ပုံများ ဖြစ်လေသည်။

သူ့ချစ်လင်၏ ပဒေသရာဇ် တော်လှန်ရေးအထိမ်းအမှတ်အတွက် ထိုကျောက်ဆစ်ပုံလွှာသာလျှင် အသင့်လျော်ဆုံးဖြစ်သည်ဟု သူ ယူဆလေသည်။ ကျောက်ဆစ်ထုသံများကား တိတ်ဆိတ်၍ သွားတော့သည်။

တိုက်ခတ်နေသော လေများကြောင့် တရှဲရှဲမြည်နေသော သစ်ရွက်သံများမှအပ သင်္ချိုင်းသည် ဆိတ်ငြိမ်နေသည်။ မမြနိုင်သည် သူ့ချစ်လင်ဂူပေါ်သို့ သဇင်ခက်များကို တင်ပြီး ဖြည်းညင်းစွာ ထွက်ခွာလာခဲ့သည်။

ကိုထွန်းအေးသည် ဘာစကားကိုမျှ ပြောမရအောင်ပင် မမြနိုင်အတွက် ဝမ်းနည်းလှသည်၊ ကားသည် တဖြည်းဖြည်းနှင့် သင်္ချိုင်းမြေမှ ထွက်လာခဲ့သည်။

မမြနိုင်သည် လောကတွင် မဖြစ်မနေ ကြိုးစား၍ လာခဲ့သည်။ ဘာပဲဖြစ်ဖြစ် (ဖြစ်ရမည်) ဟူသော ရည်ရွယ်ချက်များဖြင့် လောကကြီးကို ဝင်ခဲ့သော်လည်း အမှန်မှာမူ ဖြစ်ချင်တာတွေသာ ဖြစ်သွားကြသည်၊ သူဖြစ်လိုသည်များမှာ လုံးဝပြည့်စုံလုံလောက်စွာ မဖြစ်ခဲ့ရပေ။

မှန်သည်၊ မမြနိုင်သည် သူ့ဘဘဘုရားနှင့် ဝေးကတည်းက ဓမ္မနှင့်လည်း ဝေးခဲ့သည်၊ သူက လောကကို စိုးပိုင်သည့်အနေနှင့် အစဉ်မြင်ခဲ့သည်၊ စိုးပိုင်သလိုလည်း လုပ်ကိုင်ကြိုးစားခဲ့သည်၊ သို့

mgyoe.com

mgyoe.com

သော် ဖြစ်ပေါ်လာသော အကြောင်းတရားများကို သူ မစိုးမပိုင်၊ သူ့သဘာဝအလျောက် ဖြစ်ချင်တာတွေသာ ဖြစ်လာခဲ့တော့သည်။

မမြနိုင်သည် မှားခဲ့သည်၊ အနတ္တသဘောတရားကို မေ့လျော့ခဲ့သည်။

ယခုတော့ သူမမှာ လိုချင်တာတွေအားလုံးသာ ဆုံးရှုံးခဲ့ရလေသည်၊ သို့သော်လည်း မမြနိုင်သည် စိတ်ကို နားချ၍မရသေးပေ။

ယခင်တစ်ခါက ဘဘထံတွင် ရွတ်ဖတ်ခဲ့သော 'အကြင် လိုချင်ခြင်းသဘောတရားတို့သည် မရ၊ ထို လိုသောအရာတို့ကို ထပ်ကာထပ်ကာ တောင့်တခြင်းသည်လည်း ဒုက္ခပင်' ဟူသော 'ယံ ပစ္ဆံနလဘတိ' အစရှိသော တရားပိုဒ်များကိုလည်း ရွတ်ဖတ်ရန် မေ့လျော့နေရှာသည်၊ ချင်းတောင်ကို သွားရန်သာ တပြင်ပြင်လုပ်ရင်း ပင်ပန်းခြင်းကြီးစွာဖြစ်နေသော သူ့စိတ်ကို အလုပ်တစ်ခု ထပ်ပေးရင်းနှင့်ပင် ပြောင်းလဲပစ်ရန် ကြိုးစားနေလေသည်။

"ဒီမှာ မမြနိုင်ရယ်.. ပြည်ထောင်စုစည်းလုံးမှုအတွက် မမြနိုင်ရဲ့ ချင်းတောင်သွားမယ့် ရည်ရွယ်ချက်ကို ကျွန်တော် မဖျက်ချင်ပါဘူး၊ ဒါပေမင့်လဲ ဒီမှာ ခင်ဖျားဟာ ရဲဘော်တင်အောင်ဇနီး တစ်ယောက်အနေနဲ့ သူ့ဂုဏ်ကို ဆယ်ရင်း ဒီမှာ အမျိုးသမီးလုပ်ငန်းတွေကို ကူညီစေချင်တယ်"

ရဲဘော်ထွန်းအေးသည် ကိုတင်အောင်ဆီမှတစ်ဆင့် သံယောဇဉ်ငြိတွယ်နေရှာသော မမြနိုင်ကို ထိုမျှဝေးဝေးလံလံ မသွားစေချင်ပေ၊ မမြနိုင်ကမူ သူ့ဆုံးဖြတ်ချက်ကို မပြင်တော့ပေ။

"ကျွန်မလဲ ဟိုတုန်းက အစွဲအလမ်းထားတဲ့စိတ်ကို အလွန်မုန်းခဲ့တယ်၊ ဒါပေမင့် ခုတော့ အန်တီငြိမ်းနဲ့ဆိုရင်တော့ ကျွန်မ နိုင်ငံရေးကို မလုပ်ချင်ဘူး၊ အခု မြေပေါ်မှာ ကျန်ရစ်တဲ့ အမျိုးသမီးနိုင်ငံရေးဟာ ဒေါ်ငြိမ်းခင်နိုင်ငံရေးပဲ မဟုတ်ဘူးလား ဟုတ်သလားဆိုတဲ့ ကျွန်မမေးခွန်းကိုသာ အဖြေပေးတော့၊ နိုင်လွှန်နဲ့ လိုင်စင်ရရေးကြားထဲမှာလောက်သာ သွားနေတဲ့ နယ်ကျဉ်းလှတဲ့ ဒီအမျိုးသမီးနိုင်ငံရေးကို ကျွန်မ မဝင်ချင်တော့ပါဘူး"

"ဒါတော့ ဒါပဲပေါ့၊ ဒါပေမင့် မကြာခင် နိုင်ငံရေးနယ်ပယ်မှာ ဒေါ်ငြိမ်းခင်အကြောင်းတွေ ပေါ်လာတဲ့နောက် ပိုင်းပယ်ကုန်ကြမှာပါပဲ"

"ပိုင်းမပယ်တဲ့အပြင် ပါလီမန်ထဲတောင် သူ ရောက်နေပြီပဲဟာ၊ ဒိုလေ.. သူများ လင်မယားကြားထဲမှာလဲ ဝင်ရှုပ်နေတာပဲ၊ ရုက်စရာတောင် ကောင်းပါတယ်၊ ဒါကြောင့်လဲ လူထုဟာ နိုင်ငံရေးသမားတွေကို အပြစ်တင်နိုင်ကြတာပဲ၊ ကျွန်မအမြင်တွေဆိုရင် နီလွန်းတယ်လို့ ပြောလာမှာ၊ တစ်နေ့က ပါလီမန်ထဲမှာ ဒေါ်ငြိမ်းခင် တင်တဲ့ ပြည့်တန်ဆာပပျောက်ရေးဥပဒေဆိုတဲ့ အဆိုဟာ ဘယ်လောက် ရယ်စရာကောင်းသလဲ၊ ကျွန်မအမြင်တော့ သူတို့လက်အောက်မှာ အခုရှိနေတဲ့ ပျက်စီးတဲ့ မိန်းကလေးတွေ ခိုလှုံရာဌာနတွေ သောင်းချီဖွင့်ဦး ဒီစနစ်ဟာ မပပျောက်နိုင်ဘူး"

"ခင်ဖျားရဲ့ ထင်မြင်ချက်တွေလဲ ဖော်နိုင်သားပဲဗျ"

"ဩော်.. ကျွန်မ မဆက်ဆံချင်တော့ပါဘူးဆို၊ မိန်းမကြီးတွေက ကျွန်မတို့ ဒါတွေလုပ်ပါတယ်ရှင် ဆိုတာသာ ပြကောင်းရုံလောက် ဟိုတစ်ဖွဲ့က ခိုကိုးရာမဲ့ မိန်းကလေးတွေ စု၊ ဂေဟာလုပ်၊ ဒီ

mgyoe.com

mgyoe.com

တစ်ဖွဲ့က ဂေဟာလုပ်နဲ့ မိန်းကလေးတွေ ထွက်ပြေးလို့သာ ပျောက်ကုန်မယ် ဒီစနစ်ကတော့ မပျောက်နိုင်ပါဘူး၊ ပြည့်တန်ဆာ ဘာကြောင့်ဖြစ်ရလဲဆိုတာ ရှာနိုင်ရမယ်၊ အရွယ်ရောက်ရင် လူတိုင်းဟာ အိမ်ထောင်ပြုချင်ကြတယ်၊ သွေးသားပြောင်းလဲပြီး အိမ်ထောင်ပြုချိန် တန်ပါလျက်နဲ့ လူတန်းစေ့ရုံလေး ရှင်းရှင်းပြောရရင် ထမင်းနပ်မှန် စားရရုံလေးဖြစ်တဲ့ အိမ်ထောင်ရေးကို မဖန်တီးနိုင်လို့ ပျက်စီးကြတာတွေလဲ ရှိတာပေါ့၊ အခုလို ကစဉ့်ကရဲဖြစ်နေတဲ့ စီးပွားရေးစနစ်ကို ပြောင်းလဲမပစ်နိုင်သမျှ ပြည့်တန်ဆာလောကကတော့ မပျောက်ဘူးဘဲ"

"အဲဒီလိုဆို ခင်ဗျားယူဆချက်တွေကို ဖော်နိုင်သားပဲ၊ ခင်ဗျားလိုလားတဲ့ လမ်းစဉ်မှာ ခင်ဗျား ခေါင်းဆောင်ပြီး လုပ်နိုင်သားပဲ"

မမြနိုင်သည် ဘာမျှပြန်မဖြေ၊ တွေ၍ ကြောင်နေသည်။ သူသည် ကိုထွန်းအေး ပြောသလို ဒီပတ်ဝန်းကျင်ထဲ ပြန်ဝင်နိုင်မည်လား၊ သူ့ကိုယ်သူ မှန်းဆကြည့်နေသည်။ ကိုထွန်းအေးအသံသည် ပေါ်လာပြန်သည်။

"ခင်ဗျားလို အမြစ်ကနေပြီး ဖြိုမယ့်လမ်းစဉ်ကို မလိုက်ကြခင် မစခင် သူတို့ ခိုလှုံရာဌာနတွေ ဖွင့်ထားတာပဲ ကျေးဇူးတင်ရဦးမယ်၊ ဘယ့်နယ် မမြနိုင်.. ဒီမှာပဲ နေမယ်မှတ်လား"

"မနေဘူး လုပ်လဲမလုပ်ချင်ဘူး၊ သူတို့တွေနဲ့ တွဲရမှာကိုလဲ ကျွန်မကြောက်တယ်၊ ကျွန်မအယူအဆတွေကိုလဲ သူတို့ လက်ခံကြမှာမဟုတ်ဘူး၊ တကယ်ဆိုတော့ ကိုထွန်းအေး မောင်မောင်ပြောဖူးတယ် တောခိုသွားကြတဲ့ မိန်းကလေးတွေထဲမှာ စာအတော်ဖတ်ပြီး စိတ်ထားမြင့်ကြတဲ့ မိန်းကလေးတွေ အတော်များတယ်၊ သူတို့သာ တောမခိုခဲ့ရင် ဘယ်လောက် တန်ဖိုးရှိလိုက်မလဲ၊ သူတို့ လုပ်ရည်ကိုင်ရည်လေးတွေဟာ မခေဘူး၊ အယူအဆလဲ ကျယ်ဝန်းတယ်၊ ခုတော့ တောခိုသွားတော့ နမြော စရာကောင်းတာပဲ၊ ကျွန်မတော့ လုပ်ချင်စိတ် လုံးဝမရှိတော့ဘူး"

"အဲဒါတော့ ခင်ဗျားမှားတာပဲ မမြနိုင်၊ ခင်ဗျားက ဝေဖန်ရေးသမားသက်သက် ဖြစ်နေပြီ၊ လုပ်လဲ မလုပ်ဘဲနဲ့ ပြောလို့..."

"အို.. ဒီလိုမထင်နဲ့၊ ကိုထွန်းအေးကိုသာ ပြောပြတာ၊ ကျွန်မကိုယ်က ဒီပတ်ဝန်းကျင်ကို ပြန် မတိုးချင်တော့ဘူး"

မမြနိုင်သည် နောက်ဆုံးပြတ်ပြတ်ပြောလိုက်သည်။ သူသည် တကယ်တော့လည်း နိုင်ငံရေး လိုက်စားခဲ့သူ အမျိုးသမီးတစ်ယောက် မဟုတ်ခဲ့ပေ။ ယခုလို အကွက်များများဆင်၍ ကွက်ကျော် နင်းနိုင်မှ တော်ရုံကျနေသော နိုင်ငံရေးခြေလှမ်းများထဲတွင် တကယ်လည်း သူတိုးနိုင်လိမ့်မည်ဟု သူ့ ကိုယ်ကို မယုံပေ။ သူ့ယောက်ျားကို ခွဲခွာ၍ နေလိုက်မိသောအချိန်ပိုင်းလေးက သူ့အား အကြီးဆုံး ဒုက္ခပေးခဲ့သည်ကိုပဲ သူ ယူကျုံးမရဖြစ်နေလေသည်။

ပဒေသရာဇ်တိုက်ပွဲလည်း အရှိန်ညံ့သွားတော့သည်။ ဒါကို နိုင်က ပို၍ကြေကွဲမိသည်။

နွေ၏လှပသော တစ်ခါကညကို မမြနိုင်သည် ပြန်၍ လွမ်းဆွတ်မိသည်။

မောင်မောင်က ဆိုခဲ့သည် မဟုတ်လော။

mgyoe.com

mgyoe.com

"နှစ်ကိုယ်စံ ကြဲတိုင်းဝေး... ရွှေပြည်တော် မျှော်တိုင်းငယ်ဝေး..."

ထိုစဉ်က အနာဂတ်၏နိမိတ်ကို ဤတေးသည် ရိုးရိပ်မျှ ဖော်ပြခဲ့သည် မဟုတ်ပါလော။

ယခု သူမောင်မောင်လည်း မရှိတော့ပါ။

သူတို့ မျှော်မှန်းခဲ့သော ရှမ်းလူထု၏ လွတ်မြောက်ရေး ရွှေပြည်တော်လည်း နီးရာမှ ဝေး၍သွားပြန်ပါသည်။

ကိုယ်ကျင့်တရားပျက်စီးမှုသည် အရေးတော်ပုံကြီးတစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်သည်။

မမြနိုင်သည် တွေးလေလေ ရင်ထဲတွင် နာလေလေ ဖြစ်လာသည်။

ယခုတော့ သူသည် အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်တွေ ကင်းမဲ့နေသလို တွယ်တာရမည့် ထောက်ထားရမည့်သူတို့မှာ သူ့တွင် မရှိကြတော့။ သူသည် အထီးတည်း လောကကို ဆက်၍သွားရတော့မည်။ ဒီလိုတွေးမိတိုင်း နိုင်သည် အန်ကယ်ကျော်ထင်နှင့် စကားပြောစဉ်က ပြတင်းအပြင်တွင် မြင်ခဲ့သော ရွှေရောင်ရော်ရွက်ကို သူမြင်ယောင်လာသည်။ နွေနှောင်း၏ လေများထဲတွင် အထီးတည်းကျန်ရစ်၍ သစ်ရွက်ဘဝကို တွယ်ကပ်ကာ အားတင်းနေပုံကိုလည်းကောင်း၊ ကြွေခါနီး တဖျပ်ဖျပ်နှင့် လှုပ်ရှားနေပုံကိုလည်းကောင်း သူမြင်လာသည်။ သူ့ရင်တွင် လှိုက်လှိုက်လှဲလှဲနှင့် ရင်ဖိုသလိုဖြစ်နေသည်။ သစ်ရွက်လေး ဘယ်ကိုများ ကြွေသွားမည်လဲ။

သူကတော့မူ ချင်းတောင်ကို သွားတော့မည်။ ကိုထွန်းအေးနှင့် ရဲဘော်တစ်စုလည်း သူ့ကိုဘာမျှမပြောကြတော့ပေ။

## (၁၀)

မမြနိုင်၏ အတိတ်ပုံပြင်သည် ပြီးဆုံး၍သွားလေပြီ၊ ကပ္ပတိန်လျှင်းထန်ရော ကျော်မင်းပါ သက်ပြင်းပြိုင်တူချလိုက်ရင်း ဖြူဖျော့ဖျော့ဖြစ်နေသော မမြနိုင်ကို ကြင်နာစွာ စိုက်ကြည့်နေကြသည်။ မမြနိုင်သည် ကုလားထိုင်နောက်တန်းကို မှီ၍ မျက်စိကို ပိတ်ထားသည်။ စိတ် လှုပ်ရှားသည်နှင့်အမျှ နှုတ်ခမ်းများသည် ဖျော့တော့နေသည်။ အတိတ်ကိုလည်း လွန်စွာ နာကြည်းနေပုံရလေသည်။

ကျော်မင်းက ညင်သာစွာ သက်ပြင်းရှူလိုက်ရင်း...

"သိပ်တော့ တွေးစရာပဲ၊ ဒါပေမင့် ခင်ဗျားတို့နှစ်ယောက်စလုံး စေတနာကောင်း ထားကြရင်းက ဖြစ်ကြရတာပဲ၊ ဒီကြားထဲမှာ ယုတ်မာမှုမပါပါဘူး၊ ခင်ဗျားကလဲ သူ့တာဝန်တွေကို ယူချင်တယ်၊ သူ့လုပ်ငန်းတွေ အောင်မြင်စေချင်တယ်၊ သူကလဲ သူပြန်မကြည့်နိုင်တော့ ခင်ဗျားဘဝရဲ့ တိုးတက်မှုကို ခင်ဗျားဘာသာ ကြိုးပမ်းတာကိုလဲ အောင်မြင်စေချင်တယ်၊ ဖြေပေါ့ မမြနိုင်ရယ်၊ အတိတ်ဆိုတာကတော့ ပျောက်မသွားဘူးဘဲ၊ ဒါပေမင့် ကြိုးစားပြီး ဖြေကြရတာပဲ"

မမြနိုင်သည် ဖြည်းညင်းစွာ မျက်လုံးဖွင့်လိုက်သည်၊ ပြတင်းပြင်ပတွင် လရောင်သည် ဝင်းထိန်နေသည်။ လှမ်းလှမ်းမှ လုံဘမ်းရွာလည်း တိတ်ဆိတ်နေလေသည်၊ ကပ္ပတိန်လျှင်းထန်သည် ဖြင်းထန်လာသောအအေးကို ကာကွယ်နိုင်ရန် မီးလင်းဖိုမှမီးကို ထပ်ထည့်ရင်း...

mgyoe.com

mgyoe.com

"ပြီးတာတွေဟာ ပြီးခဲ့ပြီပဲလေ၊ ငိုလို့လဲ အတိတ်က ပြန်လာမှာမှ မဟုတ်ဘဲ"

"ကျွန်မလား.. လောကမှာ ငိုလဲ မငိုချင်တော့ဘူး၊ ငိုစရာလဲ မျက်ရည်မရှိတော့ပါဘူး၊ ရယ်လဲ မရယ်ချင်တော့ပါဘူး"

မမြနိုင်သည် တည်ငြိမ်စွာပင် ပြောလိုက်ရာမှ..

"ကဲ.. ညဥ့်လဲ အတော်နက်နေပြီ၊ မနက် ခရီးဆက်ထွက်ရဦးမယ်၊ အိပ်ကြစို့ ဟုတ်လား"

လျှင်းထန်တို့နှစ်ယောက်သည် ခေါင်းညိတ်ပြလိုက်သည်။ မမြနိုင် အိပ်ခန်းသို့ဝင်သွားသည်ကို လှမ်းကြည့်ရင်း သူတို့နှစ်ယောက်လုံး ငိုင်နေကြလေသည်။

ဒုတိယ လျှင်းထန်သည် အိပ်ရာသို့ ဝင်ခဲ့လေသည်။ ကျော်မင်းတစ်ယောက်တည်း မီးလင်းဖို နားတွင် ကျန်ရစ်ခဲ့လေသည်။ ရွာဆီမှ သန်းခေါင်ကြက်၏ လေးတွဲစွာ တွန်သံသည် လေထဲတွင် ပျံ့လွင့်လာသည်။ နှင်းမှုန်များ တဖြည်းဖြည်းကျလာ၍ ဝင်းစိုသောလရောင်မှာ မှုန်ပြေပြေဖြစ်သွား လေသည်။

သစ်ရွက်စိမ်းများလည်း လရောင်အောက်တွင် ငွေရောင်လက်နေကြလေသည်။ မမြနိုင်၏ ယူဆပုံများကို ကျော်မင်းသည် သဘောကျနေသည်။ ဖလန်က ထွက်လာကတည်းက မမြနိုင်၏ လှုပ်ရှားမှုကို စိတ်ဝင်စားစွာ ဂရုစိုက်ခဲ့သည်ထက် ယခု မမြနိုင်၏ လွန်ခဲ့သော အချိန်ပိုင်းများ၊ ဘဝ၏ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းခဲ့ပုံကလေးများကို ပြန်လည်တွေးရင်း သဘောကျခဲ့သည်။ ရုံဖန် ရုံခါ မိန်းမဝမွှတာအလျောက် လောကကို အလျှော့ပေး၍ ကြောက်တတ်သည်များကို ရိုးသားစွာ ဖော်ပြရှာသော မမြနိုင်ကိုလည်း သူက ချစ်စရာဟု မြင်ယောင်လာသည်။

ထိုမျှ ချစ်ဖွယ်ကောင်းသော ဇနီးသည်အား အတူနေရခဲ့ရာမှ စွန့်ပစ်ကွယ်လွန်သွားရှာ ချသော ရဲဘော်တင်အောင်အတွက်လည်း သူက ကြေကွဲမိလေသည်။

မမြနိုင် နှစ်ပေါင်းမည်မျှကြာကြာ ချင်းတောင်တွင် နေရစ်မည်လဲ၊ ဗမာပြည်မသို့ လာပါဦးမည် လားဆိုသော တွေးတောချက်များသည် သူ့ဦးနှောက်ထဲတွင် ပြည့်လာသည်။ သူနှင့် ဘာမျှမဆိုင်ဟု ကြိုးစားဖြေဖျောက်ပေမင့် မရ၊ တစ်ညလုံးလိုလိုပင် တွေးရင်းတွေးရင်း သန်းခေါင်ကျော်၍ နှစ်ချက် တီးလောက်မှပင် သူ့အိပ်ရာသို့ ထလာခဲ့လေသည်။

နေရောင်များသည် ပြတင်းမှ လင်းနေကြသည်။ ရွာဆီမှ ချင်းတောင်သူတို့၏ သီချင်းသံ၊ ထင်း ခုတ်သံ၊ ရုံဖန်ရုံခါ ကြက်တွန်သံနှင့် ဝက်အော်သံများသည် ပျံ့လွင့်နေသည်။ ကျော်မင်းတို့နှစ်ယောက် လည်း နေအတော်မြင့်မှ နိုးလာကြသည်။ အပြင်ဘက်ခန်းတွင် မနက်စာတွက် ကြက်ဥကြော်နှင့် ကော်ဖီမှာ အဆင်သင့်ဖြစ်နေလေသည်။

သူတို့နှစ်ယောက်သည် စားပွဲထိုင်ရင်း မမြနိုင်ကို စောင့်နေကြလေသည်။

မမြနိုင်သည် ခပ်စောစောကပင် ထ၍ နံနက်စာအတွက် ပြင်ဆင်ထားခြင်း ဖြစ်လေသည်။

မကြာခင် မမြနိုင်သည် သူတို့ရှိရာသို့ ရောက်လာသည်။ ပိုးပဝါကို ခေါင်းတွင် တင်းတင်းစည်း၍

mgyoe.com

mgyoe.com

အနွေးထည်များကို သပ်ရပ်စွာ ဝတ်ထားပြီးဖြစ်နေလေသည်။ မျက်နှာမှ နည်းနည်း ချောင်သွားသည်ဟု ထင်ရလေသည်။

လျှင်းထန်သည် မမြနိုင်က မေ့မေ့ပျောက်ပျောက်လုပ်ထားသော အတိတ်ကို သူတို့ ပယောဂဖြင့် ညက ပြန်နှိုးမိသောကြောင့် မမြနိုင် တစ်ညလုံး စိတ်ဒုက္ခရောက်ရသည်ဟု အောက်မေ့မိသည်။

"ကျွန်မ ကော်ဖီသောက်ပြီးပြီ၊ ဒါနဲ့ ကျွန်မကို ခွင့်လွှတ်ကြပါရှင် ကလေးကို ဆက်မလိုက်ပါရစေနဲ့တော့၊ ဖို့တပ္ပိုက်ကဖြတ်ပြီး တစ်ဒင်ကိုပဲ ကျွန်မသွားတော့မယ်"

"ဗျာ.. ကျွန်တော်တို့နဲ့ အတူလိုက်မယ့် ခရီးစဉ်ကို ဖျက်လိုက်ပြီလား"

ကျော်မင်းအမေးကို မမြနိုင်က ခေါင်းညိတ်၍ ဖြေလိုက်သည်။ သူတို့နှစ်ယောက်လုံး ငြိမ်နေကြလေသည်။ မမြနိုင်သည် သူ့အိပ်ခန်းသို့ ဝင်သွားလေသည်။ အိပ်ရာလိပ်နှင့် သူ့ပစ္စည်းများကို စုဆောင်းနေလေသည်။

ကျော်မင်းသည် စိတ်လှုပ်ရှားနေသည်။ ဘာလုပ်ရမည်မသိအောင် ဖြစ်နေသည်။ ခွင့်ရက်လည်း စေ့နေလေသည်။ ယနေ့ နေ့လယ် ကလေးအရောက်တွင် လေယာဉ်ပျံနှင့် တစ်ခါတည်း ဆက်၍ ပြန်ကြရတော့မည်။ ယခင်က ဆေးရုံတွင် ပျင်းရိငြီးငွေ့ခဲ့လေသမျှ ယခုတော့ မမြနိုင်နှင့်အနီးဆုံး ဇလန်ကိုပင် ပြန်သွားချင်သည်။

"ဆရာမကို ကလေးထိတော့ ရအောင်ခေါ်ပါဗျာ"

လျှင်းထန်ကလည်း လိုက်ပါစေချင်သည့်ဆန္ဒဖြင့် တိုက်တွန်းပြန်သည်။ သူသည် မမြနိုင်အခန်းထဲသို့ ဝင်လိုက်သွားသည်။ မမြနိုင် အထုပ်အပိုးများကို ကူညီပြင်ဆင်ရင်း နိုင့်မျက်နှာကို ကြေကွဲစွာ ကြည့်နေလေသည်။

"ရှင် ဘာဖြစ်နေလဲ၊ နေမကောင်းဘူးလား၊ မျက်နှာလဲ မကောင်းဘူး"

သူသည် မမြနိုင်ကို ဟန်ဆောင်၍ မရ၊ စစ်သားဖြစ်သည့်ပြင် လူပျိုကလည်း ဖြစ်နေပြန်လေသည်။

"ကျွန်တော် နေကောင်းပါတယ်၊ ဒါပေမင့် ဆရာမ ကျွန်တော်တို့နဲ့ အတူမလိုက်တော့ဘူးဆိုတဲ့ အစီအစဉ်ကို မပြောင်းတော့ဘူးလား"

"ဟင့်အင်း"

ဒါပဲ မမြနိုင်က ဖြေလိုက်လေသည်။ ကျော်မင်းသည် ဖွဲဖွဲ့နွဲ့နွဲ့နှင့် တောင်းပန်၍ခေါ်ရန် စကားလုံးများကို ရှာသော်လည်း သူ မရပေ။ နောက်ဆုံး အထုပ်အပိုးများ ထုပ်ပိုးအပြီးတွင် မမြနိုင်ရှေ့ဝယ် မတ်မတ်ရပ်လိုက်ရင်း..

"ကျွန်တော်တို့ ဆရာမနဲ့ ခွဲသွားရတာကိုတော့ အတော်ဝမ်းနည်းတာပဲ၊ အမှန်ပြောရရင် ကျွန်တော် ဆရာမကို မခွဲချင်ဘူး၊ ဒါပေမင့် ခွဲသွားရမှာပဲ၊ နောက်တစ်ကြိမ် ဆရာမကို ပြန်တွေ့ဖို့ ကျွန်တော် အများကြီးပဲ မျှော်လင့်ပါတယ် ဆရာမ"

mgyoe.com

mgyoe.com

ကျော်မင်းသည် ခပ်မှန်မှန်ပြော၍ သူ့စကားအဆုံးတွင် မမြခိုင်လက်ဖျားများကို အသာအယာ ဆွဲယူနမ်းရှုပ်ကာ အပြင်သို့ ထွက်သွားတော့သည်။

မြင်းများပေါ်သို့ မမြခိုင်ပစ္စည်းများကို သယ်ယူတင်ပြီးလျှင်ပင် မမြခိုင်သည် သူတို့နှစ်ယောက် လုံးကို နှုတ်ဆက်ကာ မြင်းပေါ်တက်၍ ထွက်သွားတော့သည်။

အမှန်တော့ကာ ကျော်မင်းက ဤသို့ ထင်ထားနှင့်သည်။ ကလေးတွင် သူတို့ထွက်သွားသည် နှင့်တစ်ပြိုင်နက် မမြခိုင်သည် သနားဖွယ် ကျန်ရစ်ရှာလိမ့်မည်ဟု ထင်သည်။ ယခုတော့ သူတို့ကို မမြခိုင်က အရင်စွန့်ကာ ထွက်ခွာသွားနှင့်တော့သည်။

"ကျွန်တော်တော့ ဆရာမကို သိပ်အောက်မေ့တာပဲ"

လျှင်းထန်သည် ကျော်မင်းပြောနေသည်ကို နားထောင်ရင်း..

"ဘာပဲပြောပြောနော်.. ဆရာမဟာ မိန်းမတစ်မျိုးပဲ"

သူတို့နှစ်ယောက်သည် ပျင်းသွားကြလေသည်။ ခပ်ဖြည်းဖြည်းပင် ပစ္စည်းများကို စုဆောင်း ရင်း ကလေးသို့ ထွက်ခွာလာခဲ့ကြလေသည်။

## (၁၁)

ချင်းတောင်မှ ကျော်မင်းတို့ ပြန်ရောက်၍ မကြာခင်ပင် ဗမာပြည်မတွင် သောင်းကျန်းမှုများ ကား စ၍လာခဲ့လေသည်။ ကျော်မင်းနှင့် လျှင်းထန်တို့ ခွဲရမည့်ဆဲဆဲတွင် လျှင်းထန်သည် သူ့ချင်း လုံမပျိုနှင့် ရန်ကုန်တွင်ပင် လက်ထပ်လိုက်လေသည်။

ကျော်မင်းသည် လက်ထပ်ပွဲသို့ လာရာမှ သူ အလွန်ပျော်နေလေသည်။ လျှင်းထန်တို့ လက် ထပ်ပွဲသို့ မမြခိုင်ထံမှ လက်ဖွဲ့ပစ္စည်းများနှင့်အတူ သူ့အတွက် စာတစ်စောင်သတ်သတ် ပါလာလေ သည်။

သူသည် စာကို ယုယုယယကိုင်ရင်း အခါခါဖတ်နေလေသည်။ လျှင်းထန်တို့ ပျော်သလောက် သူကလည်း ပျော်နေလေသည်။ မမြခိုင်က သူ့အပေါ် ဒါလောက်ဂရုစိုက်လျှင်ပဲ သူ ကျေနပ်ပြီ။ ဒီလို အသိအမှတ်ပြုသည်ကိုပဲ သူ ဝမ်းသာလှသည်။

မမြခိုင်စာမှာ ရိုးရိုးလေးပင် ကျော်မင်းတို့လူစု ထွက်ခွာသွားပြီးကတည်းက သူသတိရကြောင်း နှင့် အစဉ်ပင် အောက်မေ့စွာနှင့် ကျန်းမာရေး နေရေးထိုင်ရေးများအတွက် ဆုမွန်ကောင်းတောင်းပါ ကြောင်း ပါရှိလေသည်။ နောက်ဆုံးအကြောင်းမှာမူ ယခုအချိန်တွင် တန်ခူးလဖြစ်၍ ဗမာပြည်မတွင် ပိတောက်နံ့များ သင်းနေမည်ဖြစ်ကြောင်း၊ သူသည် စွတ်စိုသော မိုးဦးလေတွင် ပျံ့လွင့်လာသည့် ပိတောက်ပန်းများ၏ ချိုအေးသောရနံ့ကို များစွာနှစ်သက်ကြောင်းနှင့် လူကြုံကောင်းပါလျှင် ပိတောက်ပင်ပျိုမျိုးကို ကျေးဇူးပြု၍ ပေးပို့ပါရန် ပါရှိလေသည်။

သို့သော်လည်း ပိတောက်မျိုး ပို့ရန် လူကြုံမတွေ့ခင်ပင် ကျော်မင်းသည် ဗမာပြည်မ အလယ် ပိုင်းသို့ သောင်းကျန်းမှုများ နှိမ်နင်းရေးအတွက် ထွက်ခွာသွားရတော့သည်။

mgyoe.com

mgyoe.com

သူသည် မမြနိုင်ကို အစဉ်သတိရသည်။ အားသည့်တစ်ပြိုင်နက် မမြနိုင်ဆီသို့သာ စာများ တွင်တွင် ရေးနေလေသည်။ တစ်ခါတစ်ရံမှ မမြနိုင်ထံမှ စာပြန်လာတတ်သော်လည်း မလာသည်က များလေသည်။ တိုက်ပွဲများ ရပ်နားချိန်တွင်လည်း မမြနိုင်ကိုပင် တွေးနေမိသည်။ အမှန်တော့ မမြနိုင်ကို သူ ချစ်နေမိသည်။ ဒါကိုလည်း သူကိုယ်သူ သိသည်။ သူ့စိတ်ကို သူ နားလည်ပါသည်။ သို့သော် မမြနိုင်က ဆက်လက်၍ သူမ၏ဘဝဇာတ်ခုံကို တစ်ခါထပ်ဖွင့်လှစ်ပါဦးမည်လော၊ ရပ်တန်းကပင် ရပ်တော့မည်လော၊ ဒီသံသယမှာ သူ့ကို နှိပ်စက်နေလေသည်။ ဖွင့်လှစ်၍လည်း သူ မရေးရဲ၊ သိမ်မွေ့စွာ လှုပ်ရှားလှည့်ရန်မှာလည်း နေရာကလည်း ဝေး၊ စစ်ပွဲနှင့် အချိန်ကုန်နေသော သူ့အဖို့ အချိန်ကလည်း မရပါ။

မမြနိုင် မုဆိုးမဖြစ်ရုံမက၍ ကလေးများပင် ရှိစေဦးတော့ သူ လက်ထပ်မည်ပင် ဖြစ်လေသည်။ သူသည် လသာသော ညများတွင်လည်း စစ်စခန်းတွင် နားရင်း မမြနိုင်နှင့်အတူတွဲရမည့် အိမ်ထောင်ရေးကို အစဉ်တွေးနေသည်။ တွေးရင်းလည်း ပီတိဖြစ်၍ နှစ်သိမ့်မိသည်။ ဒါပေမင့် မမြနိုင်သည် ယခုအချိန်တွင် သူ့ကို့ သတိရပါလေစ။

မမြနိုင်နှင့် နောက်တစ်ခါ ထပ်တွေ့ရန်အတွက်သာ သူဆုတောင်းမိလေသည်။

⁜

ဗမာပြည်မရှိ ေ သာင်းကျန်းမှုများကို နှိမ်နင်းရာတွင် ချင်း၊ ကချင်နှင့် ရှမ်း၊ ကရင်နီတို့မှာ သစ္စာရှိစွာ ပူးပေါင်းကူညီလ ာက်ရှိလေသည်။

သို့သော် ေသာ းကျန်းမှုများကား ပိုမိုဆိုးရွားရုံတွင်မက ချင်းတောင်ခြေ ပေါက်မြို့များသို့ပင် ကူးစက်ထိပါးစ ပြုလာ ေသည်။

ပြည်ထောင်စုကား ပြိုကွဲတော့မည့်ဆဲဆဲ ယိမ်းယိုင်စပြုလာသည်နှင့်အမျှ အခွင့်အရေးသမားများအတွက် ဝမ်းသာဖွယ် ဖြစ်လာလေသည်။

ကျော်မင်းထံသို့ မမြနိုင်ဆီမှ စာတစ်စောင်ရောက်လာလေသည်။ သူသည် ပေါက်တွင် တိုက်ပွဲဖြစ်ပွား၍ ချင်း UMP များနှင့်အတူ တိုက်ပွဲတွင် ဒဏ်ရာရသူတို့အတွက် ကူညီနေရကြောင်းနှင့် တိုက်ပွဲများအလယ်တွင် သူရောက်နေကြောင်း စာရောက်၍လာလေသည်။

မမြနိုင်အဖို့မှာလည်း ဗမာစကား ကောင်းစွာမတတ်သေးသော ချင်းလုံမပျိုတွေသာ သူ့မှာ အဖော်ရှိတော့သည်။ ရံဖန်ရံခါ ဗမာပြည်မသို့ သူ ပြန်ချင်သည်။ ယခုလို ကျော်မင်းတို့ ပြန်သွားပြီးမှ သူသည် သာလွန်၍ အောက်မေ့လွမ်းဆွတ်လှသည်။

ဒါပေမင့် အတိတ်ကဖြစ်ခဲ့သော အကြောင်းတွေကို တွေးမိသည့်တစ်ပြိုင်နက် သူ အလွန် ထိတ်လန့်ကြောက်ရွံ့နေသလို ဖြစ်နေသည်။ ဟိုပတ်ဝန်းကျင်ကို သူ ဘယ်လိုနှင့်မှ ပြန်၍ တိုးလို့ရမည်ဟု သူ မထင်တော့။

ချင်းတောင်ကမူ သာယာချမ်းငြိမ်း၍ စိတ်ဓာတ်တွေကလည်း များသောအားဖြင့် ရိုးသားကြ

mgyoe.com

mgyoe.com

သည်၊ ဒီလိုပတ်ဝန်းကျင်မှာပဲ သူက အေးအေးပဲ နေလိုတော့သည်၊ သူတို့၏ ကျန်းမာရေးနှင့် ပညာတတ်မြောက်ရေးအတွက် ကြိုးပမ်းနေရသည်က ကောင်းသေးသည်ဟု သူ ယူဆမိသည်၊

ယခုလို အချိန်ကြာလာသောအခါတွင်မူ ချင်းတောင်၏သဘာဝကို သူက နှစ်သက်လာသည်၊ မိုးဥတုတွင် ဗမာပြည်မက လူများ မခံမရပ်နိုင်အောင် ဆိုးရွားလှသော မိုးဒဏ် လေဒဏ်ကိုလည်း သူ ခံနိုင်ရည်ရှိလာတော့သည်၊

ဆောင်းဦးတွင် ပွင့်ကြသော ချယ်ရီပွင့်ဖြူဖြူခဲခဲလေးတွေမှာလည်း နှင်းစက်များစိုရွှဲ၍ ချစ်ဖွယ်ကောင်းနေတော့သည်၊ တစ်ဒင်ကိုသွားရာလမ်းတွင်မူ ဆောင်းအခါ နှင်းခဲ နှင်းပွင့်၊ နှင်းဖတ်များကိုပင် တွေ့နိုင်တော့သည်၊

ချင်းတောင်ကိုပင် သူက ကျေးဇူးတင်မိသည်၊ သူ၏ စိတ်နှလုံးကို ချမ်းမြေ့တည်ငြိမ်အောင် ထိန်းသိမ်းနိုင်သော သဘာဝအတွက် သူကသာ၍ ခင်မင်နေတော့သည်၊

တာရှမ်းရွာမှ ချင်းလုံမပျိုလေး လှိုင်ဖွေမှာလည်း သူနှင့်အတူ လာနေသည်၊ ဒီလို မိန်းကလေးများနှင့် ဆက်ဆံရင်းနှီးရင်းပင် သူသည် အတိတ်နာကို ကုစားနေတော့သည်၊

လှိုင်ဖွေသည် အလုပ်အတော်လုပ်သူ မိန်းကလေးတစ်ယောက်ဖြစ်သည်၊ သူ့ရွာတွင်မူ သူသည် အဝတ်လည်း ရက်သေးသည်၊ ယာလည်း စိုက်သေးသည်၊ ကောက်ရိတ်ချိန်တွင်လည်း ကောက်ရိတ်လိုက်သေးသည်၊ အိမ်တွင်လည်း ဝက်နှင့်ကြက်ကို မွေးလိုက်သေးသည်၊

အမှန်တော့ လှိုင်ဖွေတွင်မက ချင်းတောင်အမျိုးသမီးတိုင်းလိုလိုပင် ယောကျ်ားထက် အလုပ်ကို ပိုမိုလုပ်ကြသည်၊ သဘာဝအလျောက် ကြီးပြင်းလာရရုံတွင်မက စားရေး ဝတ်ရေးအတွက် မိမိတို့ဘာသာ ကြိုးပမ်းရသူများဖြစ်၍ ကိုယ်လက်ကြံ့ခိုင်တောင့်တင်းလှသည်၊

အအေးဒဏ်ကြောင့် ပါးအို့လေးများ နီထွေးနေကြသော်လည်း များသောအားဖြင့် အသားညို၍ ရှမ်းလုံမတို့လောက် အလှမှာ မပေါ်လွင်လှပေ၊

"ဆရာမ အခု ကောက်ရိတ်ပြီးပြီ၊ ချင်းကပွဲ ရှိတယ်၊ ရွာကို လိုက်မလား"

လှိုင်ဖွေသည် ဆရာမကို လာခေါ်နေသည်၊ ချင်းများတွင် ကောက်ရိတ်သိမ်းပြီးနောက် ကပွဲပြုလုပ်လေ့ရှိသည်၊ ကပွဲမှာ ကောက်ရိတ်တလင်းကဲ့သို့ ကျယ်ပြန့်သော ကွင်းပေါ်တွင် ယောကျ်ား မိန်းမ တစ်ယောက်ခြားစီတွဲ၍ ဝိုင်းကြီးပတ်ပတ် ဝိုင်းကာ ကကြရသည်၊

မမြခိုင်က လှိုင်ဖွေနှင့်လိုက်ရန် သဘောတူလိုက်သည်၊

တာရှမ်းရွာမှ အကသည် လှလည်းလှသည်၊ ပျော်စရာလည်း ကောင်းလှသည်၊ မမြခိုင်သည် လူဝိုင်းကြီးထဲတွင် ပါဝင်ကရင်း အတော်ပျော်ရွှင်မိသည်၊ ညီညာသော တေးသံနှင့် လှပသော ခြေကျပုံများမှာ ချင်းတောင်၏ အနုပညာတစ်ရပ်လို ဖြစ်နေတော့သည်၊

တစ်ခါတစ်ရံ သူသည် ချင်းသီချင်းများကို သူ့တပေါနှင့် လိုက်၍ သီချင်းတက်နေ တတ်သည်၊ လှိုင်ဖွေက စိတ်ရှည်လက်ရှည် သင်ပေးတတ်သည်၊

"ဆရာမ ပျော်ရဲ့လား"

mgyoe.com

mgyoe.com

များသောအားဖြင့် လှိုင်ဗွေသည် ဖလန်မှာပဲ နေနေ၊ ခရီးထွက်စဉ်ဖြစ်ဖြစ် မမြနိုင်ကို ဒီလိုပဲ မေးတတ်သည်၊ သူသည် မမြနိုင်ကို တကယ်လည်း ချစ်သည်၊ မမြနိုင် ဗမာပြည်ကို ပြန်သွားမည်ကို စိုးရိမ်လှသည်၊

မမြနိုင်သည် သာယာလှပသော ချင်းတို့ဒေသကို ခင်တွယ်နေပေမင့် ကျော်မင်းထံမှ စာရသောအခါတွင်မှ ဗမာပြည်မကို ပြန်ချင်သလို ဖြစ်နေသည်၊

ကျော်မင်းရေးသမျှ စာတွေကို မမြနိုင်ဖတ်တိုင်း ကျော်မင်းစိတ်ကို သူ တွေးနေမိသည်၊ မမြနိုင် အဖို့ အိမ်ထောင်သည်တစ်ယောက်ဖြစ်၍ ကျော်မင်းစိတ်ဓာတ်များကို သူရိပ်မိသည်၊ သို့သော် သူက အသိအမှတ်မပြုတော့ပေ၊ သူ့စိတ်ကိုလည်း ကျော်မင်းအပေါ်တွင် စိတ်မဝင်စားရန်အတွက် အမြဲ လျစ်လျူရှုနေတတ်သည်၊

ခုနေခါတွင် ကျော်မင်းကို လက်ထပ်လိုက်၍ သာယာသောအိမ်ထောင်ရေးကို တွေ့နိုင်ပေမင့် အတိတ်က 'ကိုတင်အောင်' အတွက် ထိခိုက်ခဲ့ရသော ဒဏ်ရာကိုမှ ကျော်မင်းကလည်း ကုစားနိုင်မည် မဟုတ်၊ သူကိုယ်တိုင်ကလည်း သူ့ 'မောင်မောင်' အပေါ်တွင် ထားခဲ့သော စေတနာအတိုင်း ထပ်တူထပ်မျှ ကျော်မင်းအပေါ်တွင်ဖြစ်ဖြစ်၊ တခြားတစ်ယောက်အပေါ် ဖြစ်ဖြစ် ထားနိုင်လိမ့်မည် မဟုတ်ပေ၊

ဒါကြောင့်ပင် ကျော်မင်းတိုးထွက်စရာဟူ၍ လမ်းစ လုံးဝဖော်မပေးဘဲ လုံးဝမသိသလိုပင် သူက နေလိုက်သည်၊

ဒီလိုဖြစ်လေလေ ကျော်မင်းအဖို့လည်း လမ်းစမပေါ်ဘဲ ရှိလေလေ ဖြစ်နေတော့သည်၊

ယခုအချိန်တွင်မူ ဖလန်မှ ခေတ္တခွဲခွာ၍ ပေါက် စစ်မြေပြင်သို့ လာရောက်ကူညီနေရချိန်ဝယ် သူ့စိတ်သည် လွမ်းရိဆွေးမြည့်၍ မနေတတ်တော့ပေ၊

အလုပ်နှင့်လက် မပြတ်တော့ဘဲ စိတ်မှာ နားချိန်မရှိတော့သဖြင့် သူ့အဖို့ စိတ်ကူးယဉ်စရာ အချိန်မရှိတော့ပေ၊

အနားရသည့်တစ်ပြိုင်နက် ပင်ပန်းလာသောအရှိန်ကြောင့် မောမောပန်းပန်းနှင့်ပင် အိပ်ပျော်သွားတတ်သည်၊

ဒီလိုနှင့်ပင် သူသည် ပေါက် စစ်မြေပြင်တွင် အတော်ကြာလာသည်၊

ချင်းစစ်သားတွေမှာလည်း တောင်ပေါ်သားများဖြစ်၍ ပေါက်လို စစ်မြေပြင်တွင် အကြမ်းခံနိုင်ကြသည်၊

မမြနိုင်သည်လည်း မိန်းမကြမ်းကြီး ဖြစ်လာတော့သည်၊ ချင်းအမျိုးသမီးနှစ်ဦးနှင့်အတူ သူ့မှာ ဆောင်ရွက်နေရတော့သည်၊

❋

mgyoe.com

mgyoe.com

တစ်ညတွင် တိုက်ပွဲများ ရပ်နား၍ မမြနိုင်သည်လည်း ဆေးရုံစခန်းမှ သူ့တဲရှိရာသို့ ပြန်လာခဲ့သည်။ လရောင်များသည် သစ်ရွက်များကြားမှ မြေပြင်တွင် အလင်းပြောက်များ ထင်နေလေသည်။

သူနှင့်အတူ မေဂျာဘွန်ဟောလည်း ပါလာလေသည်။ နေ့လယ်က မိုးအနည်းငယ် ရွာထား၍ ရာသီဥတုမှာ စိုစွတ်နေလေသည်။

လေများသည် ဖြည်းညင်းစွာ တိုက်ခတ်၍ ချမ်းငြိမ်းသာယာလှသော လောက၏ ပင်ကိုသဘာဝကို ဖော်ပြနေလေသည်။

"နေ့လယ်က ဖို့ဂွိုက်က ရွာသူကြီး ဦးလျှန်းထုံး မမြနိုင်ကို တွေ့ချင်လို့တဲ့ ရောက်နေတယ်" ဟု ဘွန်ဟောသည် တိုးတိုးပြောလိုက်သည်။

မမြနိုင်သည် နေ့လယ်က မိုးရေထဲတွင် အတော်ပင်ပန်းခဲ့၍ နွမ်းနေလေသည်။ ခြေများပင် မသယ်ချင်တော့ပေ။

"ဘာကိစ္စလဲ မသိဘူး၊ သူ ခု ဘယ်မှာလဲ"

"ကျွန်တော် ပြောထားတယ် တဲက စောင့်နေလို့၊ ညကျ တွေ့ရမယ်လို့ ပြောထားတယ်၊ တဲမှာ ရှိလိမ့်မယ်ထင်တယ်"

သူတို့နှစ်ယောက် တဲအရောက်တွင် သူကြီးဦးလျှန်းထုံးကို တွေ့ရလေသည်။ မေဂျာဘွန်ဟောသည် မမြနိုင်ကို နှုတ်ဆက်ကာ သူ့စခန်းသို့ ထွက်သွားတော့သည်။

"ဦး... မအေးဘူးလား"

မမြနိုင်သည် ဝါးကွပ်ပျစ်ပေါ်တွင် ထိုင်ရင်း မေးလိုက်သည်။ ချင်းတောင်တန်းဒေသရှိ စာသင်ကျောင်းများဖွင့်စတွင် မမြနိုင်က ပြည်ထောင်စုအစိုးရထံ အကူအညီတောင်းပေးရာမှ ဦးလျှန်းထုံးနှင့် အတော်အကျွမ်းဝင်ခဲ့လေသည်။ ဦးလျှန်းထုံးမှာ ဗမာစကား ရေလည်စွာ ပြောတတ်သော အင်္ဂလိပ်စာတတ် ချင်းအမျိုးသားကြီး ဖြစ်လေသည်။

"သိပ်အေးပေါ့ မိန်းကလေးရယ်၊ ခြင်ကလဲ ကိုက်ပါဘိ"

မမြနိုင်သည် အဝတ်လဲပြီး အဘိုးကြီးရှေ့တွင် ပြန်ထိုင်ရင်း ကော်ဖီပူပူကို သောက်ချနေသည်။

"မနက်က တိုက်ပွဲမှာ ကျတဲ့လူတော့ မရှိဘူး ဦး၊ ဒဏ်ရာရတာက များနေတော့ မိုးရေထဲမှာ အတော်အလုပ်များသွားတယ်၊ ကျွန်မလဲ အအေးမိသလိုဖြစ်နေတယ်"

"အေး... ဒါကလဲ ခက်သကွဲ့၊ ကိုယ့်အချင်းချင်းတိုက်နေရတာ"

မမြနိုင်သည် ဖြည်းညင်းစွာ ခေါင်းညိတ်ရင်း "ဟုတ်တာပေါ့ ဦးရယ်၊ ဟိုဘက်က ကျတာ မြင်ရလဲ ကျွန်မဖြင့် စိတ်မကောင်းပါဘူး"

"အေး... ဒါထက် စိတ်မကောင်းစရာတွေ ရှိလို့ ဦးလဲ မိန်းကလေးဆီ လိုက်လာတာပဲ"

"ဘာများလဲ ဦး"

"အေး... မင်းလဲ သိပ်ပင်ပန်းနေတယ်ဆိုတာတော့ သိပါတယ်၊ ဒါပေမင့် အေးအေးဆေးဆေး

mgyoe.com

mgyoe.com

နားထောင်ပါကွယ်၊ ကောလိပ်ကျောင်းမှာ အရင်နေတဲ့ လီဒိုးနဲ့ အရင် ချင်းရေးရာကောင်စီမှာ ပါတဲ့ ကပ်ကျင်းမားတို့ကို သိလား၊ လီဒိုးကတော့ ကျောင်းနေတုန်းက မိန်းကလေးနဲ့ သိတယ်လို့ပြောတယ်၊ ကပ်ကျင်းမားကတော့ မင်း ချင်းတောင်ရောက်ကတည်းက ကျွမ်းနေသားပဲ"

"အဲ.. သူတို့က ဘာဖြစ်လဲ"

"ဘာဖြစ်လဲတော့ မသိဘူးကွဲ့၊ ဒီတစ်ခါ ဗမာပြည်မက ပြန်လာပြီး ချင်းစစ်ဗိုလ်လေးတွေကို သူက ဗမာစစ်တပ်နဲ့ သွေးခွဲ၊ ချင်းတောင်အတွက် ရွေးကောက်ပွဲသတ်သတ်လုပ်ပေးဖို့ လှုံ့ဆော်လို လှုံ့ဆော် လုပ်နေတယ်၊ ပြီးတော့ တို့ချင်းလူကြီးများကိုလဲ ဗမာပြည်မက ခွဲထွက်ဖို့ချည်း တိုက်တွန်းနေတယ်၊ အခု သူတို့က တစ်စတစ်စ သည်းလာတယ်၊ ချင်းစစ်ဗိုလ်လေးတွေအတွက်တောင် စိုးရိမ်စရာပဲ၊ ဒါပေမင့် ချင်းစစ်ဗိုလ်လေးတွေက တော်ရှာကြပါတယ်၊ ဦးကတော့ သွေးထွက်သံယိုလဲ မဖြစ်ချင်ဘူး၊ သူတို့ပြောသလို လိုက်လုပ်ပြန်ရင်လဲ ချင်းတောင်မှာ ငြိမ်းချမ်းရေးမရဘဲ အေးအေးဆေးဆေး အခြေတွေ ပျက်ပြားပြီး အလကား ဆူပွက်ကုန်မှာ စိုးတယ်ကွဲ့၊ ဒါပေမင့် သူတို့ရောက်လာကတည်းက မိန်းကလေးကိုပဲ မေးနေကြတယ်၊ ကပ်ကျင်းမားကတော့ မင်းက သူ့အသက်သခင်လို ဖြစ်နေတော့ မင်းကို ချစ်လဲ ချစ်ပုံရတယ်၊ တွေ့ချင်တဲ့အကြောင်းလဲ ပြောတယ်"

မမြနိုင်သည် စဉ်းစားနေလေသည်။

"အဲဒါ နက်ဖြန် ဦးနဲ့ လိုက်ခဲ့စေချင်တယ်၊ မင်းတတ်နိုင်သလောက် ကြိုးစားပေးပါဦးကွယ်၊ တော်ကြာ ဒီအတိုင်းသာဆိုရင် ဆိုးဆိုးရွားရွားအဖြစ်တွေ ဖြစ်လာမယ်လို့ ဦးတော့ ထင်တာပဲ၊ သူတို့ကလဲ ကြာကြာမနေဘူး ပြန်ကြတော့မယ်"

"ကပ်ကျင်းမားက ချင်းစစ်ဗိုလ်လေးတွေအပေါ် အတော်ဩဇာရှိလို့လား"

"ရှိမယ်လို့ထင်တယ်၊ ချင်း ကာနယ်တစ်ယောက်ဟာ သူ့ညီပဲ"

မမြနိုင်သည် ဖြည်းညင်းစွာ သက်ပြင်းချရင်း သူ့ကိုယ်ကို မှန်းကြည့်နေသည်၊ အိပ်ပျက်သည့် ဒဏ်၊ မိုးရေထဲတွင် စစ်သားများနှင့်အတူ ပြေးလွှားခဲ့သောဒဏ်တို့ စုပေါင်း၍ ခေါင်းတစ်ခုလုံး ညှပ်ထားသလို ကိုက်နေသည်၊ လူကလည်း နုန်းချည့်ချည့်ဖြစ်၍ အားပျော့နေသည်၊ ဖျားချင်သလို ဖြစ်ကာ ပူရှိန်းရှိန်းဖြစ်နေလေသည်။

သူသည် ကပ်ကျင်းမား ဆေးရုံတက်စဉ်က ကုသခဲ့ရ၍ အနည်းအကျဉ်း ကပ်ကျင်းမား အကြောင်းကို သိခဲ့လေသည်၊ လီဒိုးမှာမူ ကျောင်းနေဖက်ဖြစ်၍ သာ၍သိသည်၊ သူတို့သည် ခရစ်ယာန်ဖြစ်ရုံမက အင်္ဂလိပ် အမေရိကန်တို့၏ ဆွဲဆောင်မှုဖြင့် အင်္ဂလိပ်လူမျိုးများအား အလွန်ကြည်ညို ကြသူများ ဖြစ်လေသည်။

ကပ်ကျင်းမားအဖို့ ချင်းရေးရာဌာနတွင် သူ ဝင်၍မခြယ်လှယ်ရသည့်အတွက် မကျေမနပ် ဖြစ်နေလေသည်။

မမြနိုင်သည် သောင်းကျန်းသူများဒဏ်နှင့် ကရင်၊ မွန်တို့၏ ဆူပူမှုကြောင့် ကသောင်းကနင်း

mgyoe.com

mgyoe.com

ဖြစ်နေသော ပြည်ထောင်စုတွင် ချင်းပြဿနာတစ်ခု ထပ်မံ၍ ပေါ်ပေါက်လာမည်ကိုလည်း သူစိုးရိမ်မိသည်။

သူမသည် ပင်ကိုဆုံးဖြတ်ချက်အတိုင်း ပြည်ထောင်စုစည်းလုံးရေးကိုပဲ ကြိုးပမ်းရန် ဆုံးဖြတ်လိုက်သည်။

"နက်ဖြန် ကျွန်မလိုက်မယ်၊ တတ်နိုင်သလောက် ကြိုးစားမယ် ဦး"

ဦးလျန်းထုံးသည် မမြခိုင် အနားယူရန်ပြောကာ တဲပြင်သို့ ထွက်သွားတော့သည်။

မမြခိုင်သည် အိပ်ရာတွင်လှဲကာ မှေးနေတော့သည်။ အနားယူသည့်အနေနှင့်လည်း တောင်ပေါ်သို့ သူ ခဏပြန်သွားချင်သေးသည်။

※

ညဥ့်က အတန်ငယ် အိပ်လိုက်ရ၍ အားပြည့်သလိုရှိသော်လည်း အဖျားသွေး အနည်းငယ်ဝင်နေလေသည်။ ခရီးထွက်ရန်အတွက် ဆိုင်ရာသို့ အကြောင်းကြားပြီး ပစ္စည်းများကို ပြင်ဆင်နေလေသည်။

မကြာမီ ဦးလျန်းထုံးရောက်လာ၍ မြင်းများကို ကိုယ်စီနင်ကာ ခရီးစထွက်ကြတော့သည်။

ချင်းတောင်မိုးမှာ အဆင်မသင့်လျှင် သဲသဲမဲမဲရွာသွန်းတတ်လေသည်။ တောင်ရိပ်တောရိပ်နှင့် အအေးဒဏ်မှာ အသည်းစိမ့်မျှ အေးလွန်းလှသည်။

မမြခိုင်သည် အအေးဒဏ်ကို တင်း၍ခံနေလေသည်။ မိုးကြားမှ လေများကလည်း စိမ့်၍ တိုက်နေကြလေသည်။

လာရသည့်လမ်းသည်လည်း မသက်သာလှပါ။ ပေါက်မှ ဂန့်ဂေါ၊ ဂန့်ဂေါမှ ကလေး၊ ကလေးတောင်ခြေမြို့ကလေးမှ ဖိုတပ္ပိုက်အရောက် သုံးရက်အတွင်း ခရီးပြင်း နှင်လာခဲ့ရလေသည်။

ဦးလျန်းထုံးမှာလည်း မမြခိုင် ချင်းတောင်ရောက်ကတည်းက အထူးစောင့်ရှောက်ခဲ့သူ ဖြစ်လေသည်။ သူသည် ချင်းအမျိုးသားစိတ် အတော်ပြင်းထန်သူ ဖြစ်လေသည်။

"ကျုပ်က လူတစ်ယောက်ဟာ ချင်းအမျိုးသားစိတ် ပြင်းထန်လွန်းလို့ ချင်းတောင် သီးသန့်အစိုးရ ထူထောင်ရင် ကျေနပ်ပါသေးတယ်၊ ခုတော့ နိုင်ငံခြားက သာသနာပြု ဆိုဆိုပြီး လာတဲ့အကောင်တွေက ရှေ့က သာသနာပြုလုပ်ငန်းတွေပြပြီး နောက်က နယ်ချဲ့လုပ်ငန်းတွေနဲ့ အုပ်အုပ်သွားတာကိုပဲ ကျုပ်က မခံချင်တာ၊ ကျုပ်တို့လူတွေကလည်း အဲဒါ နားမလည်ဘူး၊ ကျွန်ပြန်ဖြစ်ချင်တယ်၊ အင်္ဂလိပ် အမေရိကန်ဆိုရင်ပဲ သိပ်သဘောကျတာ၊ Gilmore ဆိုတဲ့ကောင်တောင် သာသနာပြုလိုလို ဘာလိုလို ချင်းတောင် လာလိုက်သေးတယ်၊ နောက်တော့ ဝင်ခွင့်မပြုလို့ ထင်ပါရဲ့ ပြန်သွားတယ်"

ဦးလျန်းထုံးသည် ခရီးသွားရင်းပင် စိတ်မကျေမနပ်သလို တတွတ်တွတ် ပြောလာသည်။

"တကယ်ဆိုတော့ ဗမာပြည်မက ကျုပ်တို့ကို ငွေကုန်ကြေးကျခံပြီး ပူးပေါင်းတာပဲ ကျေးဇူးတင်

mgyoe.com

mgyoe.com

ရဦးမယ်၊ ကျုပ်တို့ဟာ စစ်သားပဲ ပေးနိုင်တယ်၊ တခြားပစ္စည်း စီးပွားဖြစ်ကယ်လို့ မယ်မယ်ရရမထွက်သေးဘူး၊ ပညာတတ်တွေကလဲ နည်းသေးတယ်၊ ခုလိုအချိန် ခွဲထွက်ရင် ကျုပ်တို့ ငါးပါးမှောက်မှာပဲ၊ ပြီးတော့ ကျုပ်ဘိုးဘွားလက်ထက်ကတည်းက အင်္ဂလိပ်တွေ လက်အောက် ချင်းတောင် ရောက်နေတာပါဗျာ၊ ခုလို အခွင့်အရေးဆိုတာ ဝေးရော၊ လူတောတောင် တိုးခွင့်မရဘူး၊ ကျုပ်တော့ ရှေ့လာမယ့် ကံကြမ္မာအတွက် ရိပ်မိပါသေးတယ်၊ ခုကိစ္စဟာ နောင်ခါလောင်မယ့် မီးပွားများလား မသိဘူး"

မမြနိုင်သည် သူ့စကားများကိုပဲ တိတ်ဆိတ်စွာနားထောင်ရင်း လိုက်လာခဲ့လေသည်၊

အအေးဒဏ်မှာ ပို၍ပြင်းထန်လာသည်နှင့်အမျှ လေကလည်း တိုက်လှသည်၊ မမြနိုင်သည် ဖျားစပြုလာတော့သည်၊ ဒါပေမင့် ဖို့တပိုက်သည် မဝေးလှတော့ပေ၊ သူတို့သည် မြင်းများကို သွက်လက်စွာ ဆက်၍နှင်ကြသည်၊ အအေးဒဏ်ထက် လမ်းမကောင်းခြင်းမှာ မြင်းများကို အသွားနှေးစေလေသည်၊ ချင်းရွာတစ်ရွာနှင့်တစ်ရွာ အဆက်အသွယ်မှာလည်း ခက်ခဲလှသည်၊ ထို့ကြောင့်ပင် အကူးအသန်းနည်းမှုကြောင့် တစ်ရွာနှင့်တစ်ရွာ စကားချင်းပင် အနည်းငယ်စီ ကွဲသွားကြတော့သည်၊

နေ့လယ်လောက်တွင် သူတို့လူစုသည် ဖို့တပိုက်မြို့လေးသို့ ရောက်လာကြတော့သည်၊

## (၁၂)

ဖို့တပိုက်သည် နေ့လယ်တောင်မှပင် တောင်ခိုးများမှာ မီးခိုးများသိပ်နေသလို မှိုင်းမှုန်အုံ့ဆိုင်းနေတတ်၍ အအေးဓာတ်မှာလည်း လွန်ကဲလွန်းလှသည်၊

မမြနိုင်သည် ဟန်မဆောင်နိုင်တော့ပေ၊ တစ်လမ်းလုံးမိလာသော အအေးဒဏ်မှာ အဖျားကို ပြင်းထန်လာစေတော့သည်၊ သူသည် ဦးလျှန်းထုံးအိမ်တွင် ဝင်နားနေတော့သည်၊ ခုတင်ပေါ်တွင် လှဲရင်း အဖျားဒဏ်ကို အပြင်းအထန်ခံစားနေရတော့သည်၊

ညနေစောင်းလောက်တွင် လီဒိုးရော ကပ်ကျင်းမားပါ သူ့ထံ ရောက်လာကြသည်၊

သူတို့နှစ်ယောက်လုံး မမြနိုင်ကို ကြင်နာစွာ နှုတ်ဆက်ရင်း ခုတင်ဘေးတွင် ထိုင်နေကြလေသည်၊

ကပ်ကျင်းမားက တွေ့ရသည်ကို အလွန်ဝမ်းသာကြောင်း လှိုက်လှိုက်လှဲလှဲပြောပြနေလေသည်၊

မမြနိုင်သည် ကြိုးစား၍ပြုံးကာ ဝမ်းသာကြောင်း ပြောပြနေလေသည်၊

"ကျုပ်တို့နဲ့အတူ ကပ္ပတိန်ကျော်မင်းဆိုတာက ပိတောက်ပင်ပေါက်စတစ်ခု မြေကြီးပါ တစ်ခါတည်း ပေးလိုက်တယ်"

"အို... ဟုတ်လား"

မမြနိုင်သည် ဇလထဲတွင် ပျံ့ဝဲလာမည်ဖြစ်သော ပိတောက်ပန်းနံ့အတွက် အတွေးနှင့် ရှင်ပျ၍ သွားလေသည်၊

"မာသာ... ပေါက်တိုက်ပွဲကို သွားကူညီနေတယ်ဆို"

mgyoe.com

mgyoe.com

"ဟုတ်တယ်"

လီဒိုးသည် ခေါင်းကိုယမ်းရင်း..

"ပြည်ထောင်စုကလဲ ဗမာပြည်မက အကူအညီ တောင်တန်းသားတွေ ရမလား အောက်မေ့တယ်၊ သူတို့ကိုပဲ ကျုပ်တို့က ကူတိုက်ပေးနေရတာပဲ"

"ကျုပ်ကတော့ ဆရာမကို ခင်တာပဲ၊ ရှင်းရှင်းပြောရရင် ကျုပ်တို့ ချင်းတောင်တန်းဒေသကို ပြည်ထောင်စုထဲက ခွဲထွက်ချင်တာပဲ၊ ပြီးတော့ ကပ်ကျင်းမားလိုလူတစ်ယောက် ချင်းရေးရာဌာနမှာ အရေးပါတဲ့တစ်နေရာ မရတာကတော့ တော်တော်ဆိုးတာပဲ"

ကပ်ကျင်းမားသည် ခေါင်းညိတ်လိုက်၍..

"ဒါကြောင့် ကျွန်တော်က အခုတက်နေတဲ့ ချင်းကိုယ်စားလှယ်တွေကို သဘောမကျလို့ သီးသန့် ရွေးကောက်ပွဲ အမြန်လုပ်ပေးဖို့ တောင်းခိုင်းထားတာပဲ"

အမှန်မှာ ချင်းအမျိုးသားတို့၏ဇာတိသည် ရိုးသားကြသူများပီပီ သူတို့ရိုးရိုးသားသားပင် ဖွင့်ဟပြောကြသည်။

မမြနိုင်သည် ငြိမ်သက်စွာ နားထောင်နေရာမှ..

"တလောက Gilmore ဆိုတဲ့ မျက်နှာဖြူတစ်ယောက် ချင်းတောင်ကို တိတ်တိတ်ဝင်လာတာ ဘာကိစ္စလဲ မသိဘူး"

နှစ်ယောက်စလုံး မဖြေကြပေ။ မမြနိုင်က ဆက်လက်၍ အားယူကာ ပြောနေလေသည်။

"ဒီကောင်တွေဟာ ခုထိ ပြည်ထောင်စုထဲကို ဝင်ရှုပ်ချင်ကြတုန်းပဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ.. ကျွန်မတို့ စကားပုံရှိတယ် လီဒို၊ ရှင်လဲ သိမှာပဲ၊ 'သူစိမ်းကောင်းတယ်ဆို ဒွေမျိုးအိပ်နေသလောက် ရှိတယ်' ဆိုတာ အဲသည်လိုပဲ၊ အပြင်က နိုင်ငံခြားသားတွေ ကောင်းတယ်ဆိုတာဟာ ပြည်ထောင်စုသားချင်းလောက် ကြင်နာပါ့မလား၊ ပြီးတော့ ကပ်ကျင်းမား..တကယ်ဆိုတော့ ရှင် ချင်းရေးရာဌာနမှာ နေရာမရတာနဲ့ အခြေခံအုပ်ချုပ်ရေးနဲ့ မညီညွတ်တဲ့ဟာတွေ လုပ်ခိုင်းလို့ ဖြစ်ပါ့မလား"

ကပ်ကျင်းမားသည် ငိုင်နေလေသည်။

"ပြည်ထောင်စုအပေါ်မှာ ချင်းအမျိုးသားတွေ သစ္စာရှိစွာ ကူညီနေတယ်ဆိုတဲ့ကမ္ပည်းဟာ ဥဒါန်းတွင်ရစ်နေပါစေရှင်၊ ချင်းအမျိုးသားတွေရဲ့ သစ္စာရှိမှုကို ရှင်တို့ ဝုက်ပြုစေချင်တယ်၊ ကျွန်မ မတရားသဖြင့် ချုံးနှိမ်ပြီး သစ္စာရှိနေရမယ်လို့ မဆိုလိုပါဘူး၊ ဒီမှာ ခပ်ရှင်းရှင်းပြောရရင် ဒီလိုခွဲထွက်ကြမယ့်အစား ချင်းအမျိုးသားတွေက ပြည်ထောင်စုတစ်ခုလုံးကို အုပ်စိုးတာက ကောင်းဦးမယ်၊ ကရင်တွေလဲ ကရင်သီးခြားနယ် တောင်းမယ့်အစား သူတို့ ဗမာပြည်တစ်ပြည်လုံးကို အုပ်ချုပ်တာက ကောင်းပါသေးတယ်၊ မသက်သာဘူးနော် လီဒို၊ ခုခွဲထွက်ရင် ရှင်တို့လဲ နာမယ်၊ ဗမာပြည်လဲ နာမယ် သိလား"

မမြနိုင်သည် စကားအဆုံးတွင် မောနေလေသည်။ သူတို့နှစ်ယောက်သည် အားပျော့နေသော

mgyoe.com

mgyoe.com

မိန်းကလေးတစ်ယောက်၏ ချည့်နဲ့စွာပြောနေသော စကားများကို စူးစိုက်နေရာမှ မမြနိုင်ကို သနားလာကြသည်။

ကပ်ကျင်းမားသည် အသာထ၍ မမြနိုင်လက်ကို ဆုပ်နယ်ပေးနေသည်။ လီဒိုက ရေအနည်းငယ် မမြနိုင်ကို တိုက်ပေးနေသည်။

"ရှင်တစ်ယောက် ချင်းရေးရာဌာနကို မဝင်ရတာနဲ့ ချင်းအမျိုးသားတွေရဲ့ရာဇဝင်ကို မဖျက်ချင်ပါနဲ့ရှင်၊ ခု ရှင်တစ်ယောက်တည်းကို မကြည့်ပါနဲ့၊ ပြည်ထောင်စုအဖြစ်ကို ရောက်လာမှ နယ်ချဲ့သမားတွေလက်ထဲမှာ တစ်ခါဖူးမှ မပေးဖူးတဲ့ အခွင့်အရေးတွေကို ချင်းအမျိုးသားတွေ ရခဲ့တယ်၊ စစ်ဘက်မှာဆို နယ်ချဲ့သမားတွေဟာ ကပ္ပတိန်ရာထူးကိုတောင် တစ်ယောက် နှစ်ယောက်ပဲ ပေးခဲ့တယ်၊ ခု ကာနယ်၊ မေဂျာတွေအဖြစ် ချင်းအမျိုးသားတွေအခွင့်အရေးရခဲ့တယ်၊ ရှင်တို့ကြိုးစားမှုစွမ်းရည်ရှိသမျှ ပြည်ထောင်စုမှာ ရှင်တို့ခံစားရမှာပဲ၊ အရည်အချင်းရှိလာရင် ချင်းလဲ ကာနယ်မက သမ္မတဖြစ်နိုင်တယ်၊ ဒီတော့ အလကားရာဇဝင်ရိုင်းအောင် သစ္စာမဖောက်စေချင်ဘူး၊ အားနည်းရင် နယ်ချဲ့သမားလက်ထဲ ပြန်ရောက်မှာမို့ ရှင်တို့ ခွဲထွက်ဖို့ကိုတော့ မကြိုးစားစေချင်ဘူးရှင်"

မမြနိုင်သည် ကပ်ကျင်းမားလက်ကို ဆုပ်၍ အားယူပြောနေလေသည်။

အမှန်မှာလည်း မမြနိုင်ပြောသမျှသည် သူတို့မျက်မြင်ကိုယ်တွေ့ဖြစ်သည်မှာ မငြင်းသာပေ။ ကပ်ကျင်းမားသည် တကယ်တော့ သူ့ကိုယ်ရေးတွက် လုပ်နေမှန်းကို သူ သိလာလေသည်။ လီဒိုသည်လည်း သူတို့ချင်းတောင်တန်းဒေသ၏ တစ်စိတ်တစ်ဒေသ တိုးတက်ရေးအတွက် ကိုယ်ရေးကိုယ်တာများကို စွန့်၍လာသော မမြနိုင်ကို သူတို့အကြံအစည်များအတွက် အားနာလာလေသည်။

"စိတ်အေးအေးထားပြီး ကျန်းမာရေးအတွက် နားပါဦး ဆရာမရယ်၊ ကျုပ်တို့လဲ အခြေအနေကြည့်လုပ်မှာပါ"

"မဟုတ်ဘူး... ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောပါ လီဒို၊ မခံနိုင်ရင်လဲ မခံနိုင်ကြောင်း ပြည်ထောင်စုမှာ ရှင်တို့ပြောပိုင်ခွင့်ရှိတယ်၊ ဝမ်းထဲမှာ ကျိတ်ထားတာလောက်၊ မြှုထားတာလောက် ဆိုးတာမရှိဘူး"

မမြနိုင်သည် အသက်ဖြည်းညင်းစွာ ရှူလိုက်ကာ လေအေးနှင့် ဆက်၍ပြောနေပြန်လေသည်။

"ချင်းတောင်ဒေသဟာ တချို့လူတွေက မတိုးတက်ဘူး မယဉ်ကျေးဘူး ပြောပေမင့် အဲဒီပြောတဲ့လူမျိုးတွေထက် ရိုးသားမှုမှာ နစ်ဆသာတယ်၊ ဘာပဲဖြစ်ဖြစ် ရှင်တို့ တောင်ပေါ်က သဘာဝ အလှအပတွေဟာ ရိုးကြတယ်၊ ဒါပေမင့် ရိုးသားတဲ့အလှဟာ ဘယ်တော့မှ မရိုးဘူးဘဲ"

မကြာခင် သူတို့သုံးဦးအတွက် ကော်ဖီပူပူများ ရောက်လာကြလေသည်။

နေရောင်ကွယ်၍သွားလေလေ အအေးဒဏ်သည် ပို၍ပြင်းလာလေ ဖြစ်သည်။ ဦးလျန်းထုံးသည် အခန်းထဲသို့ ဝင်လာကာ မီးဖိုထဲသို့ ထင်းထပ်၍ထည့်ပေးလေသည်။ မမြနိုင်သည်လည်း အသာမှိန်းနေ၍ သူတို့အားလုံး တိတ်ဆိတ်နေလေသည်။

ဦးလျန်းထုံးကအစ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြခြင်း ဖြစ်လေသည်။ မမြနိုင်ကမူ သူ

mgyoe.com

mgyoe.com

သည် ပြည်ထောင်စုစည်းရုံးရေးအတွက် စိတ်ဓာတ်နှင့် စေတနာသာ ရှိခဲ့သည်၊ တကယ် ကျွမ်းကျင်သော အရည်အချင်း လုပ်ရည်ကိုင်ရည်နှင့် အချက်ကျကျ စကားမပြောတတ်သော သူ့ညံ့ဖျင်းမှုကို သူ အားမရဖြစ်နေလေသည်။ ကပ်ကျင်းမားအဖို့ ဘာပဲဖြစ်နေနေ မမြနိုင်က သူ့အသက်သခင် ဖြစ်နေလေသည်။ ဒါတစ်ခုကပဲ သူ့ကို မျက်နှာသေွးသတ် မလုပ်ရဲအောင် ချည်၍ထားသလို ဖြစ်လေသည်။

"မင်းတို့လဲ စဉ်းစားပါဦးလေ၊ ဘာပဲဖြစ်ဖြစ် ပြည်ထောင်စုဘဝကို မရောက်ခင်ကနဲ့ ယှဉ်ပြီး စဉ်းစားစေချင်တယ်"

ဦးလျှန်းထုံးသည် တိတ်ဆိတ်ခြင်းကို စ၍ ဖျက်ပစ်လိုက်သည်။ သူသည် ကျောင်းဆရာပီပီ. စကားပြောကောင်းလေသည်။

"မင်းတို့လုပ်တာလဲ ချင်းတောင်တန်းဒေသအတွက်ပဲ၊ ဒါပေမင့် ပြည်ထောင်စုသား တစ်ယောက်အနေနဲ့ ပြည်ထောင်စုစိတ်ထားပြီး စဉ်းစားကြ လုပ်ကြရင် ကောင်းမယ်၊ အင်္ဂလိပ်တွေလက်အောက်တုန်းက Frontier Crossing Regulation ဆိုတဲ့ နယ်ခြားဖြတ်သန်းသွားလာရေး ဥပဒေတွေ ထားပြီး အောက်ကျနောက်ကျ ရိုင်းစိုင်းတဲ့လူမျိုးစုကို အုပ်ချုပ်တဲ့အနေနဲ့ ချင်းတောင်တန်းဒေသကို အုပ်ချုပ်ခဲ့တယ်၊ ထူထောင်မှုဆိုတာ ဘာမှ မယ်မယ်ရရမလုပ်ခဲ့ဘူး၊ စစ်ဘက်ဆိုလဲ ဂျမဒါတို့ ဆာဂျင်တို့ဖြစ်ဖို့တောင် အနိုင်နိုင်ပဲ"

ကပ်ကျင်းမားသည် လေးနက်စွာ နားထောင်နေသည်။

"ကျွန်မလဲ ရှမ်းအမျိုးသမီးတစ်ယောက်ပါပဲရှင်၊ ပြည်ထောင်စုအစိုးရကတော့ ဥပဒေလွှတ်ခွဲထွက်ကြတာတွေ၊ ပြည်ထောင်စုပြိုကွဲမှာတွေကိုတော့ ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်ဘူးဆိုတာလဲ ရှင်တို့ သတိရရင် ကောင်းမယ်"

မမြနိုင်က ထပ်၍ အားယူကာ ပြောလိုက်သည်။ နဂိုကပင် စနစ်ကို တိုက်သည်မဟုတ်ဘဲ လူမှုန်းရုံနှင့် Policy မရှိ ဝင်ရောက်လုပ်နေသော ဒေါ်ငြိမ်းခင်လိုလူမျိုးနှင့် တွေ့ခဲ့ရ၍ စိတ်ပျက်နေသော မမြနိုင်အဖို့ ယခုအတော်စိတ်ညစ်နေသည်။ ကပ်ကျင်းမားနှင့် လီဒိုတို့မှာလည်း တကယ်စင်စစ် ပြည်ထောင်စု ဗဟိုအစိုးရက ချင်းတောင်တန်းဒေသအပေါ်တွင် ထားရှိသော သဘောထားကိုလည်း မကြိုက်သည်လည်း မဟုတ်၊ လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် ဦးစားပေး၍ ရသင့်သော အမတ်ဦးရေထက် ပိုမိုပေးထားသည်ကိုလည်း သူတို့ မသိသည်မဟုတ်။ သိလျက်နှင့် အင်္ဂလိပ်နှင့် အမေရိကန်တို့၏ ဘာသာရေးနှင့် ပင်း၍ သွင်းထားသောစိတ်ဓာတ်များမှာ ပြည်ထောင်စုစိတ်ကို မရှိနိုင်သလိုဖြစ်နေရုံမက ချင်းရေးရာကောင်စီတွင် သူတို့မပါဝင်ရခြင်းနှင့် လက်ရှိကောင်စီရှိ လူတို့ကို မကျေနပ်ခြင်းကြောင့် လျှောက်လုပ်နေကြခြင်းဖြစ်လေရာ အခြေအမြစ်မရှိလှပေ။

ရိုးသား၍ သစ္စာရှိစွာ တိုက်ခိုက်နေသော ချင်းစစ်သား စစ်ဗိုလ်များကိုလည်း သူတို့က ခုတုံးလုပ်ချင်ကြလေသည်။ သို့သော် စစ်သားများကား စိတ်ဓာတ်ကြံ့ခိုင်ပြီးသားဖြစ်၍ နိုင်ငံရေးတွင်လည်း မစွက်ဖက်လိုကြပေ။

mgyoe.com

mgyoe.com

မမြခိုင်မှာ စကားပြောရင်း အဖျားတက်လာတော့သည်။ ကပ်ကျင်းမားသည် ရေနွေးကို ကိုယ်တိုင် ငှဲ့တိုက်ပေးနေလေသည်။

"မနက်ကျရင် ကျွန်တော် ဆရာဝန်စောစောခေါ်လာမယ်နော်.. ဆရာမလဲ စိတ်အေးအေးနေပါ။ ကျုပ်တို့ လာမယ့်ရွေးကောက်ပွဲထိ စောင့်ပါဦး"

"အခြေခံဥပဒေအရ လုပ်မယ်ဆိုရင် ဘာပဲလုပ်လုပ် ကျေနပ်ပါတယ်၊ ကွဲတာတွေ ခွဲတာတွေ တော့ ထည့်လည့်ပြီး မပြောစေချင်ဘူးရှင်"

မမြခိုင်သည် မောဟိုက်စွာ ပြောနေလေသည်။

"မမြခိုင် စကားသိပ်မပြောပါနဲ့၊ မင်းသူငယ်ချင်းတွေဟာ လက်လွတ်စပယ်မလုပ်ပါဘူးကွယ်"

"သိပါတယ်၊ ဒါပေမင့် ရှင်တို့ ဒါတွေ စဉ်းစားနေမယ့်အစား ချင်းတောင်တန်းဒေသမှာ ပညာတတ်တွေ များလာဖို့၊ လမ်းပန်းအဆက်အသွယ်တွေ ကောင်းလာဖို့ကို အားသွန်ကြိုးပမ်းရင် ကောင်းမယ်၊ ပြည်ထောင်စုဗဟိုအစိုးရက တိုင်းပြည်ငြိမ်းချမ်းတာနဲ့အမျှ ရှင်တို့ကို အသေအချာ ကူညီမှာပဲ၊ အခုပြာပုံဘဝတိုးနေတာတောင် ချင်းတောင်က အခွန်အကောက် တစ်ကျပ်ရရင်လို့ ဗဟိုအစိုးရက သုံးစွဲတိုင်း ချင်းတောင်အတွက် အုပ်ချုပ်ရေး ကာကွယ်ရေးတွေမှာ ပြည်ထောင်စုက ၁၀၃ ကျပ် ပြန်သုံးနေတယ်ဆိုတာ ရှင်တို့ သိဖို့ကောင်းတယ်"

"ကျွန်တော်လဲ တဖောက်ကန်းမဟုတ်သေးပါဘူး ဆရာမရယ်"

ကပ်ကျင်းမားသည် သိပ်နွမ်း၍ ချွေးသီးချွေးပေါက် ပြန်နေသော မမြခိုင်အတွက် စိတ်တွင် အတော်ထိခိုက်သွားတော့သည်။

"ကဲ..အတော်ညဉ့်နက်သွားပြီ၊ ကျွန်တော်တို့ ပြန်ဦးမယ် ဆရာမ၊ မနက်ကျမှ ဆရာဝန်လဲ ခေါ်လာမယ်၊ ပိတောက်ပင်လဲ ယူလာမယ်နော်"

သူတို့နှစ်ယောက်သည် မမြခိုင်ကို နှုတ်ဆက်ကာ ပြန်လာခဲ့ကြသည်။

⁂

နံနက်သည် တောင်ခိုးများ ပိတ်ဖုံး၍ နေရောင်ခြည် မထွင်းဖောက်သေးပေ။ ဖို့တပ္ပိုက် တစ်ရွာလုံး ပြင်းထန်လှသော အအေးဒဏ်အောက်တွင် လှုပ်ရှားနေကြရသည်။

ဆရာဝန်နှင့် လီဒိုတို့နှစ်ယောက်သည် ဦးလျှန်းထုံးအိမ်သို့ ရောက်လာကြသည်။ သူတို့သည် ပိတောက်ပင်ကိုလည်း ယူ၍လာကြသည်။

"ညက အဖျားသိပ်ပြင်းလာတာပဲ၊ ခု မိုးလင်းခါနီးမှ အဖျားကျသွားတယ်၊ အိပ်နေတယ် ထင်တယ်၊ အရေးထဲ ကျုပ်မိန်းမကလဲ မရှိဘူး"

ဦးလျှန်းထုံးက လှမ်း၍ ပြောလိုက်သည်။ အပြင်တွင် နှင်းများ သိပ်သည်းစွာ ကျလာကြပြန်သည်။

"အလွန်အေးတာပဲဗျာ"

အပြင်ကို မျှော်၍ကြည့်ရင်း ကပ်ကျင်းမားက ပြောလိုက်ကာ မမြခိုင်အခန်းဆီသို့ ထသွားသည်။

mgyoe.com

mgyoe.com

စေ့ထားသော တံခါးကို တွန်းကာ ခေါင်းလျှို၍ ကြည့်လိုက်သည်။ မမြနိုင်တစ်မျက်နှာလုံးသည် သွေးမရှိသလို ဖျော့နေ၍ အိပ်နေပုံရသည်။ သူ့အခန်းတွင်းသို့ ဖြည်းညင်းစွာ ဝင်သွား၍ တစ်ဖန်ပြန်ထွက်လာသည်။

"မာသာ.. ဆုံးပြီ"

ဒါပဲ သူပြောလိုက်သည်။ လီဒိုသည် အခန်းထဲသို့ ကမန်းကတန်း စွတ်ဝင်သွားတော့သည်။

နွေနှောင်းရွက်လေးသည် ယခုတော့ မြေတွင် အဆုံးသတ်ရပေတော့မည်။ မကြာခင် ဆွေးမြည့်ရတော့မည်။

မမြနိုင်ဂူမှာ ကနေဒီတောင်စောင်းတွင် အထီးတည်းပင် ရှိနေသည်။ ဖလန်၊ ဗို့တပ္ပိုက်၊ လုံဘမ်း၊ တစ်ဒင်ရွာတို့မှ ပန်းခွေလေးများမှာ သူ့ဂူတွင် ပတ်လည်ဝိုင်းနေသည်။ ပေါက်စစ်မြေပြင်မှ ပေးပို့သော ဖြူဖွေးသော ပန်းနွယ်ခွေများမှာ ဂူထိပ်တွင် လွင့်နေသည်။

ကျော်မင်း၏ ပိတောက်ပင်ပျိုသည် ကောင်းမွန်စွာ ရှင်သန်နေသည်။ ရွက်နုများသည် ရွှန်းရွှန်းစို၍ ဂူပေါ်တွင် မည်းသောအရိပ်ကွက်လေးများ ကွက်ကျားထင်နေကြတော့သည်။

The Mother of Chin Hills (ချင်းတောင်၏မိခင်) ဟူသော စာတန်းမှာ ဂူတွင် ထင်းနေရစ်လေသည်။

⁂

ကျော်မင်းသည် ယခုချိန်ထိ မမြနိုင်ဆုံးကြောင်းကို သူ မသိ။ သူသည် ချစ်စွာသော နိုင်ထံသို့ စာဖွဲ့၍ကောင်းတုန်းပင် ရှိသေးသည်။

သို့သော်လည်း နောက်တစ်ပတ်တွင် လီဒိုးကိုယ်တိုင် သူ့ထံသို့ ရောက်လာလေသည်။ မမြနိုင်မရှိတော့သောသတင်းကို သူ့ထံသို့ လာပို့သည်။

သူသည် ဘယ်ကို သွားရမည်လဲ။ တစ်ခါက ချင်းတောင်တန်းများပေါ်တွင် တွေ့ခဲ့သော နိုင်သည် မရှိတော့ပါ။ နောက်တစ်ခါ ပြန်တွေ့ရဦးမည်ဟု ပြင်းစွာမျှော်လင့်ခဲ့သော နိုင်ကို ဘယ်တော့မျှ ပြန်လည်၍ တွေ့ရတော့မည်မဟုတ်။

သူ့ရင်ထဲတွင် ဟာ၍သွားသည်ထက် သူ့အချစ်သည် တစ်ခါမျှ မဖွင့်လှစ်ရသေးဘဲ စိတ်ကူးထဲတွင်ပင် နေသေးသည်ကို သတိရခါမှ ပို၍မချင့်မရဲဖြစ်ကာ နာကျင်လှသော ဝေဒနာကို သူ ခံစားလိုက်ရသည်။

"ကျုပ် ထင်ပါတယ်လေ၊ လုံဘမ်းမှာ တွေ့ကြကတည်းက ကျုပ်ကို သူက အရင်စွန့်ပြီး ထွက်သွားမှာပဲလို့"

ကျော်မင်းသည် စစ်သားဘဝကို မေ့လျော့ကာ တုန်ယင်စွာ ပြန်ပြောလိုက်လေသည်။

[ရှုမဝမဂ္ဂဇင်း၊ ၁၉၅၂၊ အောက်တိုဘာလ]

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကျွန်းဇာကရီ

ကျွန်တော့်ကံကြမ္မာဟာ အားလုံး ခြေလွတ်လက်လွတ်ချည်းပါပဲ။ တပ်မတော်က ပြန်လာချိန် ဆိုတာ လုံးထီးဘဝပဲ မှတ်လား။

ပြင်းထန်လွန်းတဲ့ ဘဝအမျိုးမျိုး ဘဝတွေဟာ ကျွန်တော့်ခေါင်းကို ရိုက်ခတ်လွန်းလို့ စိတ်ထဲ မှာဖြင့် ကျွန်တော့်ခေါင်းဟာ သွေးချင်းချင်းနီနေပြီလို့ ထင်ပါတယ်ဗျာ။

ဒါပေမင့် ဗိုလ်ချုပ်အမြဲရေရွတ်တတ်တဲ့ Unconquerable Soul ဆိုတာလို အနိုင်မခံ အရှုံး မပေး စိတ်ဓာတ်နဲ့ ကျွန်တော်ဟာ တိုးထွက်ခဲ့ပါတယ်။

ခုတော့ သွေးချင်းချင်းနီနေတဲ့ ဦးခေါင်းတွင်မက အသည်းနှလုံးတွေကိုပါ နောက်ထပ် ရိုက် ခတ်ကြပြန်ပါပြီဗျာ။

## (၁)

ပန်းပွင့်ရဲ့ ရနံ့တွေဟာ ပတ်ဝန်းကျင်လေထဲမှာ တသင်းသင်းပျံ့နေကြတယ်။

မြလေးရဲ့သတင်းတွေဟာလည်း ပတ်ဝန်းကျင်ပရိသတ် ပါးစပ်မှာ ပြောမဆုံးဖြစ်နေကြတယ်။

အမှန်တော့ မထူးဆန်းပါဘူးလေ၊ တကယ့်ကိုပဲ ကျွန်တော့်မိန်းမ ဖောက်ပြန်ပြောင်းလဲနေ တယ်ဆိုတာ ရန်ကုန်ပရိသတ်ကလည်း ကျွန်တော့်ဆီ သတင်းပို့ကြတယ်။ ကွတ်ခိုင်ပတ်ဝန်းကျင်မှာ လည်း ပြောမဆုံးဖြစ်နေတာကို ကျွန်တော်သိပါတယ်။

ကျွန်တော်ကတော့ ဒီသတင်းကြားရတဲ့အတွက် ဘာမှမတုန်လှုပ်တာကို ပြလေလေ ဘေး ပရိသတ်ရဲ့စိတ်မှာ မခံချည့်မခံသာ ဖြစ်လေလေ ထင်ပါရဲ့။

ကျွန်တော်လို စစ်သားတစ်ယောက်အတွက် ဒီလို ဝိုင်းဝန်းပြီး ဝမ်းသာကြ၊ ဝမ်းနည်းကြနဲ့ စိတ် လှုပ်ရှားမယ့်ပရိသတ် ရှိနေတယ်ဆိုတာကိုက ကျွန်တော့်အဖို့ စိတ်ကျေနပ်စရာပဲ။

mgyoe.com

mgyoe.com

အမှန်တော့ လူ့သတင်း လူချင်းဆောင်လာလို့ ကြားရတဲ့သတင်းဟာ မှန်သင့်သလောက်တော့ မှန်တတ်ပေမင့် ရပ်ဝေးကနေ ကျွန်တော် အရမ်းယုံနိုင်ပါ့မလားဗျာ။ သတင်းကြားနဲ့ ရှုးရှုးရှားရှား ဖြစ်တော့ကော လူ့ရယ်စရာကြီးပဲ။

အမှန်တော့ ဘယ်သူမဆို ချစ်ဇနီးရဲ့ ဖောက်ပြန်တာကို သိသိချင်း အသည်းနှလုံးတွေဟာ အရှိန်ပြင်းပြင်းထန်ထန်နဲ့ ပေါက်ကွဲတတ်ကြတာပဲ။

ကျွန်တော်လည်း ပုထုဇဉ်ပါပဲဗျာ၊ ဒါပေမင့် လက်ဆုပ်လက်ကိုင် မဟုတ်သေးဘဲနဲ့တော့ မယုံနိုင်သေးဘူး။ ခုထိတော့ ကွတ်နိုင်ပတ်ဝန်းကျင်မှာ ကျနေတဲ့ နှင်းပွင့် နှင်းဖတ်ထုထက်တောင် ကျွန်တော့်အသည်းနှလုံးတွေဟာ အေးချမ်းငြိမ်သက်နေပါတယ်။

အေးလိုက်တဲ့ပတ်ဝန်းကျင်ကလည်း လွန်ပါရော၊ ဆောင်းဆိုတော့ နှင်းမှုန်တွေ ပြည့်သိပ်နေတဲ့ လေအေးတွေဟာ အသားထဲများ ဖောက်ထွင်းသွားမလား အောက်မေ့ရတယ်။

ဒီလို အအေးဓာတ်က ပြင်းလေလေ ကျွန်တော့်မှာတော့ မြလေးကို ပိုပြီးသတိရလေလေပေါ့။ သူ့ရဲ့ ရွှေရင်စုံမှာ မလှုံရတာလည်း ကြာလှပြီ။ ပြူးလိုက်တိုင်း အိအိဖောင်းဖောင်းလေးဖြစ်နေတဲ့ ပါးစုံကြီးတွေကတော့ဖြင့် အခုတွေးမိတယ်ဆိုရင်ပဲ ရင်ထဲမှာ နွေးလာတော့တယ်။

ဒီနေရာကတော့ မနက်ပိုင်းများ ကြည့်လိုက်ရင် အဝေးက တောင်ခါးပန်းတွေဟာ နှင်းငွေ့တွေ ဖုံးပြီး ရေပြင်ကြီးလို့ ထင်ရတယ်။

သစ်ရွက်လေးတွေပေါ်မှာဆို နှင်းဖတ်တွေဟာ ငွေပြားခတ်ထားသလိုပဲ၊ ပန်းပွင့်လေးတွေလည်း သိပ်မပွင့်ကြတော့ဘူး။

ခေါင်းရင်းဘက်က ခရမ်းရောင်ပန်းလေးတွေဟာ နှင်းကြားထဲမှာ ကုပ်ကုပ်လေး ပွင့်နေကြတယ်၊ ငှက်သံလေးတွေကလည်း တိတ်လို့။

ဒီလိုပတ်ဝန်းကျင် ဖြစ်နေပုံကိုက မြလေးကိုပိုသတိရအောင် ဖန်တီးနေတော့တာပဲ။ ကျွန်တော်ဖြင့် တပ်စခန်းမှာ အနားတောင် မယူချင်တော့ဘူး။ အိပ်ရာပေါ် လှဲနေလည်း မျက်လုံးထဲမှာ မြလေးနဲ့ စတွေ့ခဲ့ရတာတွေ.. သူ့ကို လက်ထပ်လိုက်တဲ့အချိန်ပိုင်းလေးတွေ.. ပြီးတော့ ကျွန်တော့်မယားအဖြစ်နဲ့ ချိုချိုတဲ့တဲ့နေရတာလေးတွေဟာ တစ်သီကြီးပေါ်လာတာပါပဲ။

မနက်ဆိုလည်း ဒီအချိန်ဆို မြလေးတစ်ယောက် ပန်းတွေများ သီနေပြီလား၊ ဘုရားကို ပန်းကပ်ပြီးပြီ ထင်ပါရဲ့ ခြံထဲမှာလည်း ဆင်းပြီးလမ်းလျှောက်သေးရဲ့လား၊ ကျွန်တော့်ကိုပဲ အိပ်ရာထဲမှာ တွေးရင်းနဲ့ သတိများရနေမလားနဲ့ တွေးရတာတွေ တွေးရတာတွေ အင်း...မကုန်တော့ပါဘူးဗျာ။

ခုလို မနက်စောစောများ သူဖျော်တတ်တဲ့ ကော်ဖီကျကျ ပူပူနွေးနွေးလေးများ သောက်ရရင် ကွတ်နိုင်အအေးကို မကြောက်ပါဘူးဗျာ၊ သူက ကော်ဖီဖျော်ရင် ခါးခါးနဲ့ ကော်ဖီကျကျကို လေးလေးချိုချို ဖျော်တတ်တယ်၊ သူ့ကော်ဖီများ သောက်ပြီးရင် လျှာထဲမှာကို စွဲနေတာပဲ။

ဒါတွေ တွေးမိလို့ အနားမယူချင်တာ၊ ကိုယ့်တပ်ခွဲနဲ့ကိုယ် သွားလာလုပ်ကိုင်နေရရင် ဒါတွေဘာတွေ သတိမရအားဘူး၊ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာပဲ။

mgyoe.com

mgyoe.com

မင်းတို့တပ်ခွဲ နားရမယ်ဆိုလို့ ခဏ တပ်စခန်းကို ပြန်ရောက်ရင်ပဲ ဘယ်က ဘယ့်နယ် ဒီစိတ်တွေဟာ ပေါ်လာလည်း မသိပါဘူး၊ အသေးစိတ်ကို မျက်စိထဲ ပေါ်လာတယ်၊ ဒါကြောင့် ကျွန်တော် ဘယ်တော့မှ မနားချင်ဘူး၊ စိတ်ကို အနားမပေးချင်ဘူး၊ သမီးရည်းစား လွမ်းတာမျိုးလိုလို၊ လင်မယားဘဝပဲ မရောက်သေးသလိုလိုနဲ့ တွေးလိုက်တဲ့ အတွေးတွေဟာလည်း မကုန်နိုင်ပါဘူး၊

ခုလို အိမ်ကအကြောင်းတွေ အတိတ်ကို ပြန်တွေးရတော့ အရသာရှိသားပဲ၊ ကျွန်တော့်ပါးစပ်တွေဟာ ပြုံးတောင်နေတယ်လို့ ထင်မိတယ်ဗျ၊

ချစ်မေတ္တာဆိုတာဟာ ဒီလိုပဲ ထင်ပါရဲ့ အစပျိုးခဲ့စဉ်အခါတုန်းက အဖြစ်အပျက်တွေကို ပြန်တွေးရတဲ့ ကြည်နူးမှုအရသာဟာ ဘယ်အရသာနဲ့မှကို မတူပါဘူးဗျာ၊

ပတ်ဝန်းကျင်ထင်သလို မယားရဲ့ ဖောက်ပြန်မှုသတင်းကို ကြားရလို့ ကျွန်တော် အရူးတစ်ပိုင်း ဖြစ်နေရင် ကျွန်တော့်တာဝန်တွေဟာ လစ်ဟင်းကုန်မှာပေါ့၊

ဘုရားသခင်က ဟောကြားတော်မူခဲ့တယ်မှတ်လားဗျာ၊ ပစ္စုပ္ပန်ကိုသာ မှန်မှန်ရှုရမယ်လို့၊ ကျွန်တော်လဲ ပစ္စုပ္ပန်ကိုသာပဲ ကြည့်ပြီး လုပ်ရမှာပေါ့၊

ကျွန်တော်ပြန်ရမယ့်ရက်ပိုင်းကလည်း နီးလာပါပြီလေ၊ မကြာခင်ပဲ ကျွန်တော့်မြလေးနဲ့ တွေ့ရတော့မယ်၊ တွေ့ရရင်ပဲ နှစ်ယောက်ကြားမှာ ရှုပ်နေတဲ့လမ်းဟာလည်း ရှင်းသွားရမှာပေါ့ဗျာ၊

ကျွန်တော် လှဲနေရာက ထလိုက်ပြီး အပြင်ကို ထွက်လာမိတယ်၊

တပ်စခန်းတစ်ခုလုံးလည်း နှင်းမှုန်အောက်မှာ ငြိမ်သက်နေတာပဲ၊ ဒီနေ့ အနားယူတဲ့နေ့ကလည်း ဖြစ်ပြန်၊ အအေးဓာတ်ကလည်း ပြင်းထန်လွန်းနေတော့ ပိုပြီးငြိမ်သက်နေသလိုပဲ၊

လေအေးထဲမှာ သဇင်နံ့က သင်းသင်းပြီး လွင့်လာတော့ ကွတ်ခိုင်ဟာ ချစ်စရာလိုဖြစ်လာပြန်တာပဲ၊

စခန်းနောက်ဘက်က သစ်တောပေါ်မှာ နေခြည်လက်ကျန်လေးတွေ ရှိနေသေးတယ်၊ သစ်ရွက်တွေပေါ်မှာ နှင်းစက်တွေဟာ ကျန်ရစ်နေသေးတဲ့ နေရောင်ခြည်အရှိန်နဲ့ ဝင်းဝင်းလက်လက် တောက်ပနေသေးတယ်၊ နေများဝင်သွားရင် အအေးကတော့ ပိုပြီးပြင်းထန်လာတော့မှာပဲ၊

အနောက်ဘက်က တောင်စွယ်ပေါ်မှာ နေလုံးရဲရဲကို တစ်ခြမ်းလောက်ပဲ မြင်ရတော့တယ်၊

တပ်ဝင်းကို ပတ်လျှောက်ပြီး ကျွန်တော့်တဲရှိရာကို ပြန်ခဲ့တယ်၊ တဲကို ရောက်ရင်ပဲ နေရောင်ဟာ မရှိတော့ဘူး၊

ပတ်ဝန်းကျင်တစ်ခုလုံး မှိုင်းမှိုင်းကြီးဖြစ်နေတာပေါ့၊

ကျွန်တော့်ရဲဘော်တော့ မီးဖိုကို မီးထည့်နေပြီ၊ သူတို့မျက်နှာတွေ မြင်ရရင် ကျွန်တော့်အသည်းထဲမှာ နွေးနွေးထွေးထွေးရှိနေတာပါပဲ၊ ဒါလောက် အအေးဒဏ်ကြားထဲက ရဲဘော်တွေဟာ အပြုံးမပျက်ရှာဘူး၊

ကျွန်တော့်ရဲ့ ရဲဘော်ကြီးသာအောင်ကတော့ သီချင်းကိုတောင် ဟစ်နေသေးတယ်၊

"... မီးပုံနံဘေးမှာ အိပ်မောကျကာနေ ... တစ်ဖက်ရန် လက်သံများက.. စိန်ပြောင်း အမြောက်

mgyoe.com

mgyoe.com

သံ သဲ့သဲ့ကြားရင်... ထိပ်ထားမျက်နှာ ထွက်ပေါ်လာပေ... တီတီတာတာ .. နွဲ့နွဲ့လေးနဲ့ ချစ်ရေးဆိုပုံ တွေ..."

သူ့အသံဝါကြီးဟာ ပတ်ဝန်းကျင်ကိုတောင် လွှမ်းရှိန်ဟပ်သွားတယ်လို့ ထင်ရတယ်။

အရှေ့ဘက် တောင်တန်းမှာ လရောင်ခြည်ဟာ သန်းလာပြန်ပြီ။ ဒါပေမင့် ပုလဲလုံး ပုလဲပေါက် လို နှင်းစက်တွေကြောင့် လရောင်ဟာ မှိုင်းနေတယ်။ ဒီလိုသဘာဝတွေဟာ စစ်တလင်းရဲ့ ရွှင်း တွေပါပဲဗျာ။

ကျွန်တော် မီးပုံနားမှာထိုင်ရင်း သာအောင်ကို ကြည့်နေရာက မြလေးနဲ့ စ တွေ့ပုံကို သတိ သွားရတယ်။

သာအောင်လို ရဲဘော်တစ်ယောက်နဲ့ ပတ်သက်ပြီး မြလေးနဲ့ စတွေ့ခဲ့ကြရတာကိုး။

ကျွန်တော့်ရဲ့ အတိတ်ကဖြင့် ညွတ်နူးစရာကောင်းပါပေတယ်ဗျာ။

## (၂)

အဲဒီတုန်းက ဗမာပြည်မကြီး ချောက်ထဲသို့ကျရန် လက်နှစ်လုံးမျှလောက်သာ လိုပါတော့သည် ဆိုတဲ့အချိန်ပေါ့။

ပြည်ထောင်စု အစိုးရကိုလည်း ရန်ကုန်အစိုးရလို့ သမုတ်ခံနေရတဲ့ အချိန်ပိုင်းပဲ။

အဲဒီတုန်းက ကျွန်တော်က တပ်ရင်း (၅) မှာ အင်းစိန်တိုက်ပွဲကို ဝင်ဆင်နွှဲနေရတယ်။

ဒီနေ့က ဦးစက္ကိန်းကုန်းမှာ ရှိနေတဲ့ ချင်းတပ်တွေဆီ ကိစ္စတစ်ခုနဲ့ ရောက်သွားတဲ့နေ့ပေါ့။

နေရောင်ခြည်တွေဟာ ဦးစက္ကိန်ကုန်းပတ်ဝန်းကျင်မှာ ပြန့်ကျဲနေတာပဲ။ ကရင်တွေရှိတဲ့ ကျမ်းစာသင်ကျောင်းဘက်ကဆိုရင် မြက်ရိုင်းအရှည်ကြီးတွေဟာ လတာပြင်ထဲမှာ ပြည့်နေတယ်။ လေက တိုက်လိုက်တိုင်း မြက်ပင်ရှည်ကြီးတွေဟာ အိအိသွားတာပဲ။ မြက်ကွင်းပြင်ရဲ့ ဟိုမှာဘက်မှာ ကရင်တွေရဲ့ လှုပ်ရှားမှုကို မှန်ဘီလူးနဲ့ ကြည့်ရင် မြင်နေရတယ်။

နေ့လယ်စာ စားချိန်ရောက်တော့ ကျွန်တော်တို့ နောက်ပိုင်းမှာ အမျိုးသမီးတွေ ရောက်လာ တယ်။ သူတို့က စားစရာသောက်စရာတွေ ယူလာပြီး စစ်သားတွေကို လာကျွေးကြတာပဲ။ ကျွန်တော် ခပ်လှမ်းလှမ်းကနေပြီး လှုပ်ရှားနေတဲ့ အမျိုးသမီးတစ်စုနဲ့ ပျော်ပျော်ပါးပါး စားသောက်နေတဲ့ ရဲဘော် တွေကို ငေးနေမိတယ်။

စစ်သားဆိုတာ ဒီလိုနဲ့ပဲ ကျေနပ်ရတာပေါ့ဗျာ။ ကျွန်တော်ဝေပုံကျရတဲ့ နို့အေးတစ်ခွက်နဲ့ ဘီစကစ်မုန့်ကို လက်ထဲကိုင်ပြီးစားရင်း ပီတိဖြစ်နေတယ်။

ဒါပေမင့် ကျွန်တော်ထိုင်နေတဲ့ ကမူဘေးက မိန်းမသံကြားရတော့ ကျွန်တော် မင်သက်မိသလို ဖြစ်နေတယ်။

ရဲဘော်တစ်ယောက်နဲ့ စကားပြောနေတဲ့အသံပဲ။ သူ့အသံဟာ ကြည်ကြည်လင်လင်နဲ့ ပြတ် ပြတ်သားသား ထွက်လာတယ်။

mgyoe.com

mgyoe.com

"ကြည်မောင်ရယ် မင်းက တပ်ထဲ ရောက်တာတောင် တစ်ယူသန်နေတုန်းပဲ"

မိန်းကလေးရဲ့ စကားသံဟာ ထပ်ပြီးထွက်လာတယ်။

"ငါက တစ်ယူသန်မဟုတ်ပါဘူး မြလေးရယ်၊ အကောင်းပြောတာပါ၊ ဒီကောင်တွေ ဒီလို ဖြစ်လိမ့်မယ်ဆိုတာ အစိုးရက အစောကြီး သိထားလျက်နဲ့ ကြို့ကြို့တင်တင်က ဒီ 'ကေအင်ဒီအို' တွေကို နှိမ်လိုက်ရင် ခုလောက်လဲ မီးပွားမှာမဟုတ်ဘူး၊ ကြိုတင်ကာကွယ်ပြီး ဖြစ်မှာပေါ့၊ ခုတော့ အသက်ရှူကျပ်စရာကြီး၊ တော်တော်တော့ တိုက်ရဦးမှာပဲ၊ မြို့တွေက သူတို့လက်ထဲ တော်တော်ကျနေတာ တို့အဖို့ အရှုံးဖြစ်နေတာပေါ့"

ရဲဘော်အသံဟာလည်း ခပ်ကျယ်ကျယ်ပဲ လွင့်လာတယ်။

"မင်းက ရှုံးတယ်လို့ ထင်သလား၊ စစ်ရေးအရ လောလောဆယ် ရှုံးတယ်ထင်ရပေမင့် ဝါဒရေးအရ တို့က အနိုင်ရနေတယ် သိလား"

"ဘာပြောတယ် မြလေး... နိုင်နေတယ်"

"အမှန်ပဲ နိုင်နေတယ်၊ တိုက်ပွဲတစ်ခုမှာ နယ်မြေတွေ တစ်ခုပြီးတစ်ခု ရတိုင်း နိုင်တယ်၊ နယ်မြေတွေကို စွန့်ရတိုင်းလဲ ရှုံးတယ်လို့ မဆိုနိုင်ဘူး၊ တို့ဟာ နိုင်နေတယ် သိလား၊ ခု အရေးတော်ပုံနဲ့ ပတ်သက်ပြီး ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ ထင်မြင်ချက်တွေက တို့ဟာ ပြည်ထောင်စုမှာ လူနည်းစု ကရင်တွေကို နိုင်လိုမင်းထက်လုပ်လို့သာ ကရင်သောင်းကျန်းမှုဖြစ်ရတယ်လို့ ယူဆနေတယ်၊ ကရင်တွေကိုယ်တိုင်ကလဲ ဒီလိုပဲ ဝါဒဖြန့်နေတယ်။

"... အဲဒီတော့ စောစောစီးစီးက ဒီကောင်တွေအကြောင်း အစိုးရသိလို့ ချရင် ပတ်ဝန်းကျင်က အစိုးရကိုသာ အပြစ်တင်မှာ၊ ဒီကောင်တွေ ဆိုးတာကို ပတ်ဝန်းကျင်က မသိသေးဘူး၊ ငါတို့ပြည်ထဲမှာကိုပဲ ကရင်ကို စောစောစီးစီးနှိမ်ရင် ကျန်တဲ့ ချင်းတွေ၊ ကချင်၊ ရှမ်းတွေက ဘယ်လိုထင်မလဲ၊ ပြည်မအစိုးရဟာ ဒီကရင်လူနည်းစုကို ဒါလောက် ရက်ရက်စက်စက်နှိမ်ရင် တစ်နေ့နေ့ တို့အလှည့် ရောက်လာရင် ဒုက္ခပဲလို့ တွေးမှာအမှန်ပဲ၊ ခုတော့ အစိုးရက သူတို့အမှားကို အချိန်ယူပြီး ပြလိုက်တယ်၊ သူတို့အပေါ်မှာ ဘယ်လောက်လိုက်လျောပါတယ်ဆိုတာ ကမ္ဘာကိုရော ပြည်ထောင်စုတစ်ခုလုံးကိုရော ပြလိုက်တယ်၊ သူတို့ကို လက်နက်တွေ ထုတ်ပေးခဲ့တယ်၊ ကရင်အမျိုးသားတွေကို ကာကွယ်ဖို့ တစ်ခုတည်းသော ရည်ရွယ်ချက်နဲ့ တည်ထောင်ထားပါတယ်ဆိုတဲ့ ကေအင်ဒီအိုတပ်ဖွဲ့တွေအတွက်ကိုတောင် အစိုးရက လစာတွေ ထုတ်ပေးခဲ့တယ်။

"... အဲဒါလောက် လိုက်လျောရက်သားနဲ့ သူတို့ သစ္စာဖောက် ဆိုးသွမ်းပြီး ငွေတိုက်တွေဖောက်၊ မြို့တွေကို သိမ်းလာတော့ ဟော.. ပတ်ဝန်းကျင်နဲ့ တောင်တန်းသားတွေကိုက ထပြီး အော်လာရတယ်၊ 'ဒီကောင်တွေ ဒါလောက်ဆိုးရွားပြီး လူဝါးဝလာတာကို ပြည်ထောင်စုသားတွေအနေနဲ့ သူတို့ ငုံခံမနေနိုင်ဘူး' ဆိုပြီး တောင်တန်းသားတွေဟာ ပြည်ထောင်စုအစိုးရနဲ့ ပူးပေါင်းပြီး သူတို့ကို နှိမ်နင်းလာကြတယ်။

"... စောစောကသာ ချမိရင် ဒီလိုအတွေးအခေါ်နဲ့ ဒီလို တောင်တန်းသားတွေရဲ့ ကူညီမှုကို တို့

mgyoe.com

mgyoe.com

ရမှာမဟုတ်ဘူး ကြည်မောင်၊ နိုင်ငံခြားကလဲ မြေထိုးကောင်းကောင်းနဲ့ တောင်တန်းသားတွေကို အထင်လွဲအောင်လုပ်မှာ သိရဲ့လား၊ ဒါကြောင့် ခု တို့ဟာ အချိန်ဆွဲပြီး နောက်ကျမှ တိုက်ပေမယ့် တို့ဟာ အနိုင်ရနေတယ်၊ ခုချိန်ထိ မြေကွက်ဟာ မှန်နေသေးတယ်"

မိန်းကလေးရဲ့ စကားသံ အဆုံးသတ်သွားရင်ပဲ ကျွန်တော်ဟာ အငြိမ်မနေနိုင်ဘူး။ ဒါလောက် စေ့စေ့စပ်စပ် သေသေချာချာပြောတတ်တဲ့ မိန်းကလေးကို ကြည့်ချင်လာတယ်၊ မတ်တတ်ရပ်ပြီး ကမူဆင်ခြေလျှောကို ကျွန်တော်ဆင်းလိုက်တော့ လက်ခုပ်ပင်ကြီးအောက်မှာ စကားစ မပြတ်သေးတဲ့ မိန်းကလေးနဲ့ ရဲဘော်ကို တွေ့ရတယ်။

သူတို့နှစ်ယောက်လည်း စကားပြောရာမှ မတ်တတ်ရပ်ပြီး မိန်းကလေးအဖော်တွေ ရှိရာကို လျှောက်သွားတာ ကျွန်တော်တွေ့ရတယ်။ မိန်းကလေးက အသားညိုညို၊ ထောင်ထောင်မောင်းမောင်းနဲ့ ခပ်သွက်သွက်လျှောက်သွားနေတယ်။

ကျွန်တော့်စိတ်ထဲ ဘယ်နှယ်ဖြစ်မှန်းမသိဘူး၊ လာပြီး ကျွေးမွေးကြတဲ့ မိန်းကလေးတွေဟာ တော်တော် လှလှပပချောချောလေးတွေပဲ၊ ဒါပေမင့် သူက ဘာထူးခြားနေလဲ မသိဘူး၊ အားလုံးထဲမှာ သတ်သတ်ကြီး ထင်းနေတယ်။ ဝိုင်းပြီး တောက်ပနေတဲ့ သူ့မျက်လုံးကြီးတွေက ရဲဘော်ကို နှုတ်ဆက်လိုက်တဲ့အချိန်မှာ ကျွန်တော့်အသည်းတွေတောင် နွေးခနဲဖြစ်သွားတယ်။ ညို့မျက်လုံးလည်း မဟုတ်ဘူး၊ ကလက်တာလည်း မဟုတ်ဘူး။ ဒါပေမင့် သူ့ မျက်လုံးမှာ ထိုးထွင်းဉာဏ်နဲ့ သွက်လက်မှုတွေ ပြည့်နေသလိုလို ဘာလိုလိုပဲလေ။

ချိုင့်တွေ ကျင်းတွေနဲ့ မညီညာတဲ့ လမ်းပေါ်မှာ သူတို့ မိန်းကလေးတစ်စုရဲ့ မော်တော်ကားကြီး တဂျိုင်းဂျိုင်းနဲ့ ရွေ့လျားပျောက်ကွယ်သွားတဲ့အထိ ကျွန်တော်တော့ ငေးနေမိတယ်။

သူတို့ မိန်းကလေးတစ်စုဟာ ပျော်ပျော်ရွှင်ရွှင်ပဲ ပြန်သွားကြတယ်။ ကျွန်တော်တို့လူစု ရင်ထဲမှာတော့ ဟာကျန်ရစ်တာပေ့ါလေ။

ကြည်မောင် ကမူဘက် လျှောက်လာတော့ ကျွန်တော်လှမ်းခေါ်လိုက်တယ်။

"သူက မင့်အသိလားကွ"

"ကျွန်တော်နဲ့ အင်းစိန်မှာ ကျောင်းနေဖက်ပေ့ါ၊ အရင်က သူ့ အင်းစိန်အစိုးရကျောင်းမှာ ဆရာမ လုပ်နေတယ်၊ ခုတော့ အင်းစိန် လှုပ်လှုပ်ရှားရှားဖြစ်ကတည်းက ရန်ကုန်ထဲ ပြောင်းနေကြတယ်၊ ဗိုလ်ကြီးက သိချင်လို့လား"

ကျွန်တော့်စိတ်ထဲမှာ မိန်းကလေးအပေါ် စိတ်ဝင်စားမှုအတွက် ရှက်သွားမိတယ်။ ပြီး တော့မှ ဣန္ဒြေကို ဆယ်ပြီး..

"စကားပြောကောင်းလို့ မေးကြည့်တာပါကွာ" လို့ပဲ ဖြေလိုက်ရတယ်။

"ကျွန်တော်တို့ ခဝဲခြံကနေ ကြည့်ရင်တောင် သူတို့အိမ်ကို ပျပျမြင်ရတယ်၊ အင်းစိန်နဲ့ ရန်ကုန် လမ်းပေါ်မှာပဲ၊ အင်းစိန်ဘက်ကို သူတို့အိမ်က ပိုနီးတယ် ဗိုလ်ကြီး"

mgyoe.com

mgyoe.com

ကြည်မောင်လည်း ကျွန်တော် မတုန်မလှုပ်နေတော့ အသာပဲ လှည့်ထွက်သွားတယ်။

ကျွန်တော့်အဖို့မှာ ရုပ်ရည်မချောတာထက် ဘဝဟာ မိဘမရှိ၊ အိုးအိမ်မရှိဘဲ အထီးကျန်ဘဝနဲ့ နေရလွန်းလို့ မိန်းမတွေ ဘာတွေ ယူချင်စိတ်တောင် ကုန်သလိုဖြစ်နေတယ်။ မိန်းကလေးအကြောင်းများ ကျွန်တော် စပ်စုခဲ့ပါတယ်ဗျာ။ အဲဒီတုန်းက ကျွန်တော် အများဆုံး စပ်စုလိုက်တာပါပဲ။

တပ်ကိုပြန်ရောက်တော့ အမျိုးသမီးတွေ လာရင် ကျွန်တော့်ရဲ့မြလေးများ ပါမလားလို့ ကြည့်ရသေးတယ်။ သူ့ကိုတော့ နောက်ထပ်မတွေ့ရတော့ဘူး။

ဒီလိုနဲ့ပဲ နောက်ဆုံးတော့ ၂၂-၅-၄၉ နေ့မှာ အင်းစိန်တိုက်ပွဲကို ကျွန်တော်တို့ အနိုင်ရလိုက်တယ်။ အင်းစိန်တိုက်ပွဲ ပြီးတယ်ဆို ကျွန်တော်တို့ ရန်ကုန်မှာ ခဏအနားရသေးတယ်။ ရန်ကုန်မှာ နားနေရင်း ကျွန်တော် မကျန်းမမာဖြစ်လာတယ်။

နွေဥတုတော့ ကုန်ခဲ့ပြီ၊ မိုးဖွဲလေးတွေဟာ ကျစပြုလာကြတယ်၊ ကျွန်တော်တို့ တိုက်ခဲ့တဲ့ အင်းစိန်တစ်ပိုက်မှာ ခုလောက်ဆို စပါးတွေ စပြီး စိုက်ကြပြီလားမသိဘူး။

ဥယျာဉ်ထဲက အခင်းတွေထဲမှာတော့ ချဉ်ပေါင်နဲ့ မိုးဦး သစ်သီးဝလံတွေ စိုက်ကြတော့မှာပဲ။

တစ်နေ့တော့ တပ်ရင်းမှူးက ကျွန်တော်တို့ ခေါ်ပြောတယ်။ တပ်ရင်း(၅) မော်လမြိုင်ကို ပြောင်းရတော့မယ်တဲ့၊ ကျွန်တော့်ကို ကျန်းမာရေးအတွက် ခွင့်ပေးပါ့မယ်တဲ့၊ ရန်ကုန်မှာ အနားယူရင်း နေရစ်နိုင်တယ်တဲ့။

ကျွန်တော့်မှာ ဝမ်းသာတာနဲ့အမျှ တော်တော်လည်း ဝမ်းနည်းသွားတယ်။

ကျွန်တော် ဘယ်မှာ အနားယူရမလဲ၊ အနားယူစရာ အိမ်မရှိဘူး။ စစ်တပ်ထဲ မရောက်ခင် ကျွန်တော် ကောလိပ်မှာနေတုန်းကလည်း ကျောင်းခန်းမှာ နေခဲ့တာ။ ခုမှ အနားယူစရာအိမ်ဆိုတာဟာ ဘယ်လောက်လိုသလဲဆိုတာ ကျွန်တော် နားလည်လာတယ်။

အိပ်ရာပေါ် ပက်လက်လှန်ရင်း ငယ်ငယ်ကနေ မကောင်းရင် မေမေ့ပေါင်ပေါ် ခေါင်းတင် မှိန်းခဲ့တာတွေ၊ မန်ကျည်းသီးစားချင်လို့ ပူဆာ၊ ရေချိုးလို့ ငိုရတာတွေ သတိရလာလိုက်တာ တစ်သီကြီးပဲ။ အညာမှာ နေတုန်းက မေမေနဲ့ ဖေဖေဟာ ကျွန်တော့်ကျန်းမာရေးအတွက် ဂရုစိုက်ခဲ့ ယုယခဲ့ပုံတွေ။ အိုလေ.. ကျွန်တော့်ရဲ့ကမ္ဘာဖြစ်ခဲ့တဲ့ မေမေရဲ့ရင်ခွင်ကို လွမ်းလိုက်တာဗျာ လွန်ပါရော။

ဖေဖေနဲ့ မေမေဟာ တမလွန်ဘဝကနေပြီး ပျံကျဖြစ်နေတဲ့ သူတို့သားဘဝကို သိများ သိရင် ရင်ကျိုးရှာကြမှာပါပဲဗျာ။

ကျွန်တော်က ငှက်ထက်တောင် ဆိုးလိုက်သေးတယ်၊ လောကကြီးကပဲ အဆင်မပြေနိုင်မလား၊ ကျွန်တော်ကပဲ ပေနိုင်မလားဆိုတာ အစွမ်းပြိုင်ခဲ့တဲ့အကောင်ပေါ့။

ဟား ဟား.. ပရိသတ်ကတော့ ကျုပ်ကို ရူးတယ်များ ထင်မလားမသိဘူး၊ ကောလိပ်မှာ ဆက်ပြီး တေပေနေဦးမလို့ဘဲ။

ဒါပေမင့် ပြည်ထောင်စုမှာ အပူလုံးဆို့နေတဲ့ ပြည်သူလူထုကနေပြီး ရှော့ လက်နက်၊ ရှော့

mgyoe.com

mgyoe.com

စစ်ဝတ်ဆိုပြီး စစ်ဘောင်မှာ ပဗ္ဗဇ္ဇိတအဖြစ် ရေစက်သွန်းချပြီး ဆိုင်းမပါ ဝိုင်းမပါ သွတ်သွင်းလိုက်ပါတယ်။

အဲဒီအချိန်က စပြီး လူထုက မွေးထုတ်လိုက်တဲ့ စစ်သားဘဝ ရောက်နေတာပေါ့။

ဒါပေမင့် ဟိုတုန်းက ပေတေခဲ့တာတွေဟာ ခုတော့ ခံနေရပြီ၊ ဝမ်းနည်းနေရပြီ မဟုတ်ပါလား ဗျာ။

ကျွန်တော် နိုဝင်နားနေဖို့ ဘယ်မှာလဲ အိမ်၊

ကျွန်တော့်ကို စေတနာသန့်စင်စွာနဲ့ မေမေ့လို လက်ခံယုယ ပိုက်ထွေးမယ့် ရင်ခွင်၊

အို.. အားလုံးပဲ လိုလာပါပြီဗျာ။

မေမေကတော့ တစ်သက်တာမှာ ကျွန်တော် ဘယ်လိုပဲ ပေတေနေနေ တတ်နိုင်လို့ အဆုံးအစမရှိတဲ့ လေလလဟာပြင်မှာ ကမ္ဘာစွန်းကို ရောက်အောင် မိုးစွေငှက်လို ပျံသွားဦးမလား။

မေမေကတော့ဖြင့် ပန်းမွှေ့ရာလို ညက်ညောတဲ့ သူ့ရင်ခွင်ကို အဆင်သင့်ပြင်ပြီး သားပြန်ချိန်ကို စောင့်နေဦးမှာပဲ။

တစ်သက်မှာတော့ ဘာတွေပဲ လုပ်နေနေ အစဉ်ခွင့်လွှတ်နေကြမယ့် ဖေဖေနဲ့ မေမေကတော့ မရှိရှာကြတော့ဘူး။

ဟိုတုန်းကတော့ ကျွန်တော်ဆိုတဲ့အကောင်က သူတို့အချစ်တွေကို လေးစားရမှန်း မသိခဲ့ဘူး၊ ရာဘင်ဒြာနသ်တဂိုး ရေးတဲ့ 'Today I gain you truly' ဆိုတဲ့ ကဗျာလိုပဲ၊ လွန်ပြီးခဲ့မှ ဂုဏ်ကျေးဇူးတွေကို သိရတဲ့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ မိုက်မဲမှုကို သူတို့ချ သွားတဲ့ ခြေရာက ဖုန်မှုန့်ကို နမ်းပြီးတော့ တောင်းပန်ဝန်ချရမှာပဲ။

အဲ.. သောက်နေကျ ဆေးခွက်ကိုတောင် ပျင်းပျင်းရိရိ သောက်နေမိတယ်။

စိတ်များဟာ တွေးချင်ရာ တွေးနေလိုက်တာ ကြည်မောင်ဝင်လာတာတောင် မမြင်မိဘူး။

"ဗိုလ်ကြီး ခွင့်ရမယ်ကြားတယ်၊ ဘယ်မှာ နေရစ်ခဲ့မလဲ"

ကြည်မောင့်မေးခွန်းကို ပထမတော့ ကျွန်တော် ဒေါသထွက်လိုက်မိတယ်။ နောက်မှ သူ့စေတနာကို ကျွန်တော် လေးစားမိတယ်။

"ဘယ်မှာ နားရမယ်လို့ မသိပါဘူး ကြည်မောင်ရယ်"

သူ့ပခုံးကို ကျွန်တော် လှမ်းဖက်ရင်း ပြတင်းဘက်ကို ကြည့်နေမိတယ်။

တံစက်မြိတ်က ငွေရောင်ရေစက်လေးတွေဟာ တစ်စက်တစ်စက် ကျနေကြတယ်၊ အပြင်မှာ မိုးဖွဲဖွဲရွာနေတယ်ထင်ပါရဲ့ဗျာ။

ကြည်မောင်က ခုတင်ခြေရင်းမှာ ဝင်ထိုင်ရင်း ကျွန်တော့်ကို ကြည့်နေတယ်။

"ဗိုလ်ကြီး... ထုထုဝတ်ပြီး ကျွန်တော်နဲ့ လိုက်ခဲ့ပါလား၊ မြလေးတို့အိမ် သွားလည်ရအောင်"

"ဟင်..."

mgyoe.com

mgyoe.com

ကျွန်တော့်ရင်ထဲမှာ တကယ်ပဲ လှုပ်ရှားသွားတယ်။ မြလေး.. တကယ့်ကို စိမ်းစိုပြီး အရှည် တဖိတ်ဖိတ်တောက်နေတဲ့ မြရတနာဟာ ကျွန်တော့်အသည်းထဲမှာ ဝင်သွားသလိုပဲ။

"သူတို့က ငါ့ကို သိပါ့မလား"

"ကျွန်တော်ကဖြင့် မိုလ်ကြီးအကြောင်း ရွှန်းရွှန်းဝေနေတာပဲ ပြောတာ၊ သူတို့အိမ်သားတွေ အားလုံး မိုလ်ကြီးအကြောင်း တစ်ဝက်တော့ သိနေကြပြီ၊ ခု သူတို့လဲ အင်းစိန်အိမ်ကို ပြန်ပြောင်း ကြပြီ"

"အေးကွာ.. စိတ်ပြေလက်ပျောက်တော့ လိုက်ခဲ့ဦးမယ်၊ ကိုယ်က ရောဂါရယ်လို့တော့ မရှိဘူး၊ ဒါပေမင့် အနားများများယူရမတဲ့"

ကျွန်တော်ဝတ်ဖို့ ဆွယ်တာနဲ့ ဘလေဇာကို ကြည်မောင်က ထုတ်လာတယ်၊

ကျွန်တော်တို့နှစ်ယောက် အင်းစိန်ဘက်ကို ကားနဲ့ ထွက်လာခဲ့တယ်၊

⁂

ကျွန်တော်တို့ အိမ်ဝင်းဝ ရောက်ရင်ပဲ မြလေးဟာ ထွက်လာတယ်၊

မျက်နှာထားကတော့ ပြုံးပြုံးကြီးပဲ၊ ဝင်းတံခါးကို ဖွင့်ရင်း သူ့ပင်ကို ပွင့်ပွင့်လင်းလင်းအသံနဲ့ပဲ..

"ကြည်မောင်ရေ.. စံပယ်ပန်းတွေ ပွင့်လိုက်တာဟယ် ဖွေးနေတာပဲ" တဲ့၊

ပြီးတော့ ကျွန်တော်တို့ရှေ့က သူက လျှောက်သွားရင်း ကျွန်တော့်ဘက် လှည့်ပြီး ပြုံးပြတယ်၊

ဟုတ်ပါတယ်ဗျာ၊ စံပယ်ပွင့်တွေဟာ မြေနီလမ်းဘေးမှာ ဖွေးနေတာပဲ၊ ပွင့်လိုက်တာ တစ်ခြံလုံး ဟာဖြင့် စံပယ်နံ့ဟာ သင်းနေတာပဲ၊ တစ်ကေလောက်ကျယ်မယ့် ခြံမြေအလယ်မှာ သစ်သားအိမ် လေးဟာ ခပ်သေးသေးပဲ၊ ခေါင်းရင်းဘက်မှာတော့ မြေကို အကန့်လုပ်ပြီး မော်လမြိုင်ပန်းရောင်စုံနှင့် စံပယ်တွေ နှင်းဆီတွေ စိုက်ထားတယ်၊

ခြေရင်းဘက် မြေမှာတော့ ချဉ်ပေါင်နဲ့ ရုံးပတီကို အတန်းလိုက် စိုက်ထားလိုက်တာ မြိုင်နေ တာပဲ၊

အိမ်ထဲ ရောက်ရင်ပဲ မြလေးအမေ ထင်ပါရဲ့ ထွက်လာတယ်၊

သူတို့ခြံမြေလေး ပြန်ရလို့ တပ်မတော်နဲ့ အစိုးရကို ကျေးဇူးတင်တဲ့အကြောင်း၊ အိမ်ကို နည်း နည်း ပျက်စီးသွားလို့ ပြင်ရတဲ့အကြောင်းတွေကို စီကာပတ်ကုံး အေးအေးနဲ့ နွဲ့နွဲ့လေး ပြောပြတယ်၊ အဘွားကြီးရဲ့ ရုပ်ရည်က သိမ်သိမ်မွေ့မွေ့ရှိပုံရတယ်၊ စကားပြောပုံတော့ မအေနဲ့ သမီး တစ်ချိုး တည်းပဲ၊

ခဏကြာရင်ပဲ မြလေးဟာ ဆန်မှုန့်ရည်ကို ဆီနဲ့ကြော်ထားတဲ့ (မုန့်စလင်းတောင်လိုလို) ဒါပေ မင့် ဖြူနေတဲ့ မုန့်ကြော်မှာ သကြားတွေဖြူးလို့ ကော်ဖီနဲ့ ကျွန်တော်တို့စားဖို့ ယူလာတယ်၊ သူ့ အနား မှာ ထိုင်နေတဲ့အချိန်ပိုင်းလေးဟာ ရင်ထဲမှာ ပျော်သလိုလိုနဲ့ တစ်မျိုးပဲ ဖြစ်နေတော့တယ်၊

သူတို့အိမ်သားတွေ စကားပြောပုံက ကျွန်တော့်ကို အရင်က သိထားကြသလိုပဲ၊ ဖော်ဖော်

mgyoe.com

mgyoe.com

ရွှေရွှေ စကားပြောကြတယ်။ ကျွန်တော်က မြလေးဘက်ကို လှည့်ပြီး ပြတင်းပေါက်အပြင်ဘက်က မော်လမြိုင်ပန်းတွေကို ကြည့်ရတာ အမောပဲ။ ပန်းပွင့်ရောင်စုံတွေဟာလည်း နွဲ့နွဲ့ကြီး လေထဲမှာ ယိမ်းနေလိုက်ကြတာ အတော့်ကို လှတာပဲ။ မြလေးရဲ့မျက်နှာဟာ ပန်းပွင့်တွေကို နောက်ခံထားသလို ဖြစ်နေတာပေါ့။

ဒီတုန်းက ကြည်မောင်နဲ့ အဘိုးကြီး၊ အဘွားကြီးတွေ စကားပြောသမျှ ကျွန်တော်နဲ့ မြလေးက အင်းလိုက်နေကြတာပဲ။ ကြည်မောင်ဆိုတဲ့အကောင် စကားပြောကောင်းတာကတော့ မကြာခင်ပဲ အဘိုးကြီးနဲ့ အဘွားကြီးက ကျွန်တော့်ကို သူတို့အိမ်မှာပဲ အနားယူဖို့ ပြောကြတဲ့အဖြစ် ရောက်တာပါပဲ။ ကျွန်တော့်မှာတော့ မာတ်ကြိုက်နဲ့ နတ်တိုက် တွေ့သွားတာပေါ့လေ။

ဘယ်သူဟာ ဒီလိုအိမ်မျိုးမှာ မနေချင်ဘဲ ရှိမလဲ။ ပတ်ဝန်းကျင်ကလည်း အေးချမ်းတယ်၊ မြက်ခင်းလေးတွေကလည်း သာယာတယ်၊ ပြောကြတဲ့ စကားလုံးလေးတွေကလည်း ညင်သာကြတယ်။

အဘိုးကြီးများဆို စကားပြောရင် ပြုံးပြုံး ပြုံးပြုံးနဲ့ အေးအေးလေး ပြောတတ်တယ်။

သူတို့ ကျေးဇူးတွေ တွေးမိတိုင်း မမေ့ပါဘူး။ ဘဝမှာ ပတ်ကြမ်းတိုက်လာရသမျှ ဒီလို နားစရာ ရတာကိုပဲ ကျေးဇူးတင်မဆုံးပါဘူး။

သူတို့အိမ်ရောက်လို့ တစ်ပတ်လောက်ကြာရင်ပဲ ကျွန်တော်ဟာ အိမ်သားတစ်ယောက်လို ဖြစ်သွားတာပါပဲ။

အဘွားကြီးက အကျႌကော်လာပြဲနေတာတွေ၊ အနားစုတ်နေတာတွေကို သပ်သပ်ရပ်ရပ် ချုပ်ပေးတယ်။

ဘားလိုင်း တစ်လိုင်းပဲ ရသေးတဲ့ ကျွန်တော်ကလည်း ဘားတပ်တဲ့ အပေါက်လေးနှစ်ခုကို တောင် ကတ်ကျေးနဲ့ ဖောက်ထားတာကိုး။ သူတို့အိမ်ရောက်မှပဲ အဘွားက သပ်သပ်ရပ်ရပ် အပ်ချည်ကြိုးနဲ့ နှုတ်ခမ်းသတ်ပေးတယ်။

မြလေးက ကျောင်းကပြန်လာတယ်ဆို ကျွန်တော့်ခြေအိတ်အပေါက်ကလေးတွေကို သိုးမွေးချည်နဲ့ ဖာပေးတယ်။ ကျောင်းအားတဲ့နေ့ဆို မနက်စောစောထပြီး အိမ်ရှေ့က လမ်းမကြီးပေါ် လမ်းလျှောက်ခဲ့ရတာများ ပျော်စရာပဲ။

လမ်းလျှောက်ရာက ပြန်ရင် မြလေးတစ်ယောက် မီးဖိုချောင်ဝင်တော့တာပဲ။ ခြံထွက်နွားက နို့နဲ့ ကြွေကာအုတ်ကျိုပြီးသားကို မနက်စာမှာ ရောစားရတာကလည်း အရသာတစ်မျိုးပဲ။ မနက်စောစော စားပွဲမှာ အိမ်သားတွေ ဝိုင်းပြီး အငွေ့တထောင်းထောင်းနဲ့ ကော်ဖီသောက်ရတာကိုက ပျော်စရာပဲ။ 'အိမ်' ဆိုတာ ဒါပဲ ထင်ပါရဲ့။

ကျွန်တော့်ကျန်းမာရေးအတွက် အားလုံးဂရုစိုက်ကြတယ်။ မြလေးဟာ အပြင်မှာ ဖျတ်လတ် သွက်လက်သလောက် ကျွန်တော့်အိပ်ခန်းထဲ ဝင်လာရင် ဖြည်းဖြည်းလေး သွားလာတတ်တာကိုက သူနာပြုဆရာမပုံ ဖမ်းနေတာပဲ။ ကျွန်တော်ဖြင့် ကျွန်တော့်ရောဂါကို မေ့သွားတယ်။ ကျွန်တော့်ကိုယ်

mgyoe.com

mgyoe.com

ကိုလည်း 'သူစိမ်း' ဆိုတဲ့ဘဝကို မေ့သွားတော့တာပဲ။ တစ်ခါတစ်ခါ အိပ်ရာထဲမှာ ကိုယ့်ဘဝအမှန်ကို တွေးမိတော့လည်း ဝမ်းနည်းသား။

ဒီအိမ်သားတစ်ယောက်များ ဖြစ်ရရင် ကောင်းမှာပဲဆိုတဲ့အတွေးဟာလည်း အမြဲပေါ်နေတာပဲ။

မိုးတွင်းဆိုတော့ ခြံထဲမှာ စံပယ်တွေ လှိုင်နေတာပေါ့။ ညနေဘက်ရောက်ရင် မြလေးဟာ စံပယ်ရုံဘေးက ခုံတန်းမှာ ပန်းပွင့်တွေ သီနေတယ်။ သူ့ဘေးမှာထိုင်ပြီး တစ်ပွင့်ပြီး တစ်ပွင့် ကောက်ပြီး ရှုရှုလေး သီတတ်တဲ့ သူ့လက်လေးကို ကြည့်နေရတာကိုက ပျော်စရာပဲ။ အဲဒီအချိန်ဆို စံပယ်နံ့ဟာ နှစ်ယောက်စလုံးရဲ့အနားမှာ သင်းနေတာပဲ။

ချစ်ပင်ပျိုးပြီးကြတဲ့နောက်ပိုင်းမှာတော့ဖြင့် မပြောနဲ့တော့၊ ပျော်လို့ပဲ မဆုံးတော့ဘူး။ ညဥ့်ဘက် ဇီဇဝါရုံဘေးမှာများ ပန်းတွေ တစ်ပွေ့ကြီး ခူးပေးရတာတွေ။

မိုးရေစက်ကလေးတွေ တင်နေတဲ့ သစ်ရွက်ဟာ လရောင်နဲ့ တလက်လက်တောက်နေတုန်း သူ့ကို ရင်ခွင်ထဲ ပွေ့ထားခဲ့တာတွေ အားလုံးပဲ ပေါ်လာတော့တယ်။

သူတို့စေတနာတွေကိုလည်း ကျွန်တော် ချီးကျူးပါတယ်။ ဘုရားစူးရပါစေ့ တစ်လိုင်းမှ တစ်လိုင်းတည်း ဆိုတာလို ရာထူးကလည်း မက်စရာမရှိ၊ ငွေဆိုတာကလည်း ဗလာ၊ ဆွေဂုဏ် မျိုးဂုဏ် ဆိုတာလည်း နတ္ထိဖြစ်နေတဲ့ ကျွန်တော်လိုအကောင့်အပေါ်မှာ စေတနာသန့်သန့်နဲ့ ပြုစုကြတာကို ကျွန်တော် မမေ့ပါဘူး။

နောက်ပိုင်းမှာ မြလေးနဲ့ ကျွန်တော် ချစ်မိသွားတော့ဖြင့် ကျွန်တော်ဟာ ဒီအိမ်သား ဖြစ်ဖို့ သေချာသွားပြီ၊ မိန်းမယူရပေမင့် ဒီလိုအိမ်ထောင်ထဲမှာ သွားပြီးပူးပေါင်းရတာဟာ ကံကောင်းခြင်း တစ်မျိုးပဲ။

နို့မို့ရင် ထွေလာကေလာတွေ ရှုပ်တတ်တဲ့အိမ်မျိုးဆို ကျွန်တော်ကလည်း မရောတတ်ဘူး။

နောက်ပိုင်း ပြန်ရမယ့်အချိန် နီးလာလေလေ ရက်တွေကလည်း ပျော်စရာဖြစ်လာလေလေပဲ။

မိုးတွင်း ညနေမှာ မိုးသားထဲက ထွက်လာတဲ့ နေခြည်ထဲမှာ မြလေးနဲ့အတူ လမ်းလျှောက်ခဲ့ရ တာတွေကိုဖြင့် တွေးမိတိုင်း ကြည်နူးစရာပါပဲ။ ကဲ.. အတိတ်ကဖြင့် ညွတ်နူးစရာ မကောင်းဘူးလား ဗျာ။

(၃)

မြလေးနဲ့ စတွေ့တဲ့ အချိန်ပိုင်းကို ကျွန်တော့်မှာ ပြန်တွေးရင်း ပီတိဖြစ်နေလိုက်တာ သာအောင် ဘေးက ရယ်မှပဲ အခုဟာ အင်းစိန်မဟုတ်ဘူး ကွတ်ခိုင်ကွ ကွတ်ခိုင်လို့ သတိထားလိုက်ရတယ်။

"ဗိုလ်ကြီး.. မျက်လုံးစုံမှိတ်ပြီး ဘာများ တွေးပြုံးနေတာလဲ"

ကျွန်တော်လည်း သတိရပြီး ထထိုင်မိတယ်။ သာအောင်လည်း မအိပ်သေးဘူး။ ခေါင်းရင်းက နာရီဟာလည်း ၁၁ နာရီ ထိုးနေပြီ။

တဲပြတင်းပေါက်ကနေပြီး အပြင်ကို ကြည့်မိတယ်။ နှင်းထုဟာ ပိတ်ပြီးမှိုင်းနေတာပဲ၊ လရောင် ထဲမှာဖြင့် နှင်းဖတ်တွေဟာ လွင့်နေတော့တယ်။

mgyoe.com

mgyoe.com

"သာအောင် အိပ်တော့လေကွာ၊ ငါလဲ အိပ်မယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ နက်ဖြန် ကျွန်တော်တို့တပ်ခွဲ နားနေရတုန်း သိန္နီသွားပြီး ရေပူစမ်းမှာ ရေသွားချိုးရအောင်၊ ဗိုလ်ကြီးခွင့်ပြုရင် သွားချင်တယ်"

"အေးပေ့ ဟုတ်သားပဲ၊ ငါလဲ လိုက်မယ်ကွာ၊ မင်းကောင်တွေ ပြောထားလိုက်ပေ့"

လူသူနှင့် ဝေးရံမက ထိုမျှဆိုးရွားသော ရာသီဥတုဒဏ်ကို ခံနေရသော အချိန်ပိုင်းမှာ ရဲဘော်တွေထက် သနားစရာကောင်းတဲ့လူဟာ မရှိတော့ဘူးလို့ ကျွန်တော်ထင်မိတယ်ဗျာ။

သူတို့စိတ်ဓာတ် မပျက်အောင် ကစားနည်းမျိုးစုံနဲ့ စိတ်ဖြေပေးရတာပဲ။ ခုတစ်ပတ်တော့ ရေပူစမ်း သွားရရင် တော်တော်ပျော်စရာကောင်းမှာပဲ။

ကျွန်တော် အိပ်ရာထဲကွေးရင်း ကျွန်တော့်ချစ်ဇနီးဟာ ဘယ်လိုဖြစ်ပြီး ဖောက်ပြန်ပြောင်းလဲရပါလိမ့်လို့ တွေးနေရင်းပဲ အိပ်ပျော်သွားတယ်။

✳

မနက်မှာ နှင်းမကွဲခင်ဘဲ သိန္နီဘက်ကို ထွက်လာခဲ့ကြတယ်။ သိန္နီဟိုဘက် နည်းနည်းတိုးသွားရင် ရေပူစမ်းကို ရောက်တာပဲ။

ရေပူစမ်းဟာ ဂျပန်တွေ ပြင်သွားလို့ တော်တော်လေး သပ်ရပ်တယ်။ ဘေးမှာလည်း သစ်ပင်တွေဟာ အရိပ်တော်တော်ကောင်းတယ်၊ သဇင်နံ့ ထင်းရှူးရနံ့ဟာ လေထဲမှာ ရောနေတာပဲ။

ရေပူစမ်းဟာ တခြားစမ်းတွေလို ကန့်သိပ်မပါတော့ နံလည်းမနံဘူး၊ တော်တော်လေး ကြည်လင်တယ်။

ချိုးရတာဟာ ဆောင်းတွင်းမနက်ဆိုတော့ ရေက နွေးနွေးနဲ့ တော်တော်ဖိမ်ကျတာပဲ။ ရေချိုးပြီး သစ်ပင်ရိပ်မှာ ထမင်းစားကြရင်း ရဲဘော်တွေဟာ တစ်ယောက်တစ်ပေါက် ပြောချင်ရာ ပြောနေကြတာပဲ။

ရဲဘော်တွေ ကြည့်နေရင်း ကျွန်တော့်ရဲ့ဖူးစာကံကို ဖန်တီးခဲ့တဲ့ ရဲဘော်ကြည်မောင်ကို သွားပြီး သတိရလာပြန်တယ်။

ကောင်လေးမရှိရှာတော့ဘူးခင်ဗျာ.. ကျွန်တော် ကယားတပ်ရင်း(၁) ကို မပြောင်းခင် တပ်ရင်း (၅) မှာတုန်းက သထုံ ဇာသပြင်တိုက်ပွဲမှာ ကျဆုံးသွားရှာတယ်။

အခုပျော်ပျော်ပါးပါးမြင်နေရတဲ့ ကျွန်တော့်ရဲဘော်အားလုံး ဘေးကင်းပါစေ၊ အသက်ရှည်ပါစေလို့ စိတ်ထဲက ဆုတောင်းမိတယ်။

ကြည်မောင်ကျဆုံးပုံဟာ အသည်းနာစရာကောင်းလိုက်တာ။

✳

အဲဒီတုန်းက သထုံတစ်ပိုက်မှာ ကရင်နဲ့ မွန် သောင်းကျန်းသူတွေဟာ ပူးပေါင်းပြီး တော်တော်သောင်းကျန်းထကြွတဲ့အချိန်ပဲ။

mgyoe.com

mgyoe.com

ကျွန်တော်တို့တပ်စုကလည်း အဲဒီဘက်မှာ တိုက်ဖို့ တာဝန်ကျတယ်။

သောင်းကျန်းသူတွေဟာ ကျွန်တော်တို့စခန်းကို ညဘက် ဝင်စီးဖို့အစီအစဉ်လုပ်ထားတယ်ဆို တာ ကြိုတင်သတင်းရထားပြီးသားပဲ။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မြေမြှုပ်ဗုံးတွေ ချပြီး ကျွန်တော် တို့ဟာ သတိနဲ့ နေကြတယ်။

ညဘက်ကို ရောက်လာတယ်ဆို ကျွန်တော်တို့ အသင့်ပြင်ထားကြတာပဲ။

ဒီညဟာ လသာတော့ ရန်သူဟာ လဝင်ချိန်လောက်မှာမှ ကျွန်တော်တို့ကိုဝင်စီးမလားမသိဘူး။

ကျွန်တော်တို့တပ်ခွဲတစ်ခုလုံး ရန်သူ့အရိပ်အခြည်ကို အကဲခတ်နေကြတာပဲ။

ကောင်းကင်ပြာမှာ လဝန်းဟာလည်း တရိပ်ရိပ်ရွေ့လျားနေတယ်။

ညဦးလေကလည်း အေးစိမ့်စိမ့်နဲ့ ဖြည်းဖြည်းတိုက်နေတယ်။ ညငှက်လေးတွေရဲ့ အော်သံဟာ ဒီနေရာသာ စစ်မြေပြင်တစ်ခု မဖြစ်ခဲ့ရင် အင်မတန် နှစ်သိမ့်ကြည်နူးစရာကောင်းအောင်ကို သာယာ မယ့် နေရာပေါ့။

ခုတော့ ကဗျာမဆန်နိုင်ဘဲ သတိကို အမြဲထားနေရတာပဲ။ ဒါပေမင့် ကျွန်တော်ဟာ သစ်ပင် တန်းပေါ်ကို မြင့်တက်လာတဲ့ လဝန်းကို ငေးနေတုန်း လဝန်းရိပ်မှာ အရိပ်တစ်ခုဟာ ထင်လာတယ်။

လဝန်းကို နောက်ခံထားပြီး ထင်းထင်းကြီးပေါ်လာတဲ့ စစ်သားရိပ်ဟာ ကျွန်တော့်တစ်သက်တာ မမေ့နိုင်တဲ့ ပန်းချီကားချပ်ကြီးပဲ။

ဒါပေမင့် 'ဒိန်း' ဆို ပေါ်လာတဲ့ သေနတ်သံနဲ့အတူ မြင်ရတဲ့ စစ်သားရဲ့ပုံဟာ လဲကျသွားတယ်၊ တိုက်ပွဲဟာ စ လာပါပြီ။

စောစောက မြင်နေရတဲ့ ကြည်နူးစရာမြင်ကွင်းတွေဟာ ဘာမှမရှိတော့ဘူး။ ကျွန်တော်တို့ ချ ထားတဲ့ မြေမြှုပ်ဗုံးတွေကလည်း ပေါက်ကွဲကုန်တော့ တဒိန်းဒိန်းနဲ့ အသံတွေဟာပဲ့တင်ထပ်နေတာပဲ။ ရန်သူတွေဟာ အတုံးအရုံးကျဆုံးပြီး မကြာခင်ဘဲ ဆုတ်ခွာသွားကြတယ်။ သူတို့အင်အား ၃၀၀ လောက်မှာ ၅၀ လောက် ကျသွားတယ်။

အရုဏ်မှာ လင်းရောင်ခြည်သန်းလာရင်ပဲ ရန်သူတွေလည်း ကင်းရှင်းသွားတော့ ကျွန်တော် လည်း တပ်ခွဲတစ်ခုလုံးကို လိုက်စစ်ရတယ်။

ညဦးလယ်က လဝန်းမှာ အရိပ်ထင်ရင်း လဲသွားတဲ့စစ်သားဟာ ကျွန်တော့်ရဲဘော် ကြည်မောင် ပါပဲဗျာ။

ကျွန်တော် သူ့ကို ပွေ့ထားရင်း သူ့နဖူးကို သပ်ပေးမိတယ်။

"ဗိုလ်ကြီး... ညက ကျွန်တော်ဟာ ကင်းစောင့်ရင်း သဘာဝမှာ စိတ်ဝင်စားပြီး ကြည်နူးမိတယ်၊ လကလဲ သာလိုက်တာ၊ ပတ်ဝန်းကျင်ကလဲ လှလွန်းလို့ ကျွန်တော် လရောင်ဘက်ကို ထွက်လိုက်မိ တာ ရန်သူ့လက်ချက် ဦးသွားတာပဲ၊ ဗိုလ်ကြီး ကျွန်တော့်ကို ခွင့်လွှတ်ပါနော်" တဲ့။

အမှန်တော့ ရဲဘော်ဟာ စစ်ဗိုလ်အဖို့ သားကောင်းတစ်ယောက်ပဲ၊ ကျွန်တော့်မှာ သူ့ဒဏ်ရာကို ကြည့်ပြီး ရင်ထဲမှာ မသက်သာလိုက်တာ။ သူ့ကို ဆေးထည့်ဖို့ ရဲဘော်တွေကို ပြင် ဆင်ခိုင်းရတယ်။

mgyoe.com